# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၄၅ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၃-၁၁-၂၀၁၁)

**အချိန် ၊၁၁း ၀၈။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၅ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၅ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၂၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့စတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(တပ်ကုန်းမဲဆန္ဒနယ်)** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၅ ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားလာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးရဲ့ အမည်စာရင်းကို ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ တပ်ကုန်းမဲဆန္ဒနယ်မှ စုစည်းတင်ပြမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၁၀ ဦးကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်ထွန်းသာသည် ကျန်းမာရေးမကောင်း သဖြင့် ယနေ့ ၃-၁၁-၂၀၁၁ ရက်နေ့ ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန်

ဟူ၍လည်းကောင်း၊ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်သည် မိသားစု ကိစ္စများကို မလွှဲမသွေဆောင်ရွက်ရန်ရှိသည့်အတွက် ယနေ့ ၃-၁၁-၂၀၁၁ မှ ၄-၁၁-၂၀၁၁ ရက်နေ့ အထိ ခွင့်နှစ်ရက်သတ်မှတ်ပေးပါရန်ဟူ၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းသည် သည်းခြေကျောက်ကပ်ရောဂါကုသနေရသဖြင့် နိုဝင်ဘာလ ၃ ရက်နှင့် မနက်ဖြန် ၄ ရက် စုစုပေါင်း နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန်ဟူ၍လည်းကောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်သည် အရေးကြီးကိစ္စများဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက် ခွင့်နှစ်ရက်ပေးပါ ရန်ဟူ၍လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေသည် မိသားစုကိစ္စများမလွှဲမသွေ ဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၃ ရက်မှ ၁၁ ရက် အထိ စုစုပေါင်းခွင့် ၉ ရက် ခွင့်ပြုပေးပါရန် ဟူ၍လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းသည် မိသားစုကျန်းမာရေးကိစ္စများကို မလွှဲမသွေ ဆောင်ရွက်ရန်ရှိပါသဖြင့် နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက် စုစုပေါင်းနှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးရန်ဟူ၍လည်းကောင်း၊ မန္တလေးတိုင်း၊ တောင်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းသည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိသည့်အတွက် ယနေ့ နိုဝင်ဘာလ ၃ ရက်နှင့် မနက်ဖြန် နိုဝင်ဘာလ ၄ ရက် စုစုပေါင်း ခွင့်နှစ်ရက် သတ်မှတ်ပေးပါရန်ဟူ၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယနေ့ နိုဝင်ဘာလ ၃ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေး ပါရန်ဟူ၍လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဝင်းသည် ကျန်းမာရေး မကောင်းပါသဖြင့် နိုဝင်ဘာလ ၃ ရက် ယနေ့တစ်ရက်အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဟူ၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းသည် ကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စရှိပါသဖြင့် ယနေ့ နိုဝင်ဘာလ ၃ ရက်နှင့် မနက်ဖြန် နိုဝင်ဘာလ ၄ ရက် စုစုပေါင်းနှစ်ရက်အား ခွင့်သတ်မှတ်ပေးပါရန်ဟူ၍လည်းကောင်း၊ စုစုပေါင်း ၁၀ယောက်မှ ကိုယ်စားလှယ် ၁၀ ဦးမှ ခွင့်ပြု ပေးပါရန် အသီးသီးတင်ပြလာပြီးဖြစ်သဖြင့် ကျွန်တော်ယခုတင်ပြသော ၁၀ ဦးအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အတိုင်း ဆက်လက်မသွားမီ လွှတ်တော်ဥက္ကဋ္ဌမိမိထံကို လွှတ်တော်ကိုယ်စားလှယ်တချို့က စာရေးတင်ပြထားတာရှိပါတယ်။ ဒါကို ကျွန်တော်လွှတ်တော်ကို တင်ပြပါမယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့တွင် ဥက္ကဋ္ဌကြီး၏မိန့်ကြားချက်အရ နိုင်ငံတော်သမ္မတ၏ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသသို့သွားရောက်သည့် ခရီးစဉ်တွင် ရေဘေးသင့်ပြည်သူများအပေါ် စာနာထောက်ထားသည့်အနေဖြင့် အခက်အခဲများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် သဘောတူဆုံးဖြတ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်ကို စုစုပေါင်း ငွေကျပ် ၃၉.၅ သိန်း ကူညီလှူဒါန်းခဲ့ခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အထူးဝမ်းမြောက်စွာ ထောက်ခံကြပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ အမြော်အမြင်ကြီးမားမှုနှင့် စေတနာကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏အရေးပေါ်လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ကူညီနိုင်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် စည်းလုံးညီညွတ်မှုကို ပြသနိုင်ခြင်းကို များစွာဂုဏ်ယူကြပါသည်။ အထူးတင်ပြလိုသည်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပုထုဇဉ်လူသားဖြစ်သည့်အတွက် လောကဓံတရား၏ စီစဉ်မှုအတိုင်း အို၊ နာ၊ သေ၊ ရေး ဒုက္ခဘေးကို ခံစားကြရမည်မှာ ဓမ္မတာသဘောတရားများဖြစ်ပါသည်။ ၁၇-၈-၂၀၁၁ ရက်နေ့တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားသော ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းတင်အတွက်လည်း အထူးဝမ်းနည်းစွာစိတ်မကောင်းဖြစ်ကြရပါသည်။ ဦးဝင်းတင်လွယ်လွန်ခြင်းမှစ၍ ကိုယ်စားလှယ်တစ်ဦးတစ်ယောက်လွှတ်တော်သက်တမ်းအတွင်း ကွယ်လွန်ခဲ့ပါက ပြည်သူ့လွှတ်တော်

မှလူမှုရေးကူညီထောက်ပံ့ပေးနိုင်ရန် တစ်နေ့စာနေ့တွက်စရိတ်ကို စုပေါင်းကာကူညီကြရန် သဘောတူခဲ့ကြပါသည်။ ကိုယ်စားလှယ်များတွင်လည်း ချမ်းသာသောအလွှာ၊ အလတ်စားအလွှာ၊ သင့်တင့်သောအလွှာစသည်ဖြင့် အလွှာသုံးမျိုးရှိကြပါသည်။ ကူညီထောက်ပံ့ငွေများကို ချမ်းသာသောအလွှာမှ သုံးစွဲမည်မဟုတ်ဘဲ သာသနာရေးကိစ္စများ၊ ကျန်းမာရေးကိစ္စများ၊ ပညာရေးနှင့် လူမှုရေးကိစ္စများကိုသာ ပြန်လည်သုံးစွဲကြရမည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းကူညီငွေသည် လွှတ်တော်နှင့်ကိုယ်စားလှယ်၏ ဂုဏ်သတင်းပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ အလတ်စားအလွှာသည် လိုအပ်သလိုသုံးစွဲမည်ဖြစ်သော်လည်း သင့်တင့်သောအလွှာကိုယ်စားလှယ်များ၏ ကျန်ရစ်သူမိသားစုများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ စုပေါင်းထောက်ပံ့ကူညီငွေသည် တစ်စုံတစ်ခုသောအားပေးကူညီထောက်ပံ့မှုများ ဖြစ်စေနိုင်ပါသည်။ ဤကဲ့သို့ စုပေါင်းထောက်ပံ့ကူညီပေးမှုကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ စာနာမှု၊ ဂရုဏာတရားကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ မေတ္တာတရားကိုအခြေခံ၍ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ကျူးရာရောက်သဖြင့် ပြည်သူ့လွှတ်တော်ဂုဏ်သတင်းကို ပြည်သူများအတွင်းတွင် ပိုမိုထင်ရှားလင်းလက်တောက်ပြောင်စေမည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ သို့ပါ၍ ဤကိစ္စမျိုးပေါ်ပေါက်လာပါက ကိုယ်စားလှယ်များ၏တစ်ရက်စာနေ့တွက်အတွက်စရိတ်ကို ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ကျန်ရစ်သူမိသားစုများထံသို့ ပေးပို့ကူညီရာတွင် ပြည်သူ့လွှတ်တော်၏ ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့်အတူ ပေးပို့ကူညီနိုင်ပါရန်နှင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ တစ်ညီတစ်ညွတ်တည်း သဘောတူညီစွာ တင်ပြအပ်ပါသည်။ အားလုံးလက်မှတ်ရေးထိုးတင်ပြသူ ၁၈ ဦးဖြစ်ပါတယ်။ နာမည်တွေကိုတော့ ကျွန်တော်ဖတ်ကြားတင်ပြခြင်းမပြုတော့ပါဘူး။ ဒီလိုကျွန်တော့်ကို တင်ပြတဲ့အတွက် အင်မတန်မှကျေးဇူးတင်ပါတယ်။ တစ်ခါတစ်ခါမှာတော့ ကျွန်တော်တို့တွေဟာ စေတနာရှိသော်လည်း အကြောင်းတစ်ခုခုကြောင့် မစဉ်းစားဘဲ လစ်ဟင်းသွားတာလည်းရှိနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ အခုကဲ့သို့ စေတနာ၊ မေတ္တာထားပြီးတော့ တင်ပြတဲ့အတွက် ကျွန်တော့်အနေနဲ့တော့ အထူးကျေးဇူးတင်ပါတယ်။ ထိုနည်းတူစွာပဲ တင်ပြချက်များဟာ အင်မတန်ကောင်းမွန်ပြီး လွှတ်တော်အတွက်ကော၊ လွှတ်တော်ကိုယ်စားလှယ်များအတွက်ကော ဆောင်ရွက်သင့်တဲ့ ကိစ္စဖြစ်တဲ့အတွက် လွှတ်တော်ကိုတင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့လည်း အခုလိုတင်ပြချက်ကို သဘောတူမယ်လို့ယူဆပါတယ်။ တကယ်လို့သဘောမတူသူများရှိမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ဆီကို သီးခြားသာလာတင်ပြပေးပါ။ ဒါတော့ကျွန်တော်တို့လွှတ်တော် ပုံမှန်တရားဝင်အစည်းအဝေးမဟုတ်ဘဲနဲ့ သက်သာချောင်ချိရေးနဲ့ စိတ်ဓာတ်မြင့်မားရေးအတွက် ကူညီဆောင်ရွက်တဲ့

ကိစ္စကိုလည်း ကိုယ်စားလှယ်များအားလုံးသိရှိနိုင်အောင် ဒီမှာတင်ပြခြင်းဖြစ်ပါတယ်။ နောင်လည်း ကျွန်တော်တို့တစ်တွေ ပုထုဇဥ်များဖြစ်တဲ့အတွက် လိုအပ်ချက်များ ရှိနေအုံးမှာဖြစ်ပါတယ်။ အဲလိုရှိလို့ ရှိရင်လည်း အခုလိုပဲ ပွင့်ပွင့်လင်းလင်းတင်ပြခြင်းဖြင့် အများအတွက်၊ နိုင်ငံ့အတွက် အကျိုးရှိမှာ ဖြစ်ကြောင်းလည်း ထပ်လောင်းတင်ပြချင်ပါတယ်။ အခုကျွန်တော်တို့လွှတ်တော်ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှာစတင်ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ်များကတော့ ၂၂ ရက်နေ့မတိုင်ခင် ၁၉၊ ၁၈ လောက်ကစပြီးရောက်ခဲ့တာဖြစ်တဲ့အတွက် ဒီတစ်ပတ်လွှတ်တော်ရဲ့သက်တမ်းဟာ ၂ လခွဲရှိပြီ ဖြစ်ပါတယ်။ ဒီကြားထဲမှာလည်း ကျွန်တော်တို့ အရေးကြီးဥပဒေကြမ်းများကို ပြီးစီးအောင်ဆောင်ရွက် ရမှာဖြစ်တဲ့အတွက် အဓိကအရေးကြီးဥပဒေကြမ်းများအနက် ဒီနေ့ဆွေးနွေးမယ့်ဥပဒေကြမ်းများဟာ ကျွန်တော်တို့အလျင်အမြန်နှင့် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြမယ့်ဥပဒေကြမ်းများဖြစ်တဲ့ အတွက် အချိန်ကာလကိုကော၊ ဥပဒေကြမ်းမှာပါတဲ့အချက်အလက်တွေကိုကော မှန်မှန်နှင့်မြန်မြန် ပြီးသွားစေချင်ပါတယ်။ ဒီနေ့ပြီးမှသာ ဒီဥပဒေကြမ်းများထဲက လွှတ်တော်နှစ်ခုအကြား သဘောထား ကွဲလွဲမှုများရှိတယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်ကိုတင်ပြမယ် ဆိုလို့ရှိရင်လည်း သူ့လုပ်ထုံးလုပ်နည်းအရဆိုလို့ရှိရင် နောက်တစ်ပတ် အတွင်းမှာမှ ပြီးနိုင်မယ့်အနေအထားဖြစ်ပါတယ်။ ဒါတောင်ကျွန်တော်တို့ရဲ့ဆွေးနွေးချက်က ဒီနေ့ အတည်ဖြစ်မှာဖြစ်ပါတယ်။ အတည်မဖြစ်ဘူးဆိုလို့ရှိရင် ဒီထက်အချိန်ပိုပြီးကြာသွားတဲ့အခါမှာ နောင်တစ်ပတ်မှာလည်း ရုံးပိတ်ရက်များရှိတဲ့အတွက် နောင်တစ်ပတ်ပြီး နောင်တစ်ပတ်ကိုလည်း ရောက်သွားနိုင်တဲ့အတွက် ဒီအခြေအနေကိုလည်း ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း မနက်ကတော့ အသိပေးပြီးတော့ ကျွန်တော်တို့ဘက်က ဆောင်ရွက်သင့်တာတွေ ဆောင်ရွက်မယ်ဆိုတဲ့ အကြောင်းလည်း ပြောပြီးဖြစ်ပါတယ်။ တစ်ခါဒီလွှတ်တော်ရဲ့ အစည်းအဝေးလုပ်တဲ့အချိန်မှာ တစ်ရက်စာအသုံးစရိတ်က တစ်ရက်ကို အနိမ့်ဆုံးဈေးနဲ့တွက်ထားတာပါ။ သိန်း ၁၃၀ ရှိပါတယ်။ အင်မတန်မှ များပြားတဲ့ငွေတွေကို ကျွန်တော်တို့လွှတ်တော်ကာလအတွင်းမှာ သုံးစွဲနေရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်ကိုလည်း ကျွန်တော်တို့က လေးစားသောအားဖြင့် ဒီလွှတ်တော် အစည်းအဝေးအချိန်မှာ လိုအပ်ချက်များကိုသာ အဓိကထားတင်ပြဖို့လည်း ပန်ကြားခဲ့တာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီနေ့လွှတ်တော်အစည်းအဝေးကို ၁၀ နာရီအချိန်မှာကျင်းပမယ်လို့ ကြေညာထား သော်လည်း လွှတ်တော်ရေးရာနဲ့ ဥပဒေရေးရာကိစ္စများအတွက် ကျွန်တော်တို့ဆွေးနွေးနေတဲ့အတွက် အခုကျင်းပတဲ့အချိန်မှာပဲ ကျင်းပနိုင်ခြင်းဖြစ်ပါတယ်။ မနေ့ကလည်း ဒီနေ့ပြုလုပ်မယ့် ဥပဒေကြမ်း ကိစ္စများအတွက် ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်သူများဆွေးနွေးတဲ့နေရာမှာ ညနေ ၅ နာရီသာသာ

မှာ ပြီးတယ်လို့သိရပါတယ်။ အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများမှ ရလာဒ်ကောင်းများလည်း ရခဲ့တာရှိပါတယ်။ ဒါကိုလည်း လွှတ်တော်အနေနဲ့ နားလည်ပေးနိုင်အောင် တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နို၀င်ဘာလ ၁ ရက်နေ့မှာ ပြည်သူ့လွှတ်တော်မှာ အစည်းအဝေးပြုလုပ်ပြီးတဲ့အခါမှာ အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် အမျိုးသားလွှတ်တော်က မနေ့ကပြုလုပ်ခဲ့ပါတယ်။ ၂-၁၁-၂၀၁၁ ရက်နေ့ ၂၀း၀၀ နာရီအချိန်မှာတော့ မြန်မာ့ရုပ်မြင်သံကြား MRTV မှာ ကြေညာသွားတဲ့အခါမှာ တွေ့မြင်ကြားသိရ ပါတယ်။ မိမိတို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ Reciprocal Control, Check & Balance အချင်းချင်းအပြန် အလှန်ထိန်းကျောင်းရေး၊ ပြုလုပ်နိုင်ရေးတွင် လွှတ်တော်အချင်းချင်းဆောင်ရွက်နိုင်ဖို့အတွက် အဆင့်အတန်းနဲ့ အခွင့်အာဏာတူတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ ပါဝင်ပါတယ်။ ဒီလွှတ်တော်နှစ်ရပ်ကြား အမြင်မတူသူ၊ သဘောထားကွဲပြားမှုများလည်းရှိမှ သဘာဝကျပါတယ်။ ထိုအမြင်မညီမှု၊ သဘောထားမညီမျှမှုများရှိကပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူကြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ ၂၈-၁၀-၂၀၁၁ ရက်နေ့ အစည်းအဝေးကျင်းပပြီးတဲ့နောက်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများနဲ့ ဖြစ်စဉ်များဟာ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ ပြည်ထောင်စုလွှတ်တော်နာယကအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာကိုထိခိုက်တယ်ဟု မိမိမယူဆပါ။ ဂုဏ်သိက္ခာများပင် ပိုမိုကောင်းမွန်လာသည်ဟုယူဆပါတယ်။ ယခုလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်အသီးသီး ပြောဆိုဆွေးနွေးမှုများဟာလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မှန်ကန်စွာ လေးစားလိုက်နာကြရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်နေခြင်းဖြစ်တယ်လို့ မှတ်ယူပါတယ်။ ပြန်ပြီးတော့အချုပ်တင်ပြရမယ်ဆိုရင် ပြည်ထောင်စုလွှတ်တော် ၂၈-၁၀-၂၀၁၁ ရက်နေ့ ကျင်းပပြီးနောက် ဖြစ်ပေါ်လာတဲ့ လွှတ်တော်အတွင်းဖြစ်စဉ်များ၊ ဖြစ်ရပ်များသည် ဂုဏ်သိက္ခာ၊ တစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ၊ လွှတ်တော်များရဲ့ ဂုဏ်သိက္ခာနိမ့်ကျရေးအတွက် ဆောင်ရွက်တာ မဟုတ်ဘဲနဲ့ လွှတ်တော်များရဲ့ဂုဏ်သိက္ခာ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ဂုဏ်သိက္ခာ၊ လွှတ်တော်ဥက္ကဋ္ဌများနဲ့ နာယကရဲ့ဂုဏ်သိက္ခာ မြင့်မားရေးအတွက် ဆောင်ရွက်နေတယ်လို့ပဲ ယူဆရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကို ပြန်ကြည့်မယ်ဆိုရင် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ Check and Balance Reciprocal Control ဟာ ကျွန်တော်တို့ နိုင်ငံမှာတကယ်ကျင့်သုံးနေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ မဆောင်ရွက်နိုင်သေးဘူးလို့ အခြားအခြားသော အဖွဲ့အစည်းများက မည်သို့ပင်ပြောစေ ကျွန်တော်တို့ဆီမှာတော့ ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပြီဆိုတာကို ကြည့်မြင်ခြင်း

အားဖြင့် ကျွန်တော်တို့လွှတ်တော်ရဲ့ ဂုဏ်သိက္ခာ Integrity များဟာလည်း မြင့်မားနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၈-၁၀-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက် အပေါ် ဖြစ်ပေါ်ခဲ့တဲ့လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြောဆိုဆွေးနွေး ဆောင်ရွက်နေမှု များ ဟာ လွှတ်တော်များရဲ့ဂုဏ်သိက္ခာ၊ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာ၊ လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်နာယကများရဲ့ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဆောင်ရွက်နေတာ ဖြစ်တယ်လို့ဘဲ မိမိဒီလိုဘဲ ယုံကြည်ပါတယ်။ ဒီလို ယုံကြည်တာနှင့်အတူ မိမိတို့တွေသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်သွားဖို့သာရှိပါတယ်။ ဒီအပေါ်မှာမူတည်ပြီးတော့ တချို့ချို့ အမိပ္ပာယ်ကောက်မှားပြီး ပြောဆိုနေမှုများရှိတယ်။ ဆိုလို့ရှိရင်လည်း တကယ်တန်းကျတော့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် သဘောထားတွေ ကွဲနေပြီဆိုတဲ့နေရာမှာ အမြင်မတူတာ တော့ ရှိရင်ရှိမယ်။ သို့ရာတွင် ရန်ဖြစ်နေတာတော့ မဟုတ်ပါဘူးဆိုတာကို အားလုံးနားလည်ဖို့ လိုပါတယ်။ ဒီအကြောင်းကို ဒီနေ့ ပြည်ထောင်စုဝန်ကြီးတစ်ပါးတော့ ကျွန်တော်တို့ လွှတ်တော်အတွင်း မှာ ဒီလိုစေတနာနဲ့ ဒီလိုဆန္ဒနဲ့လုပ်နေတဲ့ ဒါပြည်ထောင်စုအစိုးရရဲ့ကိုယ်စားကြားသိနိုင်မှာ ဖြစ်ပါတယ်။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ် အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်း မှုများပျက်ပြားပြီး၊ စစ်ဘေး၊ စစ်ဒဏ်မှတိမ်းရှောင်နေရသော ပြည်သူများ မိမိတို့နေရပ်သို့ အခြေပြု ရောက်ရှိနေထိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အပြန်အလှန် ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ရေး အတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်းအဆို တင်သွင်းဖို့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)။** ။ လေးစားအားထားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများအားလုံး မင်္ဂလာရက်မြတ်ပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ကျွန်မအနေနဲ့ "ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှ တိမ်းရှောင်နေရတဲ့ ပြည်သူများ၊ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြုရောက်ရှိ နေထိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေး

အတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်း” အဆိုကို ကချင်ပြည်နယ်သူ၊ ပြည်နယ်သားအားလုံးနှင့် ကချင်ပြည်နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့တန်ဖိုးရှိတဲ့အချိန်မှာ ဒီအဆိုကို တင်သွင်းခွင့်ပြုပေးတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြား လိုပါတယ်။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ ငြိမ်းချမ်းရေးကို လူသားတိုင်းလိုလားနှစ်သက်ကြပါတယ်။ ယနေ့ ကျွန်မတို့နိုင်ငံမှာဆိုရင် တည်ငြိမ်အေးချမ်းမှုဟာ အထူးပင် လိုအပ်လျှက်ရှိပါတယ်။ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးဟာ အမြဲဒွန်တွဲလျက်ရှိနေပါတယ်။ တည်ငြိမ်ငြိမ်းချမ်းမှုကင်းမဲ့နေရင် ဒီမိုကရေစီ အရေးကို အကောင်အထည်ဖော်နိုင်မှာ မဟုတ်ပါဘူး။ ယခုအခါ ကျွန်မတို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို စတင်မွေးဖွားခြင်းနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုများဟာလည်း ထပ်ချပ်မကွာ လိုက်ပါလာနေပြီဖြစ်ပါတယ်။ တည်ငြိမ်ငြိမ်းချမ်းမှုမရှိဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ယခင်တပ်မတော်အစိုးရက တည်ငြိမ်အေးချမ်းမှုနှင့် ပတ်သက်ပြီး ကြိုးပမ်းတည်ဆောက် ခဲ့တဲ့အတွက် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက် ခဲ့ကြပါတယ်။ ဒါကြောင့်လည်း နယ်စပ်ဒေသများမှာ ခေတ်မီမြို့ပြအင်္ဂါရပ်များနဲ့အညီ စည်ပင်ဖွံ့ဖြိုး လာတာကိုလည်း တွေ့မြင်နေရပါတယ်။ မိမိတို့တိုင်းရင်းသားပြည်သူများဟာ တည်ငြိမ်အေးချမ်းမှုကို ခုံမင်နှစ်သက်ကြသူများ ဖြစ်ပါတယ်။ မိမိတို့ရဲ့ပင်ကိုယ်စိတ်သည်ပင်လျှင် အေးအေးချမ်းချမ်းနဲ့ နေထိုင်စားသောက်လိုစိတ်၊ လွတ်လပ်စွာ၊ အေးချမ်းစွာနဲ့ လူမှုစီးပွားဘဝရှာဖွေလုပ်ကိုင်လိုစိတ်တို့နဲ့ ကြည်နူးချမ်းမြေ့နေကြသူများဖြစ်ပါတယ်။ မတည်ငြိမ်တဲ့ဘဝ၊ မငြိမ်းချမ်းသည့်ဘဝကို စက်ဆုပ်ကြ ပါတယ်။ မည်သည့်တိုင်းရင်းသားလူမျိုးမဆို သေနတ်သံ၊ ဗုံးသံများကို မကြားလိုကြပါ။ ချိုးကူသံ၊ ငြိမ်းချမ်းရေးအသံများကိုသာ ကြားလိုမြင်လိုခံစားလိုကြတယ်။ တစ်နည်းအားဖြင့် မည်သူမဆိုငြိမ်းချမ်း မှုဖြင့် လျှောက်လှမ်းလိုကြပြီး စစ်နှင့်သွေးထွက်သံယိုမှုများကို လုံးဝမလိုလားကြပါဘူး။

လေးစားရပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ မကြာသေးမီက မိမိတို့ကချင်ပြည်နယ်မှာ သေနတ်သံ၊ ဗုံးသံ၊ မိုင်းကွဲသံများကို ပြန်လည်ကြားနေကြရပါတယ်။ အဲ့ဒီလက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများဟာ စိတ်မချမ်းမြေ့မှုများနဲ့ စိုးရိမ်ထိတ်လန့်မှုများ ကြီးမားစွာခံစားရလျက်ရှိနေကြပါတယ်။ မတည်ငြိမ်မှု များက လွန်ခဲ့တဲ့ဇွန်လက စတင်ဖြစ်ပွားခဲ့ပါတယ်။ အဲ့ဒီတစ်ချိန်က စပါးစိုက်တဲ့ကာလဖြစ်တဲ့အတွက် တချို့ဒေသတွေမှာ စစ်ဘေးကြောင့် စပါးမစိုက်ပျိုးနိုင်တဲ့ဒေသများစွာ ရှိခဲ့ပါတယ်။ လယ်သမားများ

ဟာလည်း လယ်မစိုက်နိုင်ဘဲ စစ်ဘေးကင်းဝေးရာသို့ တိမ်းရှောင်နေခဲ့ကြရပါတယ်။ စပါးစိုက်ပြီးတဲ့ လယ်တွေဟာ အခုချိန်မှာ ရိတ်သိမ်းချိန်ရောက်နေပြီ ဖြစ်ပါတယ်။ ဒါပေမယ့် လုံခြုံရေးအရ သွားလာခွင့်ပိတ်ပင်ထားတဲ့အတွက် ရင့်မှည့်နေတဲ့စပါးများကို မရိတ်သိမ်းနိုင်ဖြစ်နေရပါတယ်။ ဒေသတွင်းတပ်မတော်နှင့် ကေအိုင်အေတပ်ဖွဲ့တို့အကြား တင်းမာနေသောလက်နက်ကိုင် ပဋိပက္ခများကြောင့် ကချင်ပြည်နယ်မှာ အိမ်ထောင်စုပေါင်း ၂၀၂၆ စု၊ လူဦးရေပေါင်း ၇၉၂၉ ဦးတို့ဟာ ကယ်ဆယ်ရေးစခန်းပေါင်း ၄၁ ခုမှာ ခိုလှုံနေကြရပါတယ်။ မိမိတို့ဆွေမျိုးများရဲ့နေအိမ်များမှာ ခိုလှုံနေကြရသူများလည်း များစွာရှိကြောင်း တင်ပြလိုပါတယ်။ စစ်ဘေးသင့်ဒေသများမှ ရောက်ရှိလာတဲ့ ကျောင်းသား၊ ကျောင်းသူများကို ကယ်ဆယ်ရေးစခန်းများရှိရာ ဒေသရှိကျောင်းများမှာ မနက်၊ ည အချိန်ခွဲပြီး ကျောင်းတက်နိုင်ရန် စီစဉ်ထားရှိပေမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် စိတ်ပိုင်းဆိုင်ရာများစွာ ထိခိုက်လျက်ရှိနေကြပါတယ်။ လက်ရှိအခြေအနေမှာ ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားမှုများနှင့် ပြည်နယ်ငြိမ်းချမ်းမှုဖော်ဆောင်ရေးအဖွဲ့မှ အထူးကြိုးစားပြီးဆောင်ရွက်လျက်ရှိနေသော်လည်း နှစ်ဖက်တိုက်ခိုက်မှုများကြောင့် သေကြေပျက်စီးမှု၊ ဒဏ်ရာရရှိမှုနဲ့ အဖက်ဖက်က ဆုံးရှုံးနစ်နာမှုများဟာလည်း ကချင်ပြည်နယ်အတွင်း တဖြည်းဖြည်းကြီးထွားလာလျက်ရှိနေပါတယ်။ စစ်ဘေးတိမ်းရှောင်နေကြသူများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းအသီးသီး၊ ပါတီပေါင်းစုံနဲ့ သီးသန့်အလှူရှင်၊ စေတနာရှင်များက ကူညီထောက်ပံ့မှုများစွာကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဒါကြောင့် လတ်တလောအနေနဲ့ အဆင်ပြေမှုများရှိနိုင်သော်လည်း ရေရှည်အတွက် အခက်အခဲများစွာကြုံနိုင်ကြောင်းသုံးသပ်တွေ့ရှိရပါတယ်။ ကယ်ဆယ်ရေးစခန်းများမှာ ခိုလှုံနေကြတဲ့ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနဲ့ ကလေးသူငယ်များဟာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ ဖျားနာမကျန်းမှုများနဲ့ တွေ့ကြုံနေကြရပါတယ်။ ကယ်ဆယ်ရေးစခန်းများဟာ တဲတန်းလျားများဖြစ်တဲ့အတွက်၊ စုပေါင်းနေထိုင်ကြရတဲ့အတွက် နေ့စဉ်လူမှုရေးပြဿနာများကိုလည်း ရင်ဆိုင်ဖြေရှင်းနေကြရပါသည်။ သို့ဖြစ်၍ ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသောပဋိပက္ခများကြောင့် ဒုက္ခအတိရောက်နေကြသူများကို များစွာသနား ငဲ့ညှာရပေမည်။ ၎င်းတို့အနေဖြင့် မိမိတို့နေရပ်၊ နေအိမ်များသို့ ပြန်လည်ရောက်ရှိနေထိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းကြဖို့ အထူးပင်လိုအပ်လှပါသည်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ယခုလို မငြိမ်းချမ်းတဲ့ဘဝ၊ မလုံခြုံရတဲ့ဘဝထဲမှာ မည်သူမျှ ရပ်တည်နေထိုင်လိုစိတ်မရှိကြပါ။ ဒေသခံပြည်သူအားလုံးက အပစ်အခတ်ရပ်စဲရေးသည် ပထမ၊ ယာယီငြိမ်းချမ်းရေးသည် ဒုတိယ၊ ထာဝရငြိမ်းချမ်းရေးသည် တတိယအဖြစ် တည်ဆောက်နိုင်ရေး

အတွက် မျှော်လင့်တောင့်တလျက်ရှိနေကြပါတယ်။ ဒါကြောင့်လည်း ပြည်သူများရဲ့ဆန္ဒနဲ့အညီ နိုင်ငံတော်သမ္မတကြီးက မိမိတို့တွင် မတူညီသည့်သဘောထားအမြင်များ ရှိကြမှာဖြစ်သော်လည်း တိုင်းပြည်၏အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ထားပါကြောင်း၊ ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း မိမိတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေးအတွက် အမြဲလက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ပြောကြားသွားပြီး ငြိမ်းချမ်းရေးတံခါးကိုလည်း ယခုတိုင် ဖွင့်ထားလျက်ရှိပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မိမိတို့ကချင်ပြည်နယ်အပါအဝင် နိုင်ငံနှင့်တစ်ဝှမ်းလုံး၌ မရှိမဖြစ်လိုအပ်လှပါတယ်။ နယ်မြေဒေသအသီးသီးတွင် အေးချမ်းတည်ငြိမ်ပါက တရားဥပဒေစိုးမိုးနိုင်မည်ဖြစ်ပြီး ဥပဒေနှင့်အညီ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အစွမ်းကုန်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်မှု၊ ခိုင်မာသောယုံကြည်မှုတို့ကို အရင်းခံပြီး တွေ့ဆုံဆွေးနွေးမှုများကို မဖြစ်မနေ အမြန်ဆုံးကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မိမိတို့ဒေသတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးအဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းပြီးတာနဲ့ ပြည်ထောင်စုအဆင့်သို့ တက်လှမ်းပြီး ညှိနှိုင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ညှိနှိုင်းဆွေးနွေးရာမှာလည်း တိုင်းရင်းသားလူမျိုးတစ်မျိုးနဲ့တစ်မျိုးရဲ့ ပကတိအခြေအနေ၊ ဖြတ်သန်းလာတဲ့ခရီးလမ်းတို့ဟာ မတူညီတဲ့အတွက် တစ်ဖွဲ့ချင်းသီးသန့်ဆွေးနွေးအဖြေရှာသင့်ကြောင်းကိုလည်း လွှတ်တော်မှတစ်ဆင့် တိုင်းရင်းသားအဖွဲ့အစည်းများသို့ တင်ပြလိုပါတယ်ရှင်။ တိုင်းရင်းသားများရဲ့လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာ ဥပဒေပြုပေးနိုင်မယ့်ပြည်ထောင်စုလွှတ်တော်ကလည်း ဆွေးနွေးညှိနှိုင်းအဖြေရှာရန် ရောက်ရှိလာမည့် တိုင်းရင်းသားများကို နွေးထွေးစွာ ကြိုဆိုလျက်ရှိနေပါတယ်။ ယခုဆိုလျှင် ရှမ်းပြည်နယ်၊ “ဝ” အထူးဒေသ(၂)နှင့် မိုင်းလားအထူးဒေသ(၄)တို့ဟာ ပြည်ထောင်စုအဆင့် စတင်ဆွေးနွေးပါပြီ။ ကရင်ပြည်နယ် DKBA (ခွဲထွက်) ကလိုထူးဖောအဖွဲ့နှင့်လည်း ပဏာမသဘောတူညီချက် ရရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ဦးပန်ဖ၏ SSA အဖွဲ့၊ ဗိုလ်ချုပ်ရွက်ဆစ်၏ RCSS အဖွဲ့၊ KNU အဖွဲ့များနှင့်လည်းဆက်သွယ်မှုရရှိပြီး စစ်ရေးတင်းမာမှုများကို လျှော့ချနေပြီဖြစ်ကြောင်း သိရှိရပါတယ်။ အလားတူ မွန်ပြည်နယ်၊ ကယားပြည်နယ်များအတွင်းတွင်လည်း သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ဆက်သွယ်မှုများစတင်နေပြီဖြစ်ကြောင်းကြားသိရတဲ့အတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသော်လည်း ကချင်ပြည်နယ်အတွက်မူစိုးရိမ်ပူပန်မှုများ များစွာရှိနေရကြောင်း၊ ပြည်သူလူထုကိုယ်စား လွှတ်တော်သို့ တင်ပြလိုပါတယ်။ လေးစားရပါတဲ့ဥက္ကဋ္ဌကြီးနှင့် ပြည်သူလွှတ်တော် ကိုယ်စားလှယ်များရှင့်။ ကျွန်မတို့

ကချင်ပြည်နယ်အတွင်း ယခုထက်ပိုမိုပြင်းထန်တဲ့ စစ်မက်များဖြစ်ပွားပြီး ဒေသတွင်းပျက်စီးဆုံးရှုံးမှုများ၊ မလုံခြုံမှုများနဲ့အတူ ပြည်သူလူထုအတွင်း ဆိုးရွားသောထိခိုက်နစ်နာမှုများမှတစ်ဆင့် နာကျည်းမှုဘက်သို့ ပြောင်းလဲသွားမည်ကို များစွာစိုးရိမ်မိပါတယ်။ သို့ဖြစ်၍ လက်ရှိအခြေအနေထက် ပိုမိုဆိုးရွားပြင်းထန်တဲ့ စစ်မက်ဆိုင်ရာပဋိပက္ခအရှိန်အဟုန်များ မပေါ်ပေါက်မီနှစ်ဖက်အပစ်အခတ်လုံးဝရပ်စဲကာ တွေ့ဆုံဆွေးနွေးမှုများကို အမြန်ဆုံးဆောင်ရွက်သင့်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုကို အခိုင်အမာတည်ဆောက်ပြီး ညှိနှိုင်းဆွေးနွေးနိုင်ရန်လည်း အထူးတိုက်တွန်းလိုပါတယ်။ အပြန်အလှန်ယုံကြည်မှုရှိမှ အပစ်အခတ်ရပ်စဲနိုင်မည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲနိုင်မှ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းနိုင်မည်ဖြစ်ပါတယ်။ ညှိနှိုင်းဆွေးနွေးမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ပါက ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်တာများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှ တိမ်းရှောင်နေရတဲ့ ပြည်သူများ၊ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြုရောက်ရှိနေထိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ခညောင်းပြီးတော့ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည့်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းသော ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေးစစ်ဒဏ်မှ တိမ်းရှောင်နေ ရသော ပြည်သူများမိမိတို့နေရပ်သို့

ပြန်လည်အခြေပြုရောက်ရှိနေထိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ ရှေးယခင်ကတည်းက ဂျိန်းဖော၊ ရဝမ်၊ လီဆူး၊ လောင်ဝေါ်၊ လာချိတ်၊ ဇိုင်ဝစတဲ့ ကချင်မျိုးနွယ်စုဝင်များ၊ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခန္တီး၊ တိုင်းဘာတာ၊ တိုင်းတေစတဲ့ ရှမ်းမျိုးနွယ်စုဝင်များ ဗမာနှင့်အခြားတိုင်းရင်းသားများ အတူတကွနေထိုင်ကြတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ တိုင်းရင်းသားများအားလုံး ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်ခဲ့ကြပြီး မြန်မာ့လွတ်လပ်ရေးသမိုင်းစဥ်တစ်လျှောက်လုံးမှာလည်း သူ့ကျွန်မခံလိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်တို့နှင့်အတူ အနိုင်မခံ၊ အရှုံးမပေးဘဲ နယ်ချဲ့ရန်ကို တွန်းလှန်ဖယ်ရှားခဲ့ကြတာ မေ့ပျောက်၍မရနိုင်သလို နယ်ချဲ့အုပ်ချုပ်မှုအောက်မှာလည်း အတူတကွခါးသီးစွာ ဘဝရပ်တည်ရှင်သန်နေထိုင်လာခဲ့တာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံ နယ်ချဲ့လက်အောက် ရောက်ရှိစဥ်ကာလမှာ နယ်ချဲ့များက ကျွန်သက်ရှည်စေရန်ရည်ရွယ်ပြီး ပြည်နယ်ပြည်မခွဲခြားအုပ်ချုပ်မှု၊ တိုင်းရင်းသားလူမျိုးစုများအကြား စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် သပ်လျှိုသွေးခွဲခြင်း၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး သံသယစိတ်များ ဖြစ်ပေါ်စေခြင်းစသည်ဖြင့် နှစ်ပေါင်းများစွာ စနစ်တကျစီမံ ဆောင်ရွက်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီအကျိုးဆက်ကြောင့်ပဲ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရတာနဲ့ ဂိုဏ်းကဏ္ဍစွဲ၊ အယူဝါဒစွဲကြောင့်လည်းကောင်း၊ လူမျိုးရေးကြောင့်လည်းကောင်း၊ ရောင်စုံသောင်းကျန်းသူများ အစီအရီပေါ်ပေါက်လာတာကို တွေ့ကြရမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးကာစ လသားအရွယ် ရှိသေးတဲ့တိုင်းပြည်ဟာ နိဗ္ဗာပေါင်းစုံကို ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ထိုခေတ် ထိုအချိန်က တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းမှုမရှိတော့ဘဲ အချို့သောမြို့ကြီး၊ ပြကြီးများဟာ သောင်းကျန်းသူများလက်အောက် ရောက်ရှိခဲ့ပါတယ်။ အစိုးရအုပ်ချုပ်ရေးယန္တရားကောင်းစွာ လည်ပတ်နိုင်မှုမရှိခဲ့သလို ပြည်သူလူထုဘဝကလည်း ဘေးဒုက္ခမျိုးစုံကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ပြည်ပအသံလွှင့်ဌာနများက ရန်ကုန်အစိုးရလို့ခေါ်ဆိုတဲ့အထိ တိုင်းပြည်ချောက်ထဲကျလုနီးနီးဖြစ်ခဲ့တာ သမိုင်းမှာအထင်အရှားရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာလည်း ယင်းအကျိုးဆက်အဖြစ် ၁၉၆၀ ပြည့်နှစ်၊ နှစ်ဆန်းပိုင်းကစပြီး Kachin Independence Organization (KIO)နှင့် Kachin Independence Army လို့ခေါ်တဲ့ KIA ကို ဖွဲ့စည်းလှုပ်ရှားလာခဲ့တာကို တွေ့ရကြမှာ ဖြစ်ပါတယ်။ ထိုအချိန်ကစပြီး ကျွန်တော်တို့ ကချင်ပြည်နယ်ကြီးဟာ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု

မရှိတော့တာ တွေ့ရပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိတဲ့ တိုင်းနှင့်ပြည်နယ်များထက် လူမှုစီးပွားဘဝ အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရတာဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက် ၁၉၉၁ ပြည့်နှစ်တွင် NDKA အထူးဒေသ(၁)သည်လည်းကောင်း၊ ၁၉၉၄ ခုနှစတွင် KIO, KIA အထူးဒေသ(၂)သည်လည်းကောင်း၊ အပစ်အခတ်ရပ်စဲပြီး ယာယီငြိမ်းချမ်းရေးရယူနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ ကချင်ပြည်နယ်ကြီး တည်ငြိမ်အေးချမ်းလာပြီး ယခင့်ယခင်အစိုးရများ လက်ထက်က မဆောင်ရွက်နိုင်ခဲ့သော နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနဲ့ငြိမ်းချမ်းရေး အဖွဲ့များ အတူတကွပူးပေါင်းဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ လူမှုစီးပွားဘဝ ဘက်စုံတိုးတက်လာတာကို မျက်ဝါးထင်ထင်မြင်တွေ့နေရတာ ဖြစ်ပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းလာတာနဲ့အမျှ နိုင်ငံတော် အစိုးရကလည်း ခေတ်အဆက်ဆက်က မဆောင်ရွက်နိုင်ခဲ့တဲ့ ဧရာဝတီမြစ်ကူးဗလမင်းထင်တံတားကြီး ကို နိုင်ငံခြားငွေ မြန်မာငွေမြောက်မြားစွာ အကုန်အကျခံပြီး တည်ဆောက်လာနိုင်တာဖြစ်ပါတယ်။ ယခင်က ရေကြောင်းလမ်းနဲ့သာ သွားလာနိုင်တဲ့ ဗန်းမော်-ရွှေကူခရီးလမ်းကိုလည်း မော်တော်ကား လမ်းဖောက်ပေးနိုင်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှ ဝိုင်းမော်ကနေ ဗန်းမော်-ရွှေကူမှတစ်ဆင့် တကောင်း-မန္တလေးအထိ သွားလာနိုင်သော မဟာဗျူဟာ လမ်းကြီးပေါ်ပေါက်လာတာဟာ ကချင်ပြည်နယ်ဒေသခံတိုင်းရင်းသားများအတွက် ခရီးသွားလာရေး ကုန်စည်ကူးသန်းရောင်းဝယ်ရေးကဏ္ဍများမှာ ပိုမိုဆောင်ရွက်လာနိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်မာရေးကဏ္ဍမှာလည်း ခရိုင်မြို့ကြီးများမှာ အထူးကုဆရာဝန်ကြီးများထားရှိကာ ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဗန်းမော်မြို့မှာလည်း ဗန်းမော်ဒီဂရီကောလိပ်၊ စက်မှုသိပ္ပံ၊ ကွန်ပျူတာကောလိပ်၊ မိုးညှင်းမြို့မှာလည်း ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်စသဖြင့် ပညာရေး ကဏ္ဍမြှင့်တင်ပေးနိုင်ခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ NDKA အထူးဒေသ(၁)မှာ ပန်ဝါမြို့ကြီး ပေါ်ပေါက် လာသလို KIO, KIA အထူးဒေသ(၂)မှာလည်း လိုင်ဇာမြို့ကြီးတစ်မြို့ပေါ်ထွန်းလာတာဟာ နယ်မြေ တည်ငြိမ်အေးချမ်းမှုရဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ ဗလမင်းထင်ဧရာဝတီမြစ်ကူးတံတားကြီးဖွင့်ပွဲမှာ ထိုစဉ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့အတူ တိုင်းရင်းသားခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ အထူးဒေသ(၁)ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိမ်း၊ အထူးဒေသ(၂)ဥက္ကဋ္ဌ ဦးဇော်မိုင်တို့ တက်ရောက်ခဲ့ ကြပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ ခေါင်းဆောင်ညီအစ်ကိုတော်သုံးဦးဟာ တစ်ဦးလက်ကိုတစ်ဦး လက်ချင်းချိတ်ဆက်ပြီး ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီးရွှင်လန်းတက်ကြွနေသော အမူအယာများဖြင့် စကားပြောရင်း တံတားကြီးပေါ်လျှောက်လှမ်းသွားတာကိုမြင်ရတော့ တိုင်းရင်းသားညီအစ်ကိုများရဲ့ စည်းလုံးညီညွတ်မှုအသွင်သဏ္ဌာန်လို့ ကျွန်တော့်ရင်ထဲမှာ ယခုတိုင် ခံစားမြင်ယောင်နေမိပါသေးတယ်။

သို့ရာတွင် ၂၀၁၁ ခုနှစ်၊ ဇွန်လပိုင်းမှာ မိုးမောက်မြို့နယ်အတွင်း ကချင်ပြည်နယ်အတွင်း လက်ရှိတပ်များ အပြန်အလှန်ပစ်ခတ်မှုကနေစလာတဲ့ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျွန်တော်တို့က ချင်ပြည်နယ်ကြီးဟာ တည်ငြိမ်အေးချမ်းမှုမရှိတော့တာ တွေ့ရမှာဖြစ်ပါတယ်။ စစ်ဖြစ်ပွားရာ ကျေးလက်ဒေသနေ ပြည်သူများဟာ စစ်ဘေးစစ်ဒဏ်ကြောင့် မိမိရပ်ရွာမှာမနေရဲတော့ဘဲ နီးစပ်ရာ မြို့ကြီးများကို ရှောင်တိမ်းခိုလှုံနေတာကို တွေ့ကြရမှာဖြစ်ပါတယ်။ လယ်ယာလုပ်ချိန် လယ်ကောင်းကောင်း မလုပ်ရ၊ စိုက်ပြီးသားလယ်ယာများကိုလည်း ရိတ်သိမ်းချိန် မရိတ်သိမ်းရစသဖြင့် လူမှုဒုက္ခအပေါင်း ခံစားနေရပြီဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးများဟာလည်း ကျောင်းဖွင့်ချိန် ကျောင်းမတက်နိုင်တဲ့အတွက် ပညာရေးထိခိုက်လာတာကို စိတ်မကောင်းစွာ မြင်တွေ့နေရပါတယ်။ စစ်ကာလကြာရှည်လာတာနဲ့အမျှ ပြည်နယ်အတွင်း ထိခိုက်နစ်နာဆုံးရှုံးမှုများပြားလာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့က ကြေညာချက်အမှတ် ၁/၂၀၁၁ ကို ထုတ်ပြန်ကမ်းလှမ်းခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ လက်ရှိလက်တလော ဖြစ်ပေါ်နေသည့် ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကို အမြန်ဆုံးချုပ်ငြိမ်းအောင် ထာဝရငြိမ်းချမ်းရေး ရရှိအောင် တစ်ဘက်နဲ့တစ်ဘက် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ပေးကြပါရန်နှင့် ညှိနှိုင်းဆောင်ရွက်ပေးကြဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြလိုတာကတော့ ဒီကနေ့ ကျွန်တော်တို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး အဓွန့်ရှည်ရေး အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ မဖြစ်မနေဆောင်ရွက်သွားရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ၏အဆိုကို အလေးအနက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦးအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးခင်ဗျား။ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ တိုင်းရင်းသားများကို အစဉ်အလေးထားနေရာပေးခဲ့တာတွေ့ရပါတယ်။ အထူးသဖြင့် တိုးတက်လာသော ကမ္ဘာလုံးချီဖြစ်စဉ်များနှင့် အမှီလိုက်နိုင်ရေးအတွက် အိုင်ဒီယာ၊ စီးပွားရေး၊ ယဉ်ကျေးမှုအပါအဝင် ကဏ္ဍအစုံမှာ နောက်ကျမကျန်ရစ်စေခြင်းငှာ လက်တွဲခေါ်ယူလျက်လည်း ရှိပါတယ်။ ငြိမ်းချမ်းပြီး တိုးတက်ဖွံ့ဖြိုးနေတဲ့ ဒေသများနှင့် တန်းတူဘက်စုံဖွံ့ဖြိုးစေရန် ကုလသမဂ္ဂ၏ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အကောင်အထည်ဖော်တဲ့နေရာမှာလက်တွေ့ဆောင်ရွက်နေမှုအပေါ် လိုက်ပါနိုင်ရန်လည်း ကြိုလက်ကိုလှမ်းသင့်တဲ့အချိန်လည်းဖြစ်ပါတယ်။ ကရင်ပြည်နယ်ကြီးကို နေအပ်သောအရပ် သို့မဟုတ် ပဋိရူပဖြစ်အောင် တစ်စုံတစ်ခုကိုကျွန်တော်တို့ရွေးချယ်ရပါတော့မယ်။ အဖွဲ့အစည်းများရဲ့ လက်ရှိသွားနေတဲ့လမ်းကြောင်းအတိုင်း ခရီးဆက်ကြမလား။ သို့မဟုတ် ပို၍မင်္ဂလာရှိသော လမ်းကြောင်းသစ်တစ်ရပ်ကို ရွေးချယ်ကြမလားဆိုတာပါဘဲ။ ပြည်သူလူထုဟာ သားသမီးနဲ့တူပါတယ်။ မိဘနှစ်ပါးပဋိပက္ခဖြစ်မှုအပေါ် ကြားထဲကစိတ်ဒဏ်ရာများစွာနဲ့ မျှော်လင့်ချက်ကင်းမဲ့နေကြပါတယ်။ နိုင်ငံတော်နဲ့တူတဲ့ အဘဘက်လိုက်ရင်လည်း သွေးတူ၊ မျိုးတူမွေးထုတ်ပေးခဲ့သော မျိုးနွယ်စုအမိနဲ့ ခွဲခွာရပါလိမ့်မယ်။ အမိဘက်လိုက်ရင်လဲ အဘနှင့်တူသော ဒေသဇာတိမြေကို ပြန်လည်လွမ်းဆွတ်နေမိပါလိမ့်မယ်။ မျှော်လင့်ချက်ကင်းမဲ့သော ပြည်သူတိုင်း၏ စိုစွတ်နေသောမျက်ဝန်း သိမ်ငယ်နေသောအကြည့်များကို အားတက်ရွှင်လန်းလာအောင် သေချာခိုင်မာသော ရေရှည်တည်တံ့ခိုင်မြဲသော အနာဂတ်ဖန်တီးပေးဖို့ လိုအပ်နေပါပြီ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်ထောင်စုကြီးကိုချစ်သောသူအားလုံး မိမိဘဝများကို အနာဂတ်အတွက် ရင်းနှီးမြှပ်နှံပေးရပါလိမ့်မယ်။ အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များကလည်း ပြောင်းလဲလာတဲ့ ခေတ်သစ်နဲ့အတူ တာဝန်ယူရဲသောစိတ်၊ ပြင်းပြသောဆန္ဒများနဲ့ မိမိတို့ဒေသကို ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးလာအောင် တစ်နည်းနည်းနဲ့ ကြံဆောင်ရတော့မှာပဲဖြစ်ပါတယ်။ ၁၉၉၄ ဝန်းကျင် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသကို ညီနောင်တစ်စုပြန်လည်အခြေချဝင်ရောက်ခဲ့ပြီးတဲ့နောက် (၁၀)စုနှစ်တစ်ခုကျော် ငြိမ်းချမ်းသင့်သလောက် ငြိမ်းချမ်းခဲ့တဲ့အရသာကို ကရင်ပြည်သူလူထုက တစ်ရှိုက်မက်မက်ပြောမဆုံး အောင်ဖြစ်နေကြပါတယ်။ စားကောင်းသောအရာကို စားပြီးရင်းစားချင်တာ လူ့သဘာဝပါပဲ။ အထိုက်အလျောက် ငြိမ်းချမ်းခဲ့တဲ့အရသာကို ပြန်လည်မက်မောတမ်းတခြင်းဟာ ယခုအခါမှာ အရှိန်အဟုန်ဖြင့် အထွဋ်ထိပ်ကို ရောက်ရှိလာပြီး ဒေသခံပြည်သူတွေကြားမှာ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးဆိုပြီး တောင်းဆိုသံတွေ လျှံထွက်လာနေပြီ

ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ နိုင်ငံတော်ကိုသာမက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်များကိုပါ ပန်ကြားလိုပါတယ်။ မြန်မာ့သမိုင်းမှာရော၊ ကရင်ပြည်နယ်သမိုင်းမှာပါ ပြောစမှတ်ပြုတွင်ကျန်ရစ်အောင် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ကြစေချင်ပါတယ်။ သူရဲကောင်းတို့ရဲ့ထုံးနှလုံးမူပြီး ပြည်သူတွေရဲ့စိုးရိမ်သောကမျက်ရည်များကို တစ်ဖက်ကသုတ်ပေးရင်း တစ်ဖက်က ပြည်သူလူထုတိုးတက်ဖွံ့ဖြိုးလာအောင်အားထုတ်ပေး ကြစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိဖြစ်တည်လျက်ရှိတဲ့ နှစ်ဦးနှစ်ဖက်လိုအပ်ချက်များကို အပြန်အလှန်နားလည်ယုံကြည်မှုဖြင့် ညှိနှိုင်းဖြေရှင်းရမှာဖြစ်ပါတယ်။ တစ်ချိန်တုန်းက အမျိုးသားညီညွတ်ရေးအင်အားဖြင့်သာ လွတ်လပ်ရေးကိုအရယူနိုင်သကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအတွင်း၊ ကမ္ဘာအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက်လည်း အမျိုးသားညီညွတ်ရေးဖြင့်သာ ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ယခုအချိန်ဟာ ဝါဒရေးရာများ၊ ထိပ်တိုက်တွေ့မှုများ အရှိန်ကောင်းခဲ့တဲ့ ၁၉၄၈ ၊ ၁၉၄၉၊ ၁၉၅၀၊ ၁၉၅၁ ခုနှစ်ဝန်းကျင်များမဟုတ်တော့ဘဲ သက္ကရာဇ်များပြောင်းလဲပြီး ၂၁ ရာစုသို့ပင် ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်ပါတယ်။ ခေတ်အတွေးအမြင်များဖြင့် မိမိတို့လူမျိုးစု၊ မိမိတို့ဒေသ ထို့မှတစ်ဆင့်နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရန် ကြံဆောင်သင့်တဲ့ အချိန်လည်းဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးအရမဟာဗျူဟာလမ်းဆုံမှာရှိတဲ့ ကျွန်တော်တို့နိုင်ငံကြီး အရှည်တည်တံ့အောင် ရပ်တည်ရှင်သန်နိုင်ရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ကျားကုတ်၊ ကျားခဲ ယှဉ်ပြိုင်နေရချိန် နိုင်ငံတော်ကြီး မွန်းကြပ်မနေစေဖို့လိုအပ်ပါတယ်။ ပြည်တွင်းနိုင်ငံရေးအင်အားစုကြီးဖြင့် ကမ္ဘာ့ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒကိုလည်းကောင်း၊ ဖွံ့ဖြိုးမှုသွားရာလမ်းကြောင်း၏စိန်ခေါ်မှုကိုလည်းကောင်း ဆက်လက်ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါသည်သာ အဓိကပြဿနာဖြစ်ပါတယ်။ မိမိတို့အတွင်း အချင်းချင်းဖြစ်ပေါ်နေသောကွဲလွဲချက်တွေကို ကာလတစ်ကန့်အတွက်ပင်ဖြစ်ပါစေ၊ အကြိမ်ကြိမ်၊ အထပ်ထပ် စေ့စပ်ညှိနှိုင်းသွားကြရမှာ ဖြစ်ပါတယ်။ အပေးအယူလုပ်ကြရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားအကျိုးစီးပွားချင်းစေ့စပ်ညှိနှိုင်း၍ ညီညွတ်သော အမျိုးသားတပ်ပေါင်းစုကြီး ဖော်ထုတ်တည်ဆောက်ဖို့ လိုအပ်နေပါပြီ။ အမျိုးသားဘုံအကျိုးစီးပွားအတွက် စေ့စပ်ညှိနှိုင်းဖြေရှင်းရမှာဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတကလည်း မိမိတို့မှာမတူညီသောအမြင်များ ရှိကောင်းရှိမည်ဖြစ်သော်လည်း တူညီသည့်နေရာများတွင် အတူလက်တွဲလုပ်ဆောင်ရန် မကြာခဏမိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များကြောင့် ကရင်ပြည်နယ်မှာ လယ်ယာမြေရှိပါလျက် ထမင်းနပ်မှန်အောင်မစားရတဲ့ဘဝ၊ ကျွန်း၊ ပျဉ်းကတိုးတောကြီးများရှိပါလျက် အင်ဖက်မိုး၊ ဝါးထရံကာအိမ်ကိုပင် ဆောက်မနေနိုင်တဲ့ဘဝ၊ တွင်းထွက်သယံဇာတများရှိပါလျက် မကျန်းမာတဲ့အခါ

ခမဲပေးစရာငွေစင်တစ်မတ်သားပင်မတတ်နိုင်တဲ့ဘဝ၊ ကျောင်းများရှိပါလျက် စာမသင်ကြရသောဘဝ၊ ဖိနပ်ရှိပါလျက်စီးရန် ခြေထောက်မရှိတဲ့ဘဝများ အဆုံးသတ်စေချင်ပါပြီ။ ဒေသတစ်ခုအတွင်း အခက်အခဲများကို ယခုအချိန်မှာ ဖြေရှင်းထားနိုင်ပါမှ နောင်လာမည့်စိန်ခေါ်မှုများဖြစ်သော ကမ္ဘာ့ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်ကြီးများ၊ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေး၊ ဘာသာရေးအစွန်းရောက်များ၏ အကြမ်းဖက်မှုအပါအဝင် မမျှော်မှန်းနိုင်တဲ့ခြိမ်းခြောက်မှုများကို ကချင်မှ၊ ကရင်မှ၊ ရှမ်းမှမဟုတ်ပါဘူး။ ကမ္ဘာ့လူသားတိုင်း မလွဲမသွေရင်ဆိုင်ကြရမှာဖြစ်ပါတယ်။ လက်တွေ့အကောင်အထည်ဖော်ဖို့ဆိုရင် ကျွန်တော်တို့နှစ်ဦးနှစ်ဖက် အဆိုးမြင်၊ အပြစ်မြင်များကို ကျော်လွှားပြီး ဘက်နှစ်ဖက် အချိန်ညှိကြရပါလိမ့်မယ်။ အတိတ်နှင့်ပတ်သက်မှုမရှိတဲ့ ပစ္စုပ္ပန်ကျွန်တော်တို့အားလုံး ကောင်းမွန်စွာဆုံးဖြတ်မှုမှန်ပါမှ ကျွန်တော်တို့ရဲ့ သား၊ မြေး၊ မြစ်များအတွက် အနာဂတ်အမွေခံကောင်း ဝန်းကျင်သစ်ကို ဖန်တီးပေးနိုင်ကြမှာ ဖြစ်ပါတယ်။ အသားကျနေပြီးဖြစ်တဲ့ ငါတို့၊ သူတို့ဆိုတဲ့အမြင်များဖယ်ရှားပြီး အားလုံးအတွက် အဖြေတစ်ခုရှာဖွေပေးရပါလိမ့်မယ်။ အားလုံးအတွက် ကံကြမ္မာဟာ ကျွန်တော်တို့အားလုံးရဲ့လက်ထဲမှာသာ ရှိပါသည်။ Ideology ထောင်ချောက်ထဲပိတ်မနေဘဲနဲ့ LDC နိုင်ငံအဖြစ် ကမ္ဘာ့ရေးရာများမှာ အရေးမပါဖြစ်နေမှု သမိုင်းဟောင်းကို မှောက်လှန်ပြီး နိုင်ငံစီးပွားတိုးတက်မှုနှင့် အောင်မြင်မှုသင်္ကေတအဖြစ် ပြောင်းလဲနိုင်မယ်ဆိုလျှင် လွတ်လပ်ရေးကြေငြာစာတမ်းအပိုဒ် ၆ မှာ ဖော်ပြသလို တစ်ကမ္ဘာလုံးကြားသိစေသတည်းဟူ၍ ကြွေးကြော်ဂုဏ်ယူနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံတော်နှင့် ကရင်ပြည်နယ်မှ DKBA (ခွဲထွက်) ကလိုထူးဘော်အဖွဲ့တို့ ပဏာမသဘောတူညီမှုရရှိခြင်း KNU နှင့် ဆက်သွယ်မှုရရှိကာ နှစ်ဖက်စစ်ရေးတင်းမာမှုများလျှော့ချခြင်း၊ သတင်းများကိုကြားသိရခြင်း၊ ကျွန်တော်တို့ကရင်ပြည်နယ်မှ ပြည်သူများ၊ တပ်မတော်သားများ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး အတိုင်းမသိ ဝမ်းသာကြပါတယ်။ ပဏာမပင်ဖြစ်စေကာမူ ဖွဲကပင်မြေ၌ ငြိမ်းချမ်းရေးရောင်နီသမ်းလာစပြုလာပြီဟု သဘောရပါသဖြင့် အပစ်အခတ်ရပ်စဲရေးမှသည် ယာယီငြိမ်းချမ်းရေး၊ ထိုမှတစ်ဖန် ထာဝရငြိမ်းချမ်းရေးသို့ ဦးတည်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထိုသို့ဖြစ်အောင်လည်း ကြိုးပမ်းကြရန် နှစ်ဖက်လုံးအားတိုက်တွန်းအပ်ပါသည်။ မကြာသောကာလတစ်ခုမှာ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆီးဂိမ်းကျင်းပရန် အိမ်ရှင်နိုင်ငံအဖြစ်လည်းကောင်း တာဝန်ယူရတော့မှာဖြစ်၍ ဒေသဆိုင်ရာကမ္ဘာ့ရေးရာများမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းဟူသော ဥပမိရုပ်ကိုပြသရတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားများရဲ့ စုပေါင်းညီညွတ်သောအားနှင့် ပြည်ထောင်စုကြီးရဲ့ဂုဏ်ကို

မြှင့်ကြပါလို့ နှိုးဆော်လိုပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင် ဒေါ်ဒွဲဘူတင်သွင်းသောအဆိုကို အလေးအနက် ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နှစ်ဦးအဆိုတင်သွင်းတာ ထောက်ခံတာ အတော်ပြည့်စုံပါပြီ။ နောင်ကျန် ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးတဲ့အခါမှာ လိုရင်းကိုပဲ ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစဲကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံခညောင်းပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းခတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဖြစ်ပါတယ်။ ကျွန်ုပ်အနေနဲ့ ကချင် ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူအဆိုပြုတင်ပြထားတဲ့ ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ဒေသတွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေးဒဏ်မှတိမ်းရှောင်နေရသော ပြည်သူများ မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးနှင့် ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်ရေးအတွက် အမြန်ဆုံးညှိနှိုင်း ဆွေးနွေးမှု များ ကြိုးပမ်းအကောင်အထည်ဖော်ပေးရေးအတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ် လုံးအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး အေးအတူပူအမျှ အေးချမ်းတည်ငြိမ်စွာ လယ်ယာစီးပွားအသက်မွေးဝမ်းကျောင်းပြုလိုသည့်လူမျိုးများ ဖြစ်ကြပါတယ်။ တည်ငြိမ်အေးချမ်း သောဒီမိုကရေစီနိုင်ငံတော်ကြီးအတွင်း တည်ငြိမ်အေးချမ်းသောဘဝကို ရယူလိုသောဆန္ဒသည် ကျွန်တော်တို့ ပြည်သူများလိုလားသောဆန္ဒပင်ဖြစ်ပါတယ်။ ဒေသတွင်းတည်ငြိမ်မှုမရှိဘဲ လက်နက်ကိုင် တိုက်ခိုက်နေမှုကြောင့် ဖွံ့ဖြိုးတိုးတက်ရေးမတည်ဆောက်နိုင်ဘဲ အခြားတည်ငြိမ်သောဒေသနှင့် နှိုင်းယှဥ်လျှင် ခေတ်နောက်ကျနေတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ လမ်းစဥ်ပါတီခေတ်တွင် လူမျိုးတစ်မျိုးနဲ့တစ်မျိုးကြား ခါးသီးသောအယူအဆများ၊ ဝါဒများကြောင့် လက်နက်ကိုင်တော်လှန်ခဲ့ တာ ဒီနေ့အထိပင် မဟုတ်ပါလား။ ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား၊ ဘုရား၊ ကျောင်းကန်များ ဆောက်လုပ်ဖို့လည်း အခြေအနေမပေး၊ အခြေအနေပေးပြီး ဆောက်လုပ်ထားသော်လည်း အဖျက်

လုပ်ငန်းကြောင့် မည်မျှဆုံးရှုံးခဲ့သည်ကို ကျွန်တော်တို့အားလုံးသိပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြင်ပသို့ ရောက်ရှိနေပြီး လက်နက်ကိုင်တော်လှန်တိုက်ခိုက်နေသော တိုင်းရင်းသားများအားလုံး တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးကိုရယူကြဖို့ တင်ပြလိုပါတယ်။ နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသောနိုင်ငံတော်ကြီးဖြစ်အောင် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ပြီး ကြိုဆိုလျက်ရှိပါတယ်။ ကချင်ပြည်သူလူထုဘေးဒုက္ခအပေါင်းမှ ဖေးမကယ်တင်ပေးကြဖို့ ကျွန်တော်တို့လွှတ်တော်မှာလည်း တာဝန်တစ်ရပ်ရှိနေပါပြီ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ လားဟူတိုင်းရင်းသားတစ်ဦး ဖြစ်ပါတယ်။ လားဟူတိုင်းရင်းသားများဟာ များသောအားဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေထိုင်ကြပါတယ်။ လွန်ခဲ့သော ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာပြည်ကွန်မြူနစ်ပါတီစနစ်ဆိုးကြီးကို ယခု လို ၁၉ နှစ် နီးပါး ကချင်ပြည်နယ်လို စစ်ဘေးဒဏ်ကို ခံကြရပါတယ်။ သို့သော် ၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်အစိုးရ၏ကျေးဇူးကြောင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး ယခုအင်မတန်ချမ်းသာသော ငြိမ်းချမ်းသော ဒေသဖြစ်နေပါပြီ။ လမ်း၊ တံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်နေကြပါပြီ။ ယခင် ဗုံးသံ၊ သေနတ်သံများ နေ့စဉ်ကြားနေရသော ဒေသတစ်ခုဖြစ်ခဲ့သော်လည်း ယခု ကျွန်တော်တို့ ရှမ်းပြည်အရှေ့ခြမ်းသည် ရာသီအလိုက်ကျင်းပသော တိုင်းရင်းသားရိုးရာပွဲများကို ပျော်ပျော်ပါးပါး ကျင်းပနေကြပြီဖြစ်ပါတယ်။ သို့ဖြစ်၍ ကချင်ပြည်နယ်ကိုလည်း ကျွန်တော်တို့ ရှမ်းပြည်နယ်အရှေ့ခြမ်းဒေသလို အေးချမ်းသောဒေသတစ်ခု ဖြစ်စေလိုပါတယ်။ ကချင်ပြည်နယ်တွင် လက်နက်ကိုင်တိုက်ခိုက်နေကြသော ကချင်တိုင်းရင်းသားများဖြစ်တဲ့ KIO, KIA ညီနောင်များသည်လည်း ကချင်ပြည်နယ်အေးချမ်းတည်ငြိမ်ရေးအတွက် နိုင်ငံတော်အစိုးရက နွေးထွေးစွာ လက်ကမ်းကြိုဆိုလျက်ရှိသော ငြိမ်းချမ်းရေးလမ်းစဉ်ကို လက်ခံပြီးဆွေးနွေးပွဲသို့လာကြဖို့၊ ဆွေးနွေးကြဖို့ တိုက်တွန်းလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးအချင်းချင်းသည် အရေးကြီးလျှင်သွေးနီးမည် အရေးကြုံလျှင် သွေးဆုံမည်ဆိုတဲ့စကားအတိုင်း အမုန်းမပွားသံသယမထားကြဘဲ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွဲညီညီတက်လှမ်းကြပါစို့လို့ အင်ဂျန်းယန်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွဋ်တင်(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပြည်ထောင်စုဝန်ကြီးတို့အား ကျန်းမာ

ရှင်လန်းနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယား ပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းတဲ့ အဆိုကို အနည်းငယ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူတိုင်းဟာ ငြိမ်းချမ်းစွာ နေထိုင်လိုကြပါတယ်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ရင် ဖြစ်တဲ့ဒေသတွေက ပြည်သူများအဓိက ဒုက္ခရောက်ကြရပါတယ်။ ဒါကြောင့်လက်နက်ကိုင်ပဋိပက္ခများ မရှိစေရန်နှင့် စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး တည်ဆောက် နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် အမြန်ဆုံးရောက်ရှိလာမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရရဲ့ တာဝန်သာမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ တပ်မတော်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေတဲ့ ဒေသနဲ့အဖွဲ့ အစည်းများအားလုံးမှာတာဝန်ရှိပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ပြည်ထောင်စုအစိုးရကလည်း လက်နက်ကိုင်ပဋိပက္ခဖြစ်ရင် ဖြစ်တဲ့ဒေသ တွေမှာ ပြည်သူများ အတိဒုက္ခရောက်ကြတာကို သိရှိနားလည်တဲ့အတွက် ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကြေညာချက်အမှတ်၊ ၁/၂၀၁၁ နဲ့ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ်တွေ ဦးဆောင်ပြီး ဖွဲ့စည်းပေးခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့အနေနဲ့လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့ နိုင်ငံတော်သမ္မတကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ် တွေ ဦးဆောင်ဖွဲ့စည်းထားတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ကိုလည်း လှိုက်လှဲစွာ ကျေးဇူးတင်ပါ တယ်။ ဒီထက်ပိုပြီး အလေးထားဆောင် ရွက်သွားစေချင်ပါတယ်။ ဆောင်ရွက်သွားမယ်လို့လည်း ယုံကြည်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးအပါအဝင် ပြည်ထောင်စုအစိုးရနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူများကရွေးချယ်ထားတဲ့အတွက် ပြည်သူများရဲ့ ဆန္ဒကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်း၍ စစ်မှန်တဲ့ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး နေရာဒေသအနှံ့ဖွံ့ဖြိုး တိုးတက် စေလိုတဲ့ဆန္ဒဟာ ကျွန်တော်တို့အားလုံးမှာ ရှိကြပါတယ်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို အပြည့်အဝအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် အဓိကကျတဲ့

အချက်တွေကတော့ ပြည်သူများရဲ့အကျိုးအတွက် နှစ်ဖက်စလုံးက အမှန်တကယ် ငြိမ်းချမ်းရေး တည်ဆောက်ရန်ဆန္ဒရှိခြင်း၊ သံသယစိတ်များပယ်ဖျောက်ပြီး ယုံကြည်မှုတည်ဆောက်နိုင်ရန် နှစ်ဖက်စလုံးမှကြိုးပမ်းခြင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေတဲ့ဒေသ၊ လူမျိုး၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရတဲ့အကြောင်းအရင်းနဲ့ နောက်ခံသမိုင်းမတူညီတဲ့အတွက် အသာစီးရလိုမှုကို အဓိကမထားဘဲ သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းအလိုက်၊ ဒေသနှင့်ပြည်သူအကျိုးအတွက် အဓိကထား ဆွေးနွေးနိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြတဲ့ အချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက ထည့်သွင်းစဉ်းစားပြီး လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရာဒေသများအားလုံးတွင် စစ်မှန်တဲ့ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် အမြန်ဆုံးကြိုးစားသင့်ပါတယ်လို့ သက်ဆိုင်ရာဒေသ၊ တာဝန်ရှိသည့်အဖွဲ့အစည်းအားလုံးကို တိုက်တွန်းပါကြောင်းနှင့် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူတင်သွင်းတဲ့အဆိုအား ထောက်ခံပါကြောင်းလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ပုဂ္ဂိုလ်များကို ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်ဝကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုရှင်က စစ်ဘေးစစ်ဒဏ်ကြောင့် ကျွန်တော်တို့ရဲ့ ညီရင်းအစ်ကိုမောင်ရင်းနှမတွေဖြစ်တဲ့ အပြစ်မဲ့တိုင်းရင်းသား ပြည်သူတွေရဲ့ကြီးစွာသော လူမှုဒုက္ခ၊ ဆင်းရဲဘဝကို တင်ပြဆွေးနွေးသွားပါတယ်။ လယ်သမားတွေရဲ့ လယ်ယာမလုပ်နိုင်တဲ့အတွက် ကြုံတွေ့ရတဲ့အခက်အခဲ၊ ကျောင်းသားလူငယ်များ စာသင်ခန်းနဲ့ဝေးကွာပြီးတော့ စာသင်ချိန်မှာ မိမိတို့ရဲ့ကျောင်းတော်ကြီးအရိပ်အာဝါသကို မခိုလှုံနိုင်ရတဲ့အတွက် ခံစားရတဲ့စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ စစ်ဘေးကြောင့် ပြေးလွှားရှောင်တိမ်းပုန်းခိုရတဲ့အတွက် ရောဂါဘယထူပြောမှု၊ စားနပ်ရိက္ခာခေါင်းပါးမှု၊ အိုးပစ်အိမ်ပစ်မိသားစုတွေ တကွဲတပြားဖြစ်ရမှု၊ အပြစ်မဲ့ပြည်သူတွေ အသက်ဆုံးရှုံးရမှုတွေကို တင်ပြသွားတာကို ကြားရ၊ သိရတဲ့အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတစ်ဦးအနေနဲ့ များစွာထိခိုက်ခံစားရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ စစ်ဘေး၊ စစ်ဒဏ်မရှိပါဘူး။ ပြည်သူတွေရဲ့နိုင်ငံရေး လမ်းကြောင်းရွေးချယ်မှု၊

မှန်ကန်မှု၊ နိုင်ငံတော်ကြီးရဲ့ အမြော်အမြင်ကြီးမားစွာတည်ဆောက်မှုနဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ မျက်မှောက်ကာလမှာ အေးချမ်းမှုကို ခံစားနေရပါတယ်။ သို့သော်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမတွေရဲ့ ခံစားရတဲ့စစ်ဘေး၊ စစ်ဒဏ်တွေအကြောင်းကို ကြားရ၊ သိရတဲ့အခါမှာ အလွန်တရာ ကိုယ်ချင်းစာခံစားစိတ် ဖြစ်ပေါ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုရဲ့ လွတ်လပ်ရေးရရှိမှုနဲ့အတူ အမွေအဖြစ် တစ်ပါတည်း လက်ခံလိုက်ရတဲ့ ပြည်တွင်းလက်နက်ကိုင်ဆန့်ကျင်တိုက်ပွဲများကြောင့် ပြည်ထောင်စုကြီးရဲ့ ဒေသအနှံ့အပြားနဲ့ အထူးသဖြင့်ပြည်နယ်များအနေနဲ့ မိမိဒေသဖွံ့ဖြိုးတိုးတက်မှုကို အချိန်နှင့် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ နှစ်ဖက်လက်နက်ကိုင်အင်အားစုများရဲ့ တိုက်ခိုက်မှုဒဏ်တွေကြားမှာ အချိန်ကုန်လူပန်း ပြည်သူများဒုက္ခခံစားရခြင်းကြောင့် အဖက်ဖက်မှ လိုအပ်ချက်များအနေနဲ့ လူမှုရေး နိမ့်ကျခြင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ စီးပွားရေးနိမ့်ကျခြင်းတွေကို ကာလရှည်ကြာစွာ ကျွန်တော်တို့ ဖြတ်သန်းရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေရဲ့ဆန္ဒနဲ့ ဘဝဟာ မည်သည့်အခါမှ ထပ်တူမကျနိုင်ပါဘူး။ ဆန္ဒအရတိမ်ပေါ်ကို ဖောက်ပြီးတော့ တိမ်ညွှန့်ကို စားချင်ကြပေမယ့် မြေသားတွေပီသစွာတိမ်ပေါ်ကို မဖောက်နိုင်ရင် မိမိရဲ့မြေသင်းနံ့ကို ရဲရဲဝံ့ဝံ့ လက်ခံရှူရှိုက်ရဲတဲ့ သတ္တိတွေရှိဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ လွတ်လပ်ရေးရပြီးစကတည်းက နိုင်ငံတော်ဘက်ကသော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်ကသော်လည်းကောင်း မိမိရဲ့ဆန္ဒကို၊ ယုံကြည်ချက်ကိုကိုင်ဆွဲပြီးတော့ နှစ်ရှည်လများ တိုက်ပွဲတွေဆင်နွှဲလာခဲ့ကြတာ ကျွန်တော်တို့အနေနဲ့ ယမ်းငွေ့များ၊ မီးလောင်ပြင်များနဲ့ သေပျောက်နေမှုများကိုပဲ ကျွန်တော်တို့ရင်ဆိုင်ကြုံတွေ့ရပါတယ်။ မည်သည့်အကျိုးအာနိသင်မှမရှိတဲ့ ပျက်စီးဆုံးရှုံးမှုများကိုပဲ ကျွန်တော်တို့ လက်တွေ့ဘဝအနေနဲ့ ခံစားရပါတယ်။ ဒီလိုမလိုလားအပ်တဲ့ ဒုက္ခအခက်အခဲများကို အေးငြိမ်း ပြေလည်ပြေပျောက်ပြီး တိုင်းရင်းသားများအားလုံး ငြိမ်းချမ်းသာယာစွာ မိမိဘဝလူနေမှုတိုးတက်ရေး ကြိုးပမ်းနိုင်ရန်အတွက် နှစ်ဦးနှစ်ဖက်အပြန်အလှန်နားလည်မှု ခိုင်မာသောယုံကြည်မှုတို့ကို အခြေခံ ထားပြီး တွေ့ဆုံဆွေးနွေးငြိမ်းချမ်းစွာအဖြေရှာမှုကို မဖြစ်မနေအမြန်ဆုံးကြိုးပမ်းအကောင်အထည် ဖော်ရန် အထူးအရေးတကြီး လိုအပ်နေပြီလို့ ရိုးသားခိုင်မာစွာ ယုံကြည်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဟာ နိုင်ငံတော်အနေနဲ့ မွန်မြတ်တဲ့စိတ်ရင်းစေတနာကိုအရင်းခံပြီး “ဝ”ဒေသ၊ “မိုင်းလား”ဒေသများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ပြီဆိုတာ သိရ၊ ကြားရတဲ့အတွက် နိုင်ငံတော် အကြီးအကဲများရဲ့ ပြည်ထောင်စုတစ်ခုလုံး တစ်ပြေးညီတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိရန် တည်ဆောက်လိုစိတ်၊ ယုံမှားသံသယမရှိ လေးစားစွာ ယုံကြည်ပါတယ်။ ကချင်

ပြည်နယ်အတွင်း ပိုမိုပြင်းထန်တဲ့စစ်ပွဲ၊ ပဋိပက္ခများကြောင့် ညီရင်းအစ်ကိုတိုင်းရင်းသား ပြည်သူများဖြစ်တဲ့ ကချင်ပြည်သူလူထုအနေနဲ့ ယခုထက်ပိုမိုပြီး ဆင်းရဲဒုက္ခခံစားရမှုကို ဖြစ်ပေါ်လာမှာကိုလည်း များစွာစိုးရိမ်မိတဲ့အတွက် ကြီးမားဆိုးရွားသော အဖြစ်အပျက်များ မပေါ်ပေါက်စေဘဲ နှစ်ဖက်အပစ်အခတ်လုံးဝရပ်စဲကာ တွေ့ဆုံဆွေးနွေးမှုများ အမြန်ဆုံးဆောင်ရွက်သင့်ပြီလို့ လေးနက်စွာယုံကြည်ပါတယ်။ သို့ဖြစ်တဲ့အတွက် ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ဒေါ်ဒွဲဘူတင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးနက်စွာ ထောက်ခံတင်ပြပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအားလုံးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဋ္ဌေး(ပြည်ထောင်စုဝန်ကြီး၊နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဋ္ဌေးဖြစ်ပါတယ်။ ဒီကနေ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဒေါ်ဒွဲဘူရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရကိုယ်စား ကျွန်တော်တတ်နိုင်သမျှ ဆွေးနွေးရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကလည်း ဒီအဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားကြတာကို ကျွန်တော့်အနေနဲ့ မှတ်သားမိပါတယ်။ ဒီကနေ့ တစ်ကယ်တမ်း ခြုံငုံသုံးသပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီလွှတ်တော်အတွင်းမှာ ရောက်ရှိနေကြတဲ့ပုဂ္ဂိုလ်အားလုံးမှာ ကွဲပြားခြားနားမှုမရှိဘဲနဲ့ အင်မတန်တူညီတဲ့အမြင်တွေကို ခံယူထားတယ်။ လုပ်ငန်းစဥ်တွေ၊ ရည်မှန်းချက်တွေလဲ အားလုံးတူညီတယ်ဆိုတာကို ပဏာမတင်ပြလိုပါတယ်။ သို့သော် ဒါတွေဟာသဘောတရားတွေ ဖြစ်တဲ့အတွက်ကြောင့် လက်တွေ့ဆောင်ရွက်တဲ့အခါမှာတော့ လက်တွေ့ဘဝနဲ့ ဆောင်ရွက်ရတဲ့အနေ အထားဖြစ်ပါတယ်။ ဒီလက်တွေ့ဘဝ ဆောင်ရွက်တဲ့နေရာမှာသာလျှင် ကောင်းမွန်တဲ့၊ မှန်ကန်တဲ့ရလာဒ်ကောင်းတွေ အမြန်ပေါ်ထွန်းလာအောင် ကျွန်တော်တို့အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့တော့ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ထာဝရဦးထိပ်ပန်ဆင်တဲ့သဘောထားကို မြဲမြံစွာခံယူထားရှိပါတယ်။ ပြည်သူတို့ရဲ့ အသက်အိုးအိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ ဘယ်သောအခါမှ ပြောင်းလဲမှာမဟုတ်တဲ့

ထာဝရရည်မှန်းချက်များပဲ ဖြစ်ပါတယ်။ ပြည်သူအများစုလိုလားတောင့်တတဲ့ နိုင်ငံရေးရဲ့အနှစ်သာရ ဟာလည်း ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမှ တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းမှာဖြစ်ပြီး ဒီကနေတစ်ဆင့် ဒီမိုကရေစီထွန်းကားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဆီကို ဆောင်ကျဉ်းပြီး တော့ သွားပေးနိုင်မယ်လို့လည်း ကျွန်တော်တို့ အလေးအနက်ခံယူထားတာ ဖြစ်ပါတယ်။ ဒီ ငြိမ်းချမ်းရေးကို ဖျက်ဆီးတဲ့အရာကတော့ လက်နက်ကိုင်လမ်းစဉ်ပဲ ဖြစ်ပါတယ်။ အတိတ်က အကြောင်းဖြစ်ရပ်အမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့တဲ့နိုင်ငံရေးကို လက်နက်ကိုင်လမ်းစဉ်နဲ့ဖြေရှင်းမှုဟာ မိမိတို့နိုင်ငံရဲ့ အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖြစ်တည်နေဆဲဖြစ်တယ်လို့ ကျွန်တော်တို့ မှန်ကန်စွာပဲ ခံယူရမှာဖြစ်ပါတယ်။ ဒီကနေ့ကာလ မြန်မာနိုင်ငံတော်ဟာ ဖွဲ့စည်းပုံအခြေခံဥဒေနဲ့အညီ လွှတ်တော် နှစ်ရပ် ပေါ်ထွန်းပြီးဖြစ်တဲ့အားလျော်စွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအရပ်ရပ်ကို ပြည်သူ့ကိုယ်စားလှယ်အသီးသီးက ပြည်သူလူထုကိုကိုယ်စားပြုပြီး ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွှတ်တော်များမှာ မျက်နှာစုံညီ ညှိနှိုင်းအဖြေရှာပြီးတော့ ဥပဒေပြုကာ အကောင်အထည်ဖော် ဆောင်ရွက်နေတာဟာ ဒီကနေ့ ပကတိအမှန်တရားအဖြစ် ကျွန်တော်တို့ တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးကို လက်နက်ကိုင်လမ်းစဉ်နဲ့ဖြေရှင်းတဲ့အခြေအနေ မဟုတ်တော့တာကို ကျွန်တော်တို့ အလေးအနက်ခံယူကြရမှာ ဖြစ်ပါတယ်။ ဒီ တပ်မတော်အစိုးရလက်ထက်မှာလည်း လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်တဲ့ အစီအစဉ်တွေကြောင့် သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ သာမက ဒေသခံပြည်သူလူထုတစ်ရပ်လုံးကပါ ငြိမ်းချမ်းရေးရဲ့အနှစ်အရသာဖြစ်တဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့တဲ့ သာဓကများကိုလည်း ကျွန်တော်တို့ လက်တွေ့ ခံစားတွေ့မြင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ မြန်မာ့တပ်မတော်နဲ့ KIA တို့ရဲ့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ကနေ စတင်ဖြစ်ပွားတဲ့ ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းဖို့နဲ့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် အထူးပဲကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ့တပ်မတော်ကလည်း ငြိမ်းချမ်းရေးကိုရှေးရှုပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ ၁၈၀၀ နာရီအချိန်ကစပြီးတော့ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကချင်ပြည်နယ်၊ တည်ငြိမ် အေးချမ်းမှုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး KIA, KIO အဖွဲ့များနဲ့ဆွေးနွေးကာ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးမှုနဲ့ ဒီကနေတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးတစ်နည်းအားဖြင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဆက်လက် ဆွေးနွေး အကောင်အထည်ဖော်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အဖွဲ့ဟာ ၂၀၁၁ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ကနေ ဩဂုတ်လ ၂၄ ရက်နေ့အထိ တွေ့ဆုံဆွေးနွေးမှု ၃ ကြိမ်

နဲ့ စာနဲ့အပြန်အလှန်ဆက်သွယ်မှု ၂၁ ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။ KIO အဖွဲ့ရဲ့ လိုလားချက်၊ တောင်းဆိုချက်အားလုံးကိုလည်း ပြည်ထောင်စုအစိုးရကနေ ငြိမ်းချမ်းရေးကိုရှေးရှုပြီးတော့ အစွမ်းကုန် လိုက်လျောပေးခြင်းဖြင့် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းရေး သဘောတူညီချက်မူကြမ်းကို ကျွန်တော်တို့ အပြီးသတ်နိုင်ခဲ့ပါတယ်။ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပမယ့် အစီအစဉ်တွေ၊ တက်ရောက်ကြမယ့် မြို့မိ၊ မြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ လူထုလူတန်းစား အသီးသီးရဲ့အကြီးအကဲများကိုလည်း ဖိတ်ကြားဖို့ ကျွန်တော်တို့ သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုအခြေအနေရောက်တဲ့အချိန်မှ KIA နဲ့ KIO အဖွဲ့များအနေနဲ့ တစ်ဆင့်တက်တဲ့ နိုင်ငံရေး မျှော်မှန်းချက် Political Insparation ကို တိုးမြှင့်ပြီးတော့ ဒီငြိမ်းချမ်းရေးဟာ ဒီတစ်ဖွဲ့တည်းနဲ့ ဆောင်ရွက်လို့မရဘူး UNFC ကနေခေါင်းဆောင်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အားလုံးကို ကိုယ်စားပြုပြီး တစ်ပြိုင်နက်တည်းငြိမ်းချမ်းရေးကို ဆောင်ရွက်ရန်ဆိုတဲ့ သဘောထားကို အကြောင်းပြပြီးတော့ ဒီသဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စ ကို နောက်ဆုံးအခြေအနေမှာမှ ဆိုင်းငံ့ခဲ့တာ ဖြစ်ပါတယ်။ ဒီလို ဆိုင်းငံ့ခဲ့တဲ့အတွက်ကြောင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေကို ရောက်ရှိခဲ့ရခြင်း ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း KIA အဖွဲ့အနေဖြင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှာ ဒီအပြစ်မဲ့ပြည်သူ ၇ ဦးကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းနဲ့ ဗန်းမော်-မြစ်ကြီးနားကားလမ်းကို ပိတ်ဆို့ရန်ရည်ရွယ်ချက်နဲ့ စီရင် ဆောင်ရွက်မှုများ၊ ဖောက်ခွဲပစ္စည်းဖျက်ဆီးမှုများကို မရေမတွက်နိုင်သော အကြိမ်များဆောင်ရွက်ခဲ့ ပါတယ်။ ဘယ်လိုဖြစ်စေကာမူ ပြည်ထောင်စုအစိုးရအနေနဲ့တော့ ပြည်သူလူထုရဲ့ အသက်အိုးအိမ် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကျိုးစီးပွားကို ဦးထိပ်ထားပြီးတော့ ငြိမ်းချမ်းရေးဖိတ်ခေါ်မှု သဘောထားကို ယနေ့ထက်တိုင် ပြောင်းလဲခြင်းမရှိသေးကြောင်း တင်ပြလိုပါတယ်။ ပြည်ထောင်စု အစိုးရအနေနဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းလိုတဲ့ သဘောထားဆန္ဒအလျဉ်းမရှိဘဲ မှန်ကန်တဲ့စေတနာ၊ မျှော်မြင်တဲ့အသိ၊ နားလည်စာနာတဲ့စိတ်ထား များနဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ဆွေးနွေးညှိနှိုင်းလိုတဲ့သဘောထားကိုသာ ခံယူ လက်ခံထားရှိပါတယ်။

ဒါကြောင့်လည်း အခြေခံဥပဒေနဲ့အညီ အသွင်ကူးပြောင်းခြင်းမပြုနိုင်သေးတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁)နဲ့ ထုတ်ပြန်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါတယ်-

ဒီလိုကမ်းလှမ်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအနေနဲ့ အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ဝ၊ ရှမ်း၊ ကရင်၊ မွန်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တွေကနေ ဆွေးနွေးပွဲတွေကို ဆောင်ရွက်ပြီး နှစ်ဖက်အပစ်အခတ် ရပ်စဲရေး၊ နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖက်မှထိန်းသိမ်းထားသော နယ်မြေအတွင်းသွားလာလိုပါက ကြိုတင်ခွင့်ပြုချက်ရယူရေး၊ စစ်အင်အားတိုးချဲ့ခြင်းနှင့် စစ်ရေးလှုပ်ရှားမှုများ မပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးများကို အတူတကွပူးပေါင်းဆောင်ရွက်ရေးစတဲ့ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီလိုပဏာမ သဘောတူညီချက်ရရှိပြီးတဲ့ အဖွဲ့အစည်းများနဲ့တော့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးတဲ့နေရာမှာ ပြည်ထောင်စုအတွင်းမှ ခွဲထွက်မှုမပြုရေးနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရေး၊ နှစ်ဖက်ဆက်ဆံရေးရုံးများဖွင့်လှစ်ကာ ပုံမှန်ဆက်ဆံမှုပြုရေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတူတကွဆောင်ရွက်ရေးနဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ရရှိရေး၊ အထောက်အကူပြု နိုင်ငံ့ဝန်ထမ်းများ စေလွှတ်ပေးရေး၊ စီးပွားရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိက ညှိနှိုင်းခဲ့တဲ့နေရာမှာ "ဝ'' အထူးဒေသ(၂)နဲ့ မိုင်းလားအထူးဒေသ(၄)အဖွဲ့များနှင့် ပြည်ထောင်စုအဆင့်ပဏာမ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။ လုပ်ငန်းများလည်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ထာဝရငြိမ်းချမ်းရေးဆိုတာဟာ တရားဥပဒေဘောင်အတွင်း ဝင်ရောက်နေထိုင်ရေးဖြစ်တာကို ပကတိအမှန်တရား အရခံယူရမှာပဲ ဖြစ်ပါတယ်။ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်မယ်ဆိုပါကလည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဖို့လိုအပ်တာဟာလည်း ရှောင်လွှဲမရတဲ့ဖြစ်စဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအကြား လက်နက်ကိုင်ဖြေရှင်းမှုဖြင့် ငြိမ်ချမ်းရေးမရရှိနိုင်တာကို လွတ်လပ်ရေးရရှိခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော်ကာလက သက်သေပြခဲ့ပြီး ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဒီဖြစ်ရပ်များကြောင့် အစားထိုးလို့မရရှိနိုင်တဲ့ ဆုံးရှုံးမှုများကို အတိတ်သင်ခန်းစာများအဖြစ် ကိုယ်တိုင်ကိုယ်ကျခံစားခဲ့ရပြီး ဖြစ်ပါတယ်။ ဒီအမွေဆိုးတွေကို မိမိတို့ရဲ့အနာဂတ်မျိုးဆက်သစ်များကို ဆက်လက် လက်ဆင့်ကမ်းပေးခြင်း မဖြစ်သင့်သည်ကိုလည်း ကြီးမားတဲ့သတိတရားဖြင့် ရှုမြင်ဆင်ခြင်အပ်တာဖြစ်ပါတယ်။

လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မယ်ဆိုပါက တိုင်းရင်းသားညီအစ်ကိုများရဲ့ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အစိုးရကနေ အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးရမှာလည်း မလွဲဧကန် ဖြစ်ပါတယ်။

လက်ရှိကချင်ပြည်နယ်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေလုံခြုံမှုရှိသောဒေသတွေကိုရွှေ့ပြောင်းသွားရတဲ့ အိမ်ထောင်စုများနဲ့ လူဦးရေများကိုလည်း ကယ်ဆယ်ရေးစခန်း ၃၈ ခု ဖွင့်လှစ်ပြီးတော့ နိုင်ငံတော်အစိုးရပိုင်းကလည်းကောင်း ကုလသမဂ္ဂအဖွဲ့အစည်း INGO၊ NGO များနဲ့ ညှိနှိုင်းပြီးတော့လည်းကောင်း စားနပ်ရိက္ခာနဲ့ ကယ်ဆယ်ရေးပစ္စည်းများလည်း လုံလောက်စွာ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်စပ်ဒေသများရဲ့ တည်ငြိမ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ဟာ ဒီဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ ဆက်စပ်တည်မှီနေသကဲ့သို့ တစ်ဖက်မှာလည်း ဒေသခံဖွံ့ဖြိုးရေးတိုးတက်ဖို့အတွက် အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဟာ မရှိမဖြစ် အဓိကအရေးကြီးတဲ့ လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများဟာ ကျဥ်းမြောင်း တဲ့ လူမျိုးစွဲ၊ ဒေသစွဲအယူအဆများကို စွန့်လွှတ်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုရယူကာ ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ပြီးတော့ ဒေသအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်သွားကြမှသာ ကျွန်တော်တို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း အမှန်ပေါ်ရောက်ရှိမယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဖော်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ ကချင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး ပြည်သူများရဲ့ဘဝလုံခြုံစိတ်ချရေးနဲ့ ထာဝရငြိမ်းချမ်းရေး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးကို အလွန်ပဲလိုလားပါတယ်။ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး ငြိမ်းချမ်းစွာ ဖြေရှင်းရမယ်လို့လည်း အလေးအနက် ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးတံခါးကို လည်း အစဉ်အမြဲဖွင့်လှစ်ထားပြီး ယခု KIA၊ KIO ဘက်က ဆွေးနွေးလာမယ်ဆိုရင်လည်း လက်ခံဖို့အသင့်ရှိနေကြောင်း တင်ပြလိုပါတယ်။ နှစ်ဦးနှစ်ဖက် ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့လည်း အလေးအနက် ယုံကြည်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အထူးအကြံပြုတင်ပြလိုတဲ့ အချက်တစ်ချက်ရှိပါတယ်။ ယခု ဖြစ်ရပ်နှင့်အခြေအနေအားလုံးကို သုံးသပ်မယ်ဆိုရင် ကချင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခုတည်းက ဆောင်ရွက်ရုံမျှဖြင့် လုံလောက်မှုမရှိဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ဖြစ်ပါတယ်။

ဒေသခံပြည်သူများအားလုံးအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကနေပြီးတော့ စေတနာအမှန်နဲ့ပါဝင်ဆောင်ရွက်ရန် လိုအပ်မယ်လို့ ကျွန်တော်အနေနဲ့ သုံးသပ်လိုပါတယ်။ ဒါ့ကြောင့် ဒီကနေ့ပြည်သူ့လွှတ်တော်က တင်သွင်းတဲ့အဆိုမှာ ကျွန်တော့်အနေနဲ့မူအားဖြင့် မည်သည့်ကန့်ကွက်မှုမှ ဆောင်ရွက်ရန်မရှိဘဲနဲ့ ဒီအဆိုကို ပိုမိုပြီးပြည့်စုံဖို့အတွက် ဒီနေရာမှာ လွှတ်တော်က တိုက်တွန်းကြောင်းဆိုတဲ့ နေရာလေးမှာသာ လွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသို့ တိုက်တွန်းကြောင်းဆိုတဲ့ စာသားလေးဖြည့်စွက်မယ်ဆိုရင်တော့ ဒီအဆိုဟာ ပိုမိုပြီးမြောက်ပြည့်စုံမယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြအပ်ပါကြောင်း လေးစားစွာပန်ကြားရင်းနဲ့ လွှတ်တော်ကြီးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အခုလို ဆွေးနွေးပေးသွားတဲ့အတွက် ဆွေးနွေးသူအားလုံးကို ကျေးဇူးတင်ကြောင်း ပဏာမပြောလိုပါတယ်။ ဆွေးနွေးသွားတဲ့နေရာမှာ တချို့စကားအသုံးအနှုန်းလေးတွေ သတိပြုဖို့ ထောက်ပြလိုပါတယ်။ လက်နက်ကိုင်ပဋိပက္ခ အဖွဲ့အစည်းများရဲ့ခေါင်းဆောင်များကို ခေါ်ဝေါ်သုံးစွဲ တဲ့နေရာမှာ တရားဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းမဟုတ်တဲ့အတွက် ရှေ့ကရာထူး၊ ဌာနတွေမဖော်ပြ သင့်ပါဘူး။ ဒါလေးတွေ သတိပြုဖို့လိုပါတယ်။ ဖော်ပြမယ်ဆိုလို့ရှိရင် ဦးဘယ်သူ သို့မဟုတ်လို့ရှိရင် သူရဲ့ တိုင်းရင်းသားနာမည်ရှေ့မှာ ခေါ်သင့်တဲ့ စော စသဖြင့်ပေါ့လေ။ ဒါမျိုးတွေ ထည့်ပြီတော့ ဖော်ပြရမှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ လက်နက်ကိုင် ပဋိပက္ခဖြစ်တဲ့နေရာမှာ တစ်ဖက်က အစိုးရ၊ တစ်ဖက်က လက်နက်ကိုင်ပဋိပက္ခဖြစ်သူများ နေရာမှာလည်း သုံးစွဲသွားတာမှာ **မိဘနှစ်ပါး ရန်ဖြစ်ရင်**ဆိုတဲ့ဟာသည် အဓိပ္ပါယ်တစ်မျိုးပေါက်နိုင်ပါတယ်။ ဒါကြောင့် မိဘနှစ်ပါး မဖြစ်သင့်ပါဘူး။ ပြောမယ်ဆို ရင်လည်း **ညီအစ်ကိုအချင်းချင်း** စသည်ဖြင့် ဒီလိုသုံးနှုန်းသင့်ပါတယ်။ အဲဒီနည်းတူပဲ ပြည်ထောင်စု ဘက်အနေနဲ့ ပြောဆိုသုံးစွဲတဲ့နေရာမှာ **မရေမတွက်နိုင်သောအကြိမ်များ** ဆိုတဲ့ အစားပေါ့လေ။ ကြိမ်ဖန် များစွာ သို့မဟုတ် အရေအတွက် အတိအကျရှိတယ်ဆိုရင် အတိအကျ ဒီလိုပဲ ဖော်ပြသင့်ပါတယ်။ နောက်တစ်ခုကတော့ သူသူကိုယ်ကိုယ် မိမိရဲ့ယုံကြည်မှုမှာ မူတည်ပြီးတော့ ကျဉ်းမြောင်းတယ်လို့ သာဓကဆွေးနွေးပွဲတစ်ခုမှာ ကြုံလာပါတယ်။ ဒါဘာလဲဆိုရင် လက်နက်ကိုင် သောင်းကျန်းမှု ဒီလိုပြောတဲ့အတွက် တစ်ချိန်တုန်းက အဲဒီအဖွဲ့အစည်းမှာ နေခဲ့တဲ့ပုဂ္ဂိုလ်ဟာ အဲဒီစကားကိုသာ သုံးမယ်ဆိုရင် ရှေ့ဆက်ပြီးတော့ ဘယ်လိုမှဆွေးနွေးလို့မရဘူး။ ဒါ့ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ ရွေးလိုက်တဲ့အခါမှာ လက်နက်ကိုင်ပဋိပက္ခ ဆိုတဲ့စကားလုံးရွေးရတဲ့အနေအထားရှိပါတယ်။ ဒီအတိုင်းပဲ ကျဉ်းမြောင်းတဲ့အယူအဆ ဒါမျိုးလေးတွေ ပါမယ်ဆိုရင်လည်း တစ်ဖက်ကခံချင်မှခံနိုင်မယ့် အနေအထားဖြစ်တဲ့အတွက် ဒါလေးတွေလည်း

ကျွန်တော်တို့ အမြဲသတိပြုရမယ့်သဘောဖြစ်ပါတယ်။ ဒီနေ့နှစ်ဦးနှစ်ဖက် ဟိုဘက်ဒီဘက် ဖြစ်နေတဲ့ကိစ္စဟာ အင်မတန်မှ စိတ်မကောင်းစရာပဲဖြစ်ပါတယ်။ ယခု ဆွေးနွေးသွားတာနဲ့ပတ်သက်ပြီး တော့လည်း ဒီအချက်တွေက သတိပြုဆောင်ရွက်ရမယ့်ကိစ္စများ ဖြစ်သလို တကယ်လိုက်နာ ကျင့်သုံးမယ် ဆိုလို့ရှိရင် ပထမဦးဆုံး အပစ်အခတ်ရပ်စဲရေးမှသည် ယာယီ၊ ယာယီမှသည်ထာဝရ ဖြစ်နိုင်စရာအကြောင်းရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်လည်း တပ်မတော်သားတစ်ယောက်အနေဖြင့် နှစ်ပေါင်း ၄၀ ကျော်တာဝန်ထမ်းဆောင်ခဲ့ရတဲ့သူဖြစ်တဲ့အတွက် တပ်မတော်သားတစ်ယောက်ရဲ့ ဘဝနဲ့ယှဉ်ပြီး တိုင်းရင်းသားညီနောင်များစုံတယ်။ ပြည်သူ့ကိုယ်စားလှယ်များစုံတဲ့အတွက် အနည်းငယ် တင်ပြခွင့်ပြုပေးဖို့လည်း ပန်ကြားလိုပါတယ်။ ကျွန်တော်တို့ တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ဖို့၊ နိုင်ငံတော်လုံခြုံရေးဆောင်ရွက်ဖို့ အဓိကတာဝန်။ နိုင်ငံတော်ကာကွယ်ဖို့ဆိုတဲ့နေရာမှာ ပြည်တွင်း ပဋိပက္ခအတွက်ဆောင်ရွက်ဖို့မဟုတ်ဘဲနဲ့ ပြည်ပကျူးကျော်မှု ပြည်ပရန်ကာကွယ်ဖို့အတွက် အဓိကဖွဲ့စည်း ထူထောင်ထားတာဖြစ်ပါတယ်။ ဒီတပ်မတော်ထဲမှာလည်း တိုင်းရင်းသားညီအစ်ကိုအားလုံး ပါဝင်ထား တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တပ်မတော်သည်ပင်လျှင် အခေါ်အားဖြင့် ပြန်ကြည့်မယ်ဆိုရင် မြန်မာ့တပ်မတော်၊ တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီးတော့ မြန်မာနိုင်ငံကိုကာကွယ်ဖို့ဆိုတဲ့ ရည်ရွယ်ချက် နဲ့တည်ထောင်ထားတာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ တပ်မတော်သားဘဝခံယူပြီးဆိုတဲ့အခါမှာ ကျွန်တော်တို့ တပ်မတော်သားအနေနဲ့ သစ္စာအဓိဋ္ဌာန်လေးချက် သီဆိုရပါတယ်။ အဲဒီအထဲမှာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဆိုပြီးတော့ လိုအပ်လာမယ် ဆိုရင် ငါနိုင်ငံတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်မယ်ဆိုတဲ့ အဓိဋ္ဌာန်ပြုထားတဲ့သူများ ဖြစ်ပါတယ်။ အဲဒါဘယ်အတွက်လည်းဆိုရင် ပြည်ပရန်နဲ့ ပြည်ပကျူးကျော်လာမယ့်ကိစ္စမျိုးတွေ အတွက် အသက်ကို စွန့်လွှတ်ဖို့ဝန်လေးကြသူများ မဟုတ်ပါဘူး။ သို့ရာတွင် ပြည်တွင်းမှာ အခုလို လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာတယ်ဆိုလို့ရှိရင် တပ်မတော်သားဖြစ်ပေမယ်လို့ သဘာဝအရ ဒီလိုကိစ္စမျိုးမှာ တိုင်းရင်းသားအချင်းချင်းဖြစ်တဲ့အချိန်မှာ သေမှာကြောက်ပါတယ်။ ငြိမ်းချမ်းရေးကို အလိုလားဆုံး ဘယ်သူတွေဖြစ်မလဲဆိုတဲ့အခါ ခုနက တင်ပြသွားတဲ့နေရာမှာတော့ သက်ဆိုင်ရာ တိုင်းရင်းသား၊ ဒေသခံတွေက အလိုလားဆုံးလို့ပြောဆိုသော်လည်း ကျွန်တော်ရဲ့ တွေ့ကြုံရတဲ့ခံစားမှု အရ ကျွန်တော်တို့ တပ်မတော်မှာ အလိုအပ်ဆုံး၊ အလိုလားဆုံး ဖြစ်ပါတယ်။ မတိုက်ချင်ပါဘူး။ မပစ်ခတ်ချင်ပါဘူး။ အတွေ့အကြုံနဲ့ယှဉ်ပြီးပြောရမယ်ဆိုရင် ကျွန်တော် ကချင်ပြည်နယ်၊ မိုးကောင်း ဒေသမှာ စစ်ဆင်ရေးကွပ်ကဲမှုဌာန၊ ဌာနချုပ်မှူးအဖြစ် ကျွန်တော် ရောက်ရှိပါတယ်။ အဲဒီလိုရောက်ရှိ တဲ့အချိန်မှာ ကချင်ပြည်နယ်၊ မိုးကောင်းဒေသ၊ တနိုင်းဒေသမှာရှိတဲ့ ကချင်တိုင်းရင်းသားညီအစ်ကို

များက ပြောပါတယ်။ တပ်မမှူး ယခင်တုန်းကဆိုရင် အခုတနိုင်းကနေပြီးတော့ မြစ်ကြီးနားအထိ လာဖို့ဆိုရင် တစ်ပါတ်ကြာရင်ကြာတယ်။ နှစ်ပါတ်ကြာရင်ကြာတယ်။ တစ်ခါတစ်ခါ တစ်လလောက် ကြာတယ်။ ဘာကြောင့်လဲ။ လမ်းမှာတိုက်ပွဲတွေဖြစ်လို့။ အဲဒီတုန်းက အပစ်အခတ်ရပ်စဲရေး၊ ယာယီ ငြိမ်းချမ်းရေးမရခင်ကာလတုန်းက ကျဆုံးသွားတဲ့ ကချင်တိုင်းရင်းသားများ၊ ဒေသခံပြည်သူများ၊ တပ်မတော်သားများ အလောင်းတွေစီမယ်ဆိုရင် အဲဒီတနိုင်းကနေပြီးတော့ မြစ်ကြီးနားအထိ ခြေနဲ့ ခေါင်းနဲ့စီသွားမယ်ဆိုရင် အဲဒီလောက်ထိတောင်ရောက်မယ်လို့၊ ထင်တယ်လို့ ဒေသခံတိုင်းရင်းသား များ ပြောပါတယ်။ ဒါပေမယ့် ၁၉၉၄-၁၉၉၅ ကျတဲ့အခါကျတော့ အပစ်အခတ်ရပ်စဲမှုမရှိဘူး။ ယာယီ ငြိမ်းချမ်းရေးရတယ်။ ရတဲ့အတွက် တနိုင်းကနေပြီတော့ မြစ်ကြီးနားအထိ အချိန်မရွေး၊ နေ့ညမရွေး သွားနိုင်တဲ့အနေအထားရှိသလို ဗန်းမော်မှ မြစ်ကြီးနားစသည်စသည်ဖြင့် အချိန်မရွေးသွားနိုင်တဲ့ အနေအထားရှိတယ် လုံခြုံရေးမလိုဘူး။ အဲဒီအတွက် ဒေသကပြည်သူများအင်မတန် ဝမ်းမြောက် ဝမ်းသာဖြစ်တယ်လို့ ပြောပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်လည်း ကြိတ်ပြီးတော့ ကျွန်တော်တို့လည်း အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက်ရော၊ မိမိတို့ရဲ့အသက်ရော၊ မိမိတို့ရဲ့ ခြေထောက်တွေရော၊ လက်တွေရော။ ဒီနေရာမှာလည်း တပ်မတော်သားကိုယ်စားလှယ်များ ကတော့ ဆွေးနွေးတာမရှိပါဘူး။ သို့ရာတွင် တပ်မတော်သားကိုယ်စားလှယ်ထဲကမှ ဒီနေ့ တက်ရောက် လာတဲ့ ကိုယ်စားလှယ်တစ်ဦးဟာ ကျွန်တော်တို့တပ်မတော်သား ကျွန်တော်တို့အခေါ် EA1, EA2 မသန်မစွမ်းစစ်သည်များအတွက် ဒီနေ့ဘယ်လောက်ထိ ဆောင်ရွက်ပေးနေရတယ်။ သေဆုံးမှုရှိတဲ့ စစ်သည်များအတွက် ဘယ်လောက်ထိ ဆောင်ရွက်ပေးနိုင်တယ်။ ဆောင်ရွက်ပေးနေရတယ်ဆိုတာ လည်း ဘယ်နေရာတွေမှာဖြစ်ခဲ့တဲ့ တိုက်ပွဲတွေလဲ။ ဘယ်နေရာဖြစ်ခဲ့တဲ့ ပစ်ခတ်မှုတွေလည်း။ ပြန်စဉ်းစားမယ်ဆိုရင် ကျွန်တော်တို့ ပြည်တွင်းမှာပဲဖြစ်ခဲ့ပါတယ်။ အဲဒီအတိုင်းပဲ ခုနက တစ်ဖက် လက်နက်ကိုင်အဖွဲ့အစည်းထဲမှာရှိကြတဲ့ သေဆုံး၊ ဒဏ်ရာရတဲ့သူများလည်း ကိုယ်ရဲ့ညီအစ်ကို မောင်နှစ်မပဲ ဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ကြားမှာရှိကြတဲ့ ပြည်သူများ၊ မိဘပြည်သူများအနေနဲ့လည်း ဒီလိုပဲ သေဆုံးတာတွေ အများကြီးပါပဲ တစ်ချိန်က ဒီမှာတင်ပြသွားပါတယ်။ ဦးစောသန်းနိုင်တို့ ဖာပွန်နဲ့ ကမာမောင်းကြားသွားတဲ့နေရာမှာ အမြဲပဲရွတ်ဖတ်ပြီး သွားရတယ်။ ပြီးတော့ ခြေထောက်ကိုခေါင်းပေါ် တင်သွားရတယ်။ အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားများ၊ ညီအစ်ကိုများကလည်း ဒီနေ့ ခြေထောက် နှစ်ဖက်မရှိ၊ ခြေထောက်တစ်ဖက်မရှိ၊ လက်မရှိ ဒါမျိုးတွေ အများကြီးဖြစ်လို့ ကျောက်ကြီးဒေသမှာရှိတဲ့ တိုင်းရင်းသား ညီအစ်ကိုများကလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ ဒါတွေဟာ ဘယ်သူတွေ ဆုံးရှုံးလဲ ဆိုတော့ ကျွန်တော်တို့နိုင်ငံမှာပဲရှိတဲ့ တိုင်းရင်းသားညီအစ်ကိုတွေပဲ အားလုံးဆုံးရှုံးတာဖြစ်တယ်။

ဒီဟာကတော့ ဘယ်သူမှ လိုလားနှစ်သက်တဲ့သူရှိမှာ မဟုတ်ဘူး။ သို့ရာတွင် ဒီနေ့မိမိတို့ မလိုလားဘူး၊ မလိုချင်ဘူးဆိုတဲ့ဟာတွေက ဒီနေ့မိမိတို့နိုင်ငံအတွင်းမှာ ဖြစ်နေတယ်။ အဲဒီလိုဖြစ်တဲ့နေရာမှာ၊ ကချင်ပြည်နယ်မှာ၊ ရှမ်းပြည်နယ်မှာ အခုဆိုရင်ကရင်ပြည်နယ်မှာ၊ မွန်ပြည်နယ် အခုလိုတနင်္သာရီတိုင်းမှာ အနည်းအကျဉ်းရှိတာကို ဒီလိုဖြစ်တဲ့နေရာမှာ ဝမ်းနည်းစွာနဲ့ပဲ ကချင်ပြည်နယ်က ဒီနေ့ အပစ်အခတ်ရပ်စဲရေးမရတာ အင်မတန်မှဆိုးရွားတဲ့အနေအထား ဖြစ်ပါတယ်။ ဘာကြောင့်ဆိုတာကတော့ ကျွန်တော့်အနေနဲ့ အဓိက ကျွန်တော်မ သုံးသပ်ပြချင်တော့ပါဘူး။ အင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ အဲဒီနေရာမှာ ခုနက ကချင်ပြည်နယ်ဒေသမှာ ရှိကြတဲ့ ဒေါ်ဒွဲဘူဆွေးနွေးသွားသလိုပဲ တချို့ဆိုရင် အိုးအိမ်တွေစွန့်ခွာပြီးတော့ ထွက်ပြေးတိမ်းရှောင်ရတာတွေရှိတယ်။ တချို့လည်း နယ်စပ်ဘက်ကို ရောက်သွားတယ်ပြောတယ်။ တချို့လည်း မြို့အသီးသီး၊ ဒေသအသီးသီးရောက်ရှိပြီတော့ နေကြရတာရှိပါတယ်။ မြေပြင်ဆင်းကြည့်မယ်ဆိုရင် ဒီထက်ပိုပြီးတော့ စိတ်မချမ်းမြေ့မှုတွေ၊ ဘာတွေအများကြီး ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒါဖြစ်တာကတော့ မကောင်းဘူး။ မကောင်းဘူးဆိုရင် ကျွန်တော်တို့ အဖြေရှာဖို့တော့လိုပါတယ်။ အဖြေရှာတဲ့နေရာမှာသေချာတာကတော့ လက်နက်ကိုင်ပြီးတော့ အဖြေရှာနေလို့ကတော့ ဘယ်လိုမှပြီးမြောက်နိုင်တဲ့ နေအထားမရှိတဲ့အတွက် လက်နက်မကိုင်ဘဲနဲ့ ခုနကပြောသလို ငြိမ်းချမ်းရေးစားပွဲပေါ်မှာ အဖြေရှာခြင်းဟာ အကောင်းဆုံးသော အနေအထားဖြစ်ပါတယ်။ အဲလိုဖြစ်ဖို့အတွက်လည်း ခုနက ဆွေးနွေးသွားကြတဲ့ တိုင်းရင်းသားညီအစ်ကိုများရဲ့ တင်ပြချက်၊ ဆွေးနွေးချက်ထဲမှာပါပါတယ်။ ဒါကိုယုံယုံကြည်ကြည်လက်ခံပြီးတော့ ဆောင်ရွက်ဖို့လိုပါတယ်။ ဒီနေရာမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ မဆွေးနွေးကြဘူးလား။ မလုပ်ကြဘူးလား။ အခုကောလုပ်သလား။ မလုပ်ဘူးလား။ အရင်ကကောလုပ်သလား၊ မလုပ်ဘူးလား။ ပြန်ကြည့်မယ်ဆိုရင် ၁၉၈၉ အဲဒီကနေ ၉၂/၉၃ မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ရရှိအောင်ဆိုပြီး ဆောင်ရွက်ခဲ့တာတွေ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရသွားမယ်ဆိုလို့ရှိရင် လက်နက်များစွန့်လွှတ်ပြီးတော့ ထာဝရငြိမ်းချမ်းရေးအတွက် ကူးပြောင်းဖို့လိုတယ်။ ဒီလိုဆိုသော်လည်း ကျွန်တော်တို့သိတဲ့အတိုင်းပဲ ရွေးချယ်တင်မြှောက်ပွဲနီးတဲ့ အချိန်ရက်ကာလတော့ အတိအကျတော့ မမှတ်မိပါဘူး။ ကန့်သတ်ထားတဲ့ကာလအတွင်းမှာ အချို့ကတော့ တကယ်ငြိမ်းချမ်းရေးလိုချင်တဲ့ စိတ်ထားအပြည့်ရှိတဲ့အတွက် နိုင်ငံတော်နှင့်ငြိမ်းချမ်းရေးအပြည့်အဝရပြီး ဒီနေ့ BEF အဖွဲ့အစည်းများဖြစ်သလို တချို့ကြတော့ လုံးဝကိုလက်နက်စွန့်လွှတ်ခဲ့တဲ့ အနေအထားရှိပါတယ်။ ထူးထူးခြားခြား ကျွန်တော်ဒီမှာတင်ပြချင်တာကတော့ ကချင်ပြည်နယ်၊ ကချင်မျိုးနွယ်စုတွေထဲက ဦးလဇမ်အောင်ပါတို့၊ နောက်တစ်ခါ ဦးဇခုံတိမ်ယိမ်းတို့ ဒါ ကချင်ပြည်နယ်အတွင်းမှာ တစ်ခါ

ရှမ်းအရှေ့မြောက်ဘက်မှာ ကျတဲ့အခါကျတော့ ကောင်းခါးတို့၊ ကွတ်ခိုင်တို့၊ မုံပေါ်ကြီးတို့ စသည် ဖြစ်တဲ့ဒေသတွေမှာ နိုင်ငံတော်အစိုးရနဲ့ နှစ်ဖက်သဘောတူညီမှုပြီးတော့ ဆောင်ရွက်တဲ့အတွက် အဲဒီနေရာတွေမှာ အေးချမ်းမှု ကချင်ပြည်နယ်နဲ့စာလို့ရှိရင်ရှိပါတယ်။ သူတို့တွေတောင် ဒီလိုရအောင် လုပ်တယ်ဆိုလို့ရှိရင် ကျန်တဲ့ဒေါ်ဒွဲဘူအဆိုဟာဆိုလို့ရှိရင် ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခကိစ္စ ဘာကြောင့် ဒီလိုဖြစ်ရလဲဆိုတဲ့ အဖြေကိုလည်းရှာဖို့လိုပါတယ်။ ရှာပြီးတဲ့အခါမှာ ဖြစ်နိုင်ခြေရှိတဲ့အဖြေတွေနဲ့ တကယ်ညှိနှိုင်းသွားမယ်ဆိုရင်တော့ မဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်နိုင်စရာအကြောင်းမရှိပေမယ့် ဒီနေ့တော့ မလိုလားတာတွေဖြစ်နေတယ်။ မလိုလားတာတွေဖြစ်နေတဲ့အခါမှာ ကြားမှာရှိနေတဲ့ ပြည်သူတွေဒုက္ခရောက်နေတယ်။ ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက်တော့ ခုနက ပြည်ထောင်စုဝန်ကြီး ဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့ ဝိုင်းဝန်းပြီးတော့ ကြည့်ရှုစောင့်ရှောက်ဖို့လိုပါတယ်။ အခုလည်း စောင့်ရှောက်နေတယ်။ ဒါပေမယ့် လိုလားမှု ရှိ၊ မရှိ။ လိုအပ်မှု ရှိ၊ မရှိ ဆိုတာလေး ပြန်သုံးသပ်ပြီးတော့မှ အစိုးရအပိုင်း၊ ဒေသခံပြည်သူများအပိုင်း၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပိုင်း၊ အခြား NGO များအပိုင်းက ကြည့်ပြီးတဲ့အခါမှာ တကယ်လိုအပ်မယ့်ကိစ္စများကို ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့လိုချင်တဲ့ ဒေါ်ဒွဲဘူတို့တင်ပြတဲ့ ငြိမ်းချမ်းရေးဟာတော့ တကယ်လိုချင်ပြီဆိုရင်တော့ တကယ်ဖြစ်လာမယ်ဆိုတဲ့ အနေအထားရှိမှာပဲလို့ ယုံကြည်ရမှာပဲ။ ဒါ့ကြောင့်မို့လို့ ငြိမ်းချမ်းရေးရရှိရေးဟာ ခုနပြောတဲ့တပ်မတော်လို့တော့ ပြောပါတယ်။ တပ်မတော်နဲ့ ခုနက လက်နက်ကိုင်အဖွဲ့အစည်းများကြားဆိုတဲ့နေရာမှာ တပ်မတော်ကတော့ တကယ်လုပ်ချင်တာ။ ရည်ရွယ်ချက်ကတော့ မိမိတိုင်းရင်းသားများနဲ့ ဒီလို လုံးဝမဖြစ်ချင်ဘူး။ အဲဒီအတိုင်းပဲ တိုင်းရင်းသားများကလည်း ဒီလိုမဖြစ်ချင်ဘူးဆိုတဲ့ဟာမျိုးရှိမယ်ဆိုလို့ရှိရင်တော့ ပြန်ပြီးတော့ အဖြေရှာဖို့လိုပါတယ်။ အဲဒီမှာ ခုနက တိုင်းရင်းသားရေးရာဝန်ကြီး တင်ပြသွားတဲ့နေရာမှာ အပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်တဲ့နေရာမှာဘာဖြစ်လို့ ဒီအဖွဲ့အစည်းဟာ ကျန်သွားလဲ။ ကျန်နေသလဲဆိုတဲ့ အဖြေကိုလည်းရှာဖို့ပါ။ ဘာဖြစ်လို့ ကျန်သွားသလဲ ကျန်တဲ့အဖွဲ့အစည်းတွေရနေပြီ။ ဒီအဖွဲ့အစည်းကဘာလို့ကျန်သွားသလဲဆိုတာလဲအဖြေရှာဖို့လိုပါတယ်။ အဲဒီအပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီနေရာမှာ တချို့ဆွေးနွေးသွားတာရှိပါတယ်။ ကျွန်တော်တို့တွေ သူများရဲ့မြောက်ပင့်သွေးခွဲမှုကြောင့် ဒီလက်နက်ကိုင် ပဋိပက္ခတွေဖြစ်တယ်ဆိုတာလည်း သမိုင်းကြောင်းကို ပြန်ကြည့်ပါ။ ဟုတ်လား၊ မဟုတ်လားတွေ့ပါလိမ့်မယ်။ သေချာပါတယ်။ ရှမ်းအရှေ့မြောက်ဒေသမှာ ဖြစ်တယ်။ ခုနက ကချင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ အခြားအခြားနေရာတွေမှာ ကရင်ပြည်နယ်မှာဖြစ်ခဲ့တဲ့ တွေ့ကြုံခဲ့တာမှာ

ကြည့်မယ်ဆိုလို့ရှိရင် သွေးထိုး၊ မြှောက်ပင့်၊ ဂုန်းချောပြီးတဲ့အခါ ဘာလဲဆိုတော့ ဒီလိုမဖြစ်ဖြစ်အောင် ဖန်တီးပေးတဲ့ အခါမှာ လေ့ကျင့်ခန်းတွေပေး၊ လေ့ကျင့်ရေးပေး။ သူများနိုင်ငံနယ်စပ်မှာ၊ ပြီးတဲ့အခါမှာ ငွေတွေပေး။ ပြီးတဲ့အခါမှာ လက်နက်တွေပေး၊ ဒီဟာမျိုးတွေကလည်း ရှိနေတဲ့အတွက် အဲဒီလို အဖွဲ့အစည်းများကိုလည်း မြင်အောင်ကြည့်ပြီးတဲ့အခါမှာ ဒါမျိုးဝင်မလာအောင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကြည့်ရှုပေးဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျွန်တော်တို့တွေဟာ အခုလိုပဲဖြစ်မယ် ဆိုတဲ့အနေအထား ဖြစ်ပါတယ်လို့ ကျွန်တော်တပ်မတော်ထဲမှာ နှစ်ပေါင်းလေးဆယ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့တုန်းက တွေ့ကြုံတဲ့အတွေ့အကြုံနဲ့အမြင်ကို လွှတ်တော်ကတစ်ဆင့် နိုင်ငံတော်ပေါ့။ နိုင်ငံတော်ကိုတင်ပြရင်း တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် ပြည်သူ့ကိုယ်စားလှယ်များအား တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့တော့ အင်မတန်မှ ဒေါ်ခွဲဘူတင်ပြတဲ့အဆိုဟာ အင်မတန်မှကောင်းပါတယ်။ စေတနာပါပါတယ်။ နောက် ဆန္ဒတွေ ပါပါတယ်။ ဒီအပေါ်ဆွေးနွေးကြတဲ့ ပုဂ္ဂိုလ်များကလည်း စေတနာတွေ အပြည့်အဝပါပြီးတော့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ခုနက နယ်စပ်ရေးရာဝန်ကြီး ဒီအဆိုမှာ ထပ်ပြီးတော့ ဖြည့်စွက်သွားရမယ်ဆိုတဲ့ဟာလည်း အင်မတန်မှန်ကန်တဲ့ အမှန်တရားနဲ့ပကတိအခြေ အနေဖြစ်တဲ့အတွက် ဒီအဆိုမှာလည်း ကျွန်တော့်ဘက်က ဒါလေးတော့ ထည့်သွင်းချင်ပါတယ်။ ဒါကြောင့်မို့လို့ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ခွဲဘူတင်သွင်းတဲ့ ကချင်ပြည်နယ်အတွင်း လက်ရှိ ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး စစ်ဘေး၊ စစ်ဒဏ်မှတိမ်းရှောင်နေရသော ပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်အခြေပြုရောက်ရှိနေ ထိုင်ရေးနှင့်ပြည်သူ့ဘဝလုံခြုံစိတ်ချကာ ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး အမြန်ဆုံးညှိနှိုင်းဆွေးနွေးမှုများ ကြိုးပမ်းအကောင်အထည် ဖော်ပေးရေးအတွက် ဤလွှတ်တော်က တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအား တိုက်တွန်းကြောင်း အဆို ကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း နဲ့ အဆိုအတိုင်း ဝိုင်းဝန်းကူညီ အကောင်အထည်ဖော်ပေးဖို့ တိုက်တွန်းကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ရန် တစ်နာရီခန့် ရပ်နား ပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ အစည်းအဝေးကို နေ့လည် ၁ နာရီ ၅၀ မိနစ်အချိန်မှာ ပြန်လည်ကျင်းပပါမယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၃-၁၀-၂၀၁၁ ရက်နေ့က အတည်ပြုခဲ့တဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၄-၁၀-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ဒီ ဥပဒေကြမ်းကို ၂၈-၁၀-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့် ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂၊ နည်းဥပဒေခွဲ(က)အရ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ၃၀-၁၀-၂၀၁၁ ရက်နေ့တွင် ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် ၁၇ ချက်နဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ထားတဲ့ ၁-၁၁-၂၀၁၁ ရက် ၁၆၀၀ နာရီကာလအထိ ပြင်ဆင်ချက်များကို ဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာပေးပို့ခြင်း မရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို ယခု လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။ အဆိုမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖြန့်ဝေတင်ပြထားသည့် အပိုဒ်နှင့် အပိုဒ်ခွဲ (စ)၊ (ဇ)အပိုဒ် ၄ နှင့် အပိုဒ်ခွဲ (က)၊ (ခ)၊ (င) အပိုဒ် ၅၊ အပိုဒ် ၁၂နှင့် အပိုဒ်ခွဲ(ခ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ) အပိုဒ် ၁၃၊ အပိုဒ် ၁၄ ၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ အပိုဒ်ခွဲ(က)တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ သဘောတူပါသလားခင်ဗျား။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အထက်ပါအမျိုးသားလွှတ်တော်၏ တင်ပြချက်များသည် ဤဥပဒေကြမ်း၏

အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၁၆၃ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးက သဘောထားရယူတဲ့နေရာမှာ သဘောတူ၊ မတူ ဆန္ဒရယူတဲ့နေရာမှာ တင်ပြစရာရှိလို့ပါ။ တင်ပြခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကောင်းပြီ။

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ကျွန်တော်တို့ဒီဥပဒေကြမ်းကို ပထမဆုံးပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးအတည်ပြုပြီးမှ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုပြီးမှ အမျိုးသားလွှတ်တော်ကို ပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်နဲ့အတည်ပြုလို့ ပြန်ပို့လိုက်တဲ့ ဥပဒေကြမ်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်တွေကို ကျွန်တော်တို့က ပြန်လည်ပြင်ဆင်ချက် တစ်စုံတစ်ရာမရှိရုံနဲ့ ကျွန်တော်တို့ မူလကပြည်သူ့လွှတ်တော်မှာ အတည်ပြုသဘောတူထားပြီးဖြစ်တဲ့ အတည်ပြုချက်ရယူထားပြီးဖြစ်တဲ့ ဥပဒေကြမ်းဟာ ပျက်ပြယ်သွားလို့ မရနိုင်ပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ မူလကပြည်သူ့လွှတ်တော်က သဘောတူညီထားတဲ့ သဘောတူညီကြောင်း ဆုံးဖြတ်ထားတဲ့ဥပဒေကြမ်းနဲ့ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လာတဲ့ ဥပဒေကြမ်းဟာ ဘာကွဲလွဲချက်၊ ခြားနားချက်တွေ ရှိနေပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်၊ အတည်ပြုချက်နဲ့ ပြန်လည်ပေးပို့လာတဲ့ဥပဒေပေါ်မှာ ကျွန်တော်တို့ လွှတ်တော်က ကိုယ်စားလှယ်များက ပြန်လည်ပြင်ဆင်စရာမရှိပေမယ့်လည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းအတည်ပြုလိုက်တဲ့ဥပဒေကြမ်းနဲ့ အမျိုးသားလွှတ်တော်က ပြန်လည်ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့လာတဲ့ ဥပဒေကြမ်းဟာ တစ်ထပ်တည်းမကျတဲ့အတွက်ကြောင့် မူလကကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ဥပဒေကြမ်းနဲ့ အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လိုက်တဲ့ ဥပဒေကြမ်း တစ်ချက်စီရဲ့ကွဲလွဲမှုတွေကို ကျွန်တော်တို့ လွှတ်တော်ရဲ့သဘောတူညီချက် ရှိ၊ မရှိ ရယူဖို့လိုပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကွဲလွဲတဲ့အချက်တွေရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၄၊ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်ရဲ့ ပေးပို့ချက်ကို ပြင်ဆင်ပြီးတော့ အတည်ပြုဖို့ မတောင်းဆိုတဲ့အတွက်ကြောင့် မူလက ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့အတိုင်း ပြည်သူ့လွှတ်တော်က သဘောတူတယ်လို့ယူဆရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် သဘောမတူတဲ့အဆို အစိတ်အပိုင်းတွေကို နည်းဥပဒေပုဒ်မ ၁၆၄ အတွင်းမှာ အကျုံးဝင်နေလို့ ဒီအခွင့်အရေးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရထိုက်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေကြမ်းကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဖြန့်ဝေခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနကနေ လာရောက်ရှင်းလင်းတင်ပြ တင်သွင်းခဲ့တယ်။ အဲဒီ တင်သွင်းသွားတဲ့အပေါ်မှာ ကျွန်တော်တို့ လွှတ်တော်ကလည်း အားလုံးဝိုင်းစဉ်းစား ဆွေးနွေးပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း တင်ပြ ခဲ့တာတွေရှိပါတယ်။ အဲဒီလို အကြိမ်ကြိမ်ဆွေးနွေးပြီးတော့မှ သဘောတူထားပြီးတော့မှ ဒီအတည်ပြုချက်ကို အမျိုးသားလွှတ်တော်ကို ပေးပို့ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်က ပြန်ပို့လာတဲ့ ပြင်ဆင်ချက်တွေကို လေ့လာကြည့်တဲ့အခါမှာ မူလသဘောတူထားခဲ့တဲ့ အချက်အလက်များ မူရင်းပြဋ္ဌာန်းချက်များကို ဘာမှထိခိုက်မှုမရှိဘဲနဲ့ စကားလုံးလေးများ ရှေ့နောက်ပြောင်းထားခြင်း၊ လိုအပ်သည်ဖြစ်စေ၊ မလိုအပ်သည်ဖြစ်စေ၊ စကားလုံးလေးတစ်လုံးနှစ်လုံး ထည့်သွင်းထားရုံနဲ့တော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ အတည်ပြုထားတဲ့ဟာကြီးတစ်ခုလုံးကို ပျက်ပျယ်ခံပြီးတော့ ပြင်ဆင်မှုကို သဘောမတူတဲ့အတွက် ပုဒ်မ ၁၆၄ အရ ကျွန်တော်တို့က မည်သည့်ပြင်ဆင်မှုကိုမျှ မတင်ဘဲနဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ အတည်ပြုခဲ့တဲ့အတိုင်းပဲ ရပ်တည်ချင်ပါတယ်။ ဒီအတွက် သဘောထားကွဲလွဲတာရှိရင် ပြည်ထောင်စုလွှတ်တော်မှာတင်ပြပြီး ဆုံးဖြတ်ပေးပါလို့ ကျွန်တော်တို့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ အဆိုထဲမှာ ဖြန့်ဝေထားတဲ့အပိုဒ် ၂၊ ဒီကန့်လန့်ဖြတ်ဇယားမှာ ဒီဇယားကိုပဲ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြဋ္ဌာန်းချက်ရှိခဲ့ပါတယ်။ အဲဒီမှာ ပြည်သူ့လွှတ်တော်ရောက်တဲ့အခါမှာ အဲဒီတစ်ပိုဒ်ချင်း၊ တစ်ပိုဒ်ချင်းကို ပြန်ပြီးတော့ လေ့လာပြီးတဲ့အခါမှာ အတည်ပြုချက်ရယူပါတယ်။ ရယူတဲ့အတွက် မူလပြဋ္ဌာန်းထားတာတွေကို အတည်ပြုချက်ရယူပြီးတဲ့အခါမှာ ရယူပြီးတဲ့နောက်ပိုင်း မူလပြည်ထောင်စုအစိုးရအဖွဲ့အစည်းရဲ့ ပြဋ္ဌာန်းချက်တွေအားလုံး ပျက်ပြယ်တယ်လို့ မှတ်ယူပြီးတဲ့အခါမှာ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းချက်အားလုံးသည် မူလဟာ ဖြစ်သွားတယ်လို့ ယူဆရမှာဖြစ်ပါတယ်။ မူလဟာဖြစ်သွားတဲ့အတွက် အဲဒီမူလဟာထဲကမှ အမျိုးသားလွှတ်တော်ဘက်ကို ရောက်တဲ့အခါမှာ အမျိုးသားလွှတ်တော်က ကျွန်တော်တို့ ပေးပို့လိုက်တဲ့ ကျွန်တော်တို့ အတည်ပြုထားတဲ့ဟာတွေကို တစ်ပိုဒ်ချင်း၊ တစ်ပိုဒ်ချင်းသော်လည်းကောင်း၊ သို့မဟုတ်ရင် အခြားနည်းအားဖြင့်သော်လည်းကောင်း၊ သူတို့စိစစ်နိုင်တယ်။ စိစစ်တဲ့အခါမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်တွေ ပါလာပါလိမ့်မယ်။ အဲဒီပါလာတာတွေကို တစ်ခါ

ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဘက်ကို ပြန်ပို့ပါတယ်။ ပြန်ပို့တဲ့အခါမှာ လက်ထဲကို ရောက်နေတဲ့ အတိုင်း ပြင်ဆင်အတည်ပြုချက်တွေ ရောက်လာပါတယ်။ အဲဒီလို ရောက်လာတဲ့အခါမှာ ဒီဟာကို ကြည့်ပြီးတဲ့အခါမှာ တစ်ခုလုံးအတွက်တော့ ကျွန်တော်တို့က သဘောတူနိုင်စရာအကြောင်းမရှိဘူး။ သို့ရာတွင် အပိုဒ်လိုက်၊ အပိုဒ်လိုက်ကြည့်ပြီးတဲ့အခါမှာ သူတို့ပြင်ဆင်အတည်ပြုချက်တွေဟာ မိမိတို့ ထက် ကောင်းမွန်တဲ့ပြင်ဆင်ချက်များ ဆီလျော်မှုများရှိတယ်ဆိုရင်တော့ ကျွန်တော်တို့က ဒါစိစစ်ပြီးတဲ့ အခါမှာ အတည်ပြုပေးရမယ့်သဘောရှိပါတယ်။ ပြန်ပြီးတော့ ကျွန်တော်တင်ပြပါရစေ။ မူလ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ တင်လာတဲ့ဥပဒေကြမ်း ဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါ မှာ ဆွေးနွေးပြီးတဲ့ နောက်ပိုင်းရရှိထားတဲ့ ရရှိချက်တွေဟာ ပြည်ထောင်စုလွှတ်တော်ကတင်ပြတဲ့ စတင်တင်ပြတဲ့ တင်ပြချက်တွေမဟုတ်တော့ဘဲ နဲ့။ ကျွန်တော်တို့ရဲ့ အတည်ပြုချက်တွေဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ မေ့ထားရမှာတော့ ပြည်ထောင်စုက တင်တယ်ဆိုတာမေ့ထားပြီးတော့ ကျွန်တော်တို့က အတည်ပြုထားတယ်ဆိုတာ ဖြစ်သွားပါတယ်။ အဲဒီအခါမှာ ဒါကိုအမျိုးသားလွှတ်တော် ရောက်တဲ့အခါမှာ အမျိုးသားလွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ လွှဲပေးလိုက်တဲ့ပေါ်မူတည်ပြီးတော့ တပိုဒ်ချင်း၊ တပိုဒ်ချင်း သူတို့ကြည့်ပါလိမ့်မယ်။ ကြည့်တဲ့အခါမှာ တချို့အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုလိုက်တဲ့ဟာတွေက ပိုကောင်း တယ်။ လက်တွေ့ကျတယ်ဆိုတဲ့ ဟာမျိုးကျတဲ့အခါ ကျွန်တော်တို့ ပြန်ကြည့်ပြီးတဲ့အခါမှာ ဒါနဲ့ပတ်သက်ပြီးတော့ ပြင်စရာ လို၊ မလို။ ကျွန်တော်တို့ ပြန်စဉ်းစားရပါတယ်။ ပြင်စရာလိုရင် သဘောမတူဘူးပေါ့။ ဒါမှမဟုတ်ရင်တော့ သဘောတူတယ်ဖြစ်ရမယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပို့လိုက်တဲ့ဟာပေါ်မှာ တူတည်ပြီးတော့ ဟိုဘက်က ပြင်လိုက်တဲ့ ပေါ်အတွက် သဘောတူခြင်း၊ မတူခြင်းက ဒီလိုတော့ တခါတည်းလုပ်လို့မရဘူး။ ပြင်လိုက်တဲ့အပိုဒ်၊ အကြောင်းအရာပေါ် ကြည့်ပြီးတဲ့အခါမှာ ဒါသည်ကောင်းတယ်။ ဆီလျော်တယ်။ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က သဘောတူသင့်တယ်။ ဒီနေရာမှာ သဘောမတူဘူးရှိတယ်ဆိုလို့ရှိရင်လည်း ပြန်ပြီးတဲ့ အခါမှာ ပြန်ပြီးတော့ ဒီမှာမဲခွဲရမယ့်သဘောရှိတယ်။ ကဲဒီမှာ ဥပမာ-ခုန ကျွန်တော်တို့အပိုဒ်တွေ ရောဖတ်သွားလိုက်ပါတယ်။ ကန့်လန့်ဖြတ်ဇယားကို ကြည့်ပါမယ်။ အမှတ်စဉ်(၁)၊ အခန်း(၁)၊ ပုဒ်မ ၂(စ)လက်ရှိပြဋ္ဌာန်းချက်၊ ဒါလက်ရှိ ပြဋ္ဌာန်းချက်ပါ။ ဟိုတုန်းကတော့ ဒါ ပြည်ထောင်စုကနေပြီးတော့ တင်လိုက်တာပါ။ အဲဒါကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က အဲဒီတုန်းက မပြင်လိုက်ဘူး။ မပြင်လိုက်ပေမယ့် ကျွန်တော်တို့ အတည်ပြုထားတယ်။ ကျွန်တော်တို့ရဲ့ အတည်ပြုချက်ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ရောက်သွားတယ်။ ရောက်သွားတဲ့အခါမှာ လက်ရှိပြဋ္ဌာန်းထားတာက

ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်း တစ်ခု၏အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာမှုမရှိ စေသောမိမိဆန္ဒသဘောထားနှင့် လိုလားချက်ကို စာဖြင့်ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန် မြေတွင်စိုက်ထူနိုင်ရန် တစ်နေရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုလိုသည်ဆိုပြီးတော့ လက်ရှိပြည်ထောင်စုက ပြဋ္ဌာန်းချက် ဒါပဲ ကျွန်တော်တို့က အတည်ဖြစ်ထားပါတယ်။ ကျွန်တော်တို့ဆီမှာ အမျိုးသားလွှတ်တော်ရောက်တဲ့အခါမှာ ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များ အပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန် မြေတွင်စိုက်ထူနိုင်ရန် တစ်နေရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသော အရာကိုဆိုသည်။ အပေါ်မှာဘာပဲပါလဲဆိုတော့ လက်ရှိပြဋ္ဌာန်းချက်တုန်းကဆိုလိုသည်။ ဒါပြည်ထောင်စုကနေပြီးတော့ ပြဋ္ဌာန်းတယ်။ ကျွန်တော်တို့က ဒါနဲ့ပတ်သက်ပြီးတော့ ဆိုလိုသည် ဆိုပြီးတော့ရပြီး၊ လက်ခံလိုက်တယ်။ လက်ခံလိုက်တော့ ဒါကျွန်တော်တို့ရဲ့အတည်ပြုချက်ဖြစ်သွားတယ်။ အမျိုးသားလွှတ်တော်ဘက်ကျတော့ "လို"ဆိုတာ ဖျက်လိုက်တယ်။ အောက်ဆုံးစာပိုဒ် "ဆိုသည်" ဆိုတာထည့်လိုက်တယ်။ "လို" ဆိုတာဖျက်လိုက်တယ်။ ဒါကြောင့်မို့လို့ ဒီစာကြောင်း ကြည့်မယ်ဆိုလို့ရှိရင်တော့ အမျိုးသားလွှတ်တော်က ပြင်ဆင်ပေးလိုက်တာဟာ ပိုပြီးတော့ သဘာဝကျတယ်။ "ဆိုလိုသည်"နဲ့ "ဆိုသည်"နဲ့ တိကျတယ်။ ဒါမျိုးကျတဲ့အခါကျတော့ ဘာမှလဲ အဓိပ္ပာယ်ပြောင်းတာမဟုတ်ဘူး။ ဒီဟာကို ကျွန်တော်တို့က သဘောမတူဘူး။ ကန့်ကွက်တယ်ဆိုလို့ရှိရင် အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားနိုင်တယ်။ အဲဒီတော့ သဘောမတူဘူး။ ကန့်ကွက်တယ်ဆိုတဲ့နေရာမှာ အဓိပ္ပာယ်ပြောင်းသွားတယ်။ ဆန့်ကျင်သွားတယ်ဆိုလို့ရှိရင်တော့ ဒီဟာမှန်နိုင်တာပေါ့။ ဒီလောက်ကိစ္စလေးကို သွားပြီးတော့ ကျွန်တော်တို့က ကန့်ကွက်မယ်ဆိုလို့ရှိရင်တော့ ခုနကတစ်ဘက်က ပြောမယ်ဆိုရင် ကျွန်တော်တို့ အတည်ပြုထားတာကို အမျိုးသားလွှတ်တော်က ပြင်လိုက်တဲ့အတွက် ကန့်ကွက်တယ်ဆိုလို့ရှိရင် အရာရာကန့်ကွက်တဲ့သဘောဖြစ်သွားနိုင်တဲ့အတွက် ရှေ့တက်လို့ရမယ့် သဘောမျိုးမရှိပါဘူး။ သို့ရာတွင် အမျိုးသားလွှတ်တော်က ပြင်လိုက်တဲ့ကိစ္စတွေမှာ လုံးဝလဲ ကျွန်တော်တို့ သဘောထားနဲ့အယူအဆနဲ့ လုံးဝဆန့်ကျင်သွားတဲ့ကိစ္စမျိုးကြရင်တော့ ဒါဟာသဘောတူဖို့ မသင့်ဘူး။ ဒါလေးကို ကျွန်တော်တို့က ပြန်ပြီးတော့ ကြည့်ဖို့ပဲ။ ကဲဒါကြောင့်မို့လို့ ဒီအခန်းကဏ္ဍကို နောက်မှပြန်ပြီးတော့ ဆွေးနွေးမယ်။ ပိုရှင်းအောင် ခုနက ကျေးရွာအုပ်ချုပ်ရေးကို

စပြီးတော့ ကျွန်တော်တို့ ကိုင်လိုက်မယ်။ အဲဒါဆိုလို့ရှိရင် အဓိပ္ပာယ်ပေါ်သွားမယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်တင်ပြတဲ့အစီအစဉ်ကို ဒီမှာခဏရပ်ထားမယ်။ ရပ်နားပြီးတဲ့အခါမှာ အဲနောက်တစ်ခုကို ကျွန်တော် ဆက်ပြီးသွားပါမယ်။ ဒီကိစ္စနဲ့မနေ့က ငြင်းကြခုံကြ၊ ညနေ ၅ နာရီခွဲမှာ ပြီးတယ်လို့ ပြောပါတယ်။ ဒီမှာလဲ ကျွန်တော်ပြောခဲ့ပါတယ်။ ငြင်းတော့ ငြင်း၊ ထပြီးမဆဲနဲ့ ထမထိုးနဲ့ အခုလဲ ငြင်းတော့ငြင်း အခုတခါထပ်ပြောတာ မလိုတာလဲ မငြင်းကြပါနဲ့။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင် ဆွေးနွေးပြီး ၁၄-၉-၂၀၁၁ ရက်နေ့က အတည်ပြုခဲ့တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၁၉-၉-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၇-၁၀-၂၀၁၁ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ပြင်ဆင်ချက်မိတ္တူများကိုလည်း ၃၀-၁၀-၂၀၁၁ ရက်နေ့မှာ ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုဆွေးနွေးတင်သွင်းနိုင်ရန် သတ်မှတ်ထားတဲ့ ၁-၁၁-၂၀၁၁ ရက် ၁၆၀၀ နာရီ ကာလအထိ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီနဲ့ ကိုယ်စားလှယ် ၃ ဦးတို့က ပြင်ဆင်ချက် ၄၁ ခု ပေးပို့ခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ကိုယ်စားလှယ်များ တင်သွင်းလာတဲ့ပြင်ဆင်ချက်များ ကို ဆွေးနွေးဆုံးဖြတ်ခြင်းမပြုမီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုသည့်အပိုဒ်များကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်းတင်ပြပြီး ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် တင်ပြ ခဲ့တဲ့အတိုင်းပဲ အဆိုပါဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ကိုယ်စားလှယ်များ တင်သွင်းလာတဲ့ ပြင်ဆင်ချက်များ ကို ဆွေးနွေးဆုံးဖြတ်ခြင်း မပြုမီ၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း မပြုသည့်ပြင်ဆင်ချက်များအတိုင်း ပြည်သူ့လွှတ်တော်က အဆုံးအဖြတ်ရယူရမှာ ဖြစ်ပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ပေးထားတဲ့ရက်ရှိပါတယ်။ အဲဒီရက်မှာ ကိုယ်စားလှယ်တွေက အားလုံးဖတ်ထားပြီးပြီ။ ဖတ်ထားပြီးတဲ့ အခါမှာ ဘယ်ရက်၊ ဘယ်အချိန်မှာလာပြီးတော့ ဆွေးနွေးချင်တယ်ဆိုရင် စာရင်းပေးပါလို့ ကျွန်တော်တို့ တောင်းလိုက်ပါတယ်။ အဲဒါ ၁-၁၁-၂၀၁၁ ရက်နေ့ ညနေ ၄ နာရီပေါ့။ အဲဒီအခါမှာ လာပြီးတော့ ပြင်ဆင်ချက်ပေးတာကတော့ ဥပဒေကြမ်းကော်မတီရယ် ကိုယ်စားလှယ် ၃ ဦးရယ် ပြင်ဆင်ချက် ၄၁ ခု ပေးပို့ပါတယ်။ ကျန်တာပေးပို့ခဲ့တာမရှိပါဘူး။ ပေးပို့ခဲ့တာ မရှိတာရယ်။

ရှိတာရယ်။ ကျွန်တော်တို့ ကန့်လန့်ဖြတ်ဇယားကို ပြန်ကြည့်လို့ရပါတယ်။ ကန့်လန့်ဖြတ် ဇယားမှာ စာတိုင် ၁၊ ၂၊ ၃၊ ၄ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်စာတိုင် ၅ မှာ ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်စာတိုင် ၆ ကျတဲ့အခါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်၊ စာတိုင် ၇ မှာ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန် တင်ပြချက် အဲဒီလိုရှိပါတယ်။ နောက် ပြင်ဆင်ရန်တင်ပြသူ။ ဒါကြောင့်မို့လို့ ဒီပထမစာမျက်နှာမှာဆိုရင် လွှတ်တော်က မူလဝန်ကြီးဌာနကလာတဲ့အဆိုပြုချက် အပေါ် လုံးဝကျွန်တော်တို့ က မပြခဲ့ပါဘူး။

အမျိုးသားလွှတ်တော်ကျတဲ့အခါကျတော့ ပြင်ခဲ့ပါတယ်။ အဲဒီတော့ ဒီပြင်တာနဲ့ မပြင်တာကို ပထမဆုံးတစ်ကြောင်း၊ အမှတ်စဉ်-၁ကို ကျွန်တော်တို့ ဖတ်ကြည့်လိုက်ကြရအောင်၊ ၂-ကမှာ ရပ်ကွက်ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၊ နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ဤဥပဒေအရနယ်နိမိတ် သတ်မှတ်ဖွဲ့စည်းထားသည့်ဒေသကို ဆိုလိုသည်။ ကျွန်တော်တို့က မပြင်လိုက်ဖူး။ အမျိုးသားလွှတ်တော်ကျတဲ့အခါ ပြင်ဆင်ချက်တင်တယ်။ တင်တာက ဘာလဲဆိုရင် ရပ်ကွက်ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ဤဥပဒေပါကိစ္စရပ်များအလို့ငှာ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုလိုသည်။ ဒီ ၂ ခုကို ကျွန်တော်တို့ ပြန်ပြီးတော့ ယှဉ်ကြည့်ပါ။ ဟိုကတော့ ရပ်ကွက်ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုလိုသည်။ အမျိုးသားလွှတ်တော်ကျတဲ့အခါ ရပ်ကွက်ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ဤဥပဒေပါကိစ္စရပ်များ အလို့ငှာ ဘယ်အတွက်လည်း ဤဥပဒေပါကိစ္စရပ်များအလို့ငှာ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုလိုသည်ဆိုတဲ့အတွက် ဝန်ကြီးဌာနက အဆိုပြုထားတယ်။ ကျွန်တော်တို့က အတည်ပြုထားတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ပေးလိုက်တဲ့ဟာက ဘယ်ဟာက၊ ဘယ်ဟာက ပိုပြီးပြည့်စုံသလဲ။ ပြည့်စုံတာကိုတော့ ကျွန်တော်တို့က ထောက်ခံပေးရမယ်။ အဓိပ္ပာယ်လည်းမပြောင်းဘူး။ ပြည့်စုံတယ်။ ထောက်ခံပေးရမယ်။ အဲဒါမှမဟုတ်ဘူး။ ကျွန်တော်တို့ဟာကို ကျွန်တော်တို့ အတည်ပြုထားတာကို အမျိုးသားလွှတ်တော်က ပြင်ဆင်တဲ့ဟာမို့လို့ ကျွန်တော်တို့က ကန့်ကွက်မယ်ဆိုလို့ရှိရင်တော့ သဘာဝသိပ်မကျဘူး။ ကဲဟုတ်ပြီ။ ဒါကစာမျက်နှာ ၁ မှာ တစ်ခု ပြီးလို့ရှိရင် စာမျက်နှာ ၂ မှာ ပြောစရာမရှိဘူး။ စာမျက်နှာ ၃ မှာမရှိဘူး။ စာမျက်မှာ ၄ မှာ စာပိုဒ် ၄၊ အခန်း ၂၊ ပုဒ်မ ၄ ဝန်ကြီးဌာနကဆိုထားတာ ရှိပါတယ်။ ပြည်သူ့လွှတ်တော်က အကြံပြုချက်မရှိဘူး။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ရှိတယ်။ တစ်ခါအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန် တင်ပြချက်ရှိတယ်။ အဲဒါ ဦးအောင်သိန်း ရွှေငံကတင်တာ၊ ဝန်ကြီးဌာနရဲ့ အဆိုပြုချက်အတိုင်းထားရှိရန်ဖြစ်သည်။ အဲဒါမျိုးကျတဲ့

အခါကျတော့ ကျွန်တော်တို့ ပြန်ကြည့်ကြရအောင်၊ မြို့များအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ ၃ နှင့် ကျေးရွာအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၆ အရ သတ်မှတ်ထားသော ရပ်ကွက်ကျေးရွာအုပ်စုနှင့် ကျေးရွာများသည် ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခြင်း မပြုသရွေ့ သတ်မှတ်သည့် မြို့၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများဖြစ်သည်ဟု မှတ်ယူရမည်။ အမျိုးသားလွှတ်တော်က ပြင်ဆင်တယ်။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအုပ်စုများ၏နယ်နိမိတ်များ ပြင်ဆင်ရန် ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်ရမည်။ ဒါကို ဦးအောင်သိန်းက ဒါနဲ့ပတ်သက်လို့ သူက ပြင်ဆင်ဖို့ ပြောထားတယ်။ အဲဒါမျိုးကျတဲ့အခါကျတော့ ကျွန်တော်တို့က ဒီမှာပြန်ပြီးတော့ ကြည့်ကြည့်ရမယ်။ အဲဒီတော့ ဒီမှာအစမ်းသဘောပေါ့နော်။ ဦးအောင်သိန်းဘာ့ကြောင့် ဒီအဆိုပြုချက်ကို ကျွန်တော်တို့ တင်သလဲ။ ဦးအောင်သိန်းဖြေပါ။

**ဦးအောင်သိန်း(ရှင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ၂ ခုမှာ ကျွန်တော် တင်သွင်းရတဲ့ကိစ္စက ဒီအမျိုးသားလွှတ်တော် ပြင်ဆင်ချက်မှာသာ ဒီမြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာ နယ်နိမိတ်၊ ပြင်ဆင်ဖွဲ့စည်းရန်၊ အမည်ပြောင်းလဲရန် ပေါ်ပေါက်လာရင်ဆိုတာ နောက်ပြောင်းဖို့လိုတဲ့အခါမှာ သူကဆိုလိုတဲ့သဘောဖြစ်နေတာ ကျွန်တော်အခုလက်ရှိ အလုပ်လုပ်ဖို့ လိုနေပြီ အဲဒါကြောင့် ကျွန်တော်က ဒါကိုဒီအတိုင်းဖြစ်သင့်တယ်လို့ ပြောတာပါ။

**ဥက္ကဋ္ဌ။** ။ ဒါမျိုးကျတဲ့အခါကျတော့ ဒီထဲမှာတော့ ပြောတာပေါ့။ အလွတ်ပါပဲ။ ဒါမျိုးကျတော့ ဦးအောင်သိန်းက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို သူကထပ်ပြီးတော့ ပြင်ဆင်တယ်။ ဒါမျိုးကျတော့ ကျွန်တော်တို့ ဘာလုပ်ရမလဲ မဲခွဲရမယ်။ မဲခွဲတယ်ဆိုရင် ဒီဟာဘယ်သူက သာနေလဲ။ သာနေတဲ့ဘက် ကျွန်တော်တို့ ဆန္ဒပြုလိုက်ရုံပဲရှိတယ်။ ကဲဒါ ဥပမာ- ၁ ခု၊ ကျွန်တော့်အထဲမှာတော့ ခုနက လုံးဝပြင်ဆင်စရာမလိုတဲ့ဟာကို Blank ထားပါတယ်။ နောက် ကျွန်တော်တို့ဆီက ပြင်ဆင်အဆိုပြုတာတွေရှိပါတယ်။ အဲဒါ ကျွန်တော်တို့ဆီ ခုန ဦးအောင်သိန်းတို့လို ပုဂ္ဂလိက ပြင်ဆင်အဆိုပြုတာတွေရှိတယ်။ ကျွန်တော့်ဆီမှာတော့ ရွှေအိုရောင်ကာလာမျိုး ကျွန်တော် မှတ်ထားပါတယ်။ အဲဒါပြီးတဲ့အခါမှာ စာမျက်နှာ-၅ ကြည့်ပေးပါ ခင်ဗျား။ စာမျက်နှာ ၅၊ အမှတ်စဉ် ၆၊ အခန်း ၃ ပုဒ်မ ၅(ဂ)၊ ဝန်ကြီးဌာနကစပြီး အဆိုပြုခဲ့တယ်။ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊ ဒါမူလဝန်ကြီးဌာန ကျွန်တော်တို့ဆီမှာ မထည့်ထားဘူး။ ဘာမှပြင်ဆင်ခဲ့တာမရှိဘူး။ ဒါပေမဲ့လို့ ဒါကို ကျွန်တော်တို့က အတည်ဖြစ်ထားတယ်။ အမျိုးသားလွှတ်တော်ကျတဲ့အခါကျတော့ ပညာအရည်အချင်း

အသင့်အတင့်ရှိသူဖြစ်ခြင်း၊ ဒီလိုထည့်တယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ပြင်ဆင်ရန် အဆိုပြုချက် ဘယ်သူကအဆိုပြုတာလဲ။ ဥပဒေကြမ်းကော်မတီက ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း ထားရှိရန်ဖြစ်သည်။ ဒီကျရင် ကျွန်တော်တို့ကမဲခွဲရမယ်။ မဲခွဲမယ်ဆိုရင် ဘယ်ဟာပိုပြီး ဆီလျော်လဲ၊ ဒီမှာလည်း အမြင်သာကြီး ဒီမှာကြည့်လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒါဆို ၃ ခုလုံးပြည့်သွားပြီ။ ၃ ခုလုံးဆိုတာခုနက ဘာမှပြင်ဆင်ရန်မလိုဘဲနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတဲ့ဟာတွေက အဓိပ္ပာယ်မပြောင်းဘူး။ စာသားလောက်ပဲပြောင်းတယ်။ နောက်တစ်ခုကျတဲ့အခါကျတော့ အဓိပ္ပာယ် နည်းနည်းပဲပြောင်းမယ်။ ဒါပေမယ့်လို့ဆိုလိုရင်းကတော့ ဒါပဲ။ တချို့ကျတဲ့အခါကျတော့ ဒီ့ထက် ပိုကောင်းတာကို တင်ထားမယ်ဆိုရင်တော့ ကောင်းတဲ့ဟာကို ကျွန်တော်တို့က ထောက်ခံရမှာပေါ့။ ကဲ အဲဒီကနေမှ တစ်ခါသူတို့က ခုနလိုပြင်တယ်။ ပြင်တဲ့အခါမှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက သူ့ပြင်ဆင်ချက်ကို ထပ်ပြီး ကျွန်တော်တို့က ကြည့်တယ်။ ကြည့်တဲ့အခါမှာ ဥပမာ-ဥပဒေကြမ်း ကော်မတီရဲ့ ထပ်ဆင့်ပြင်ဆင်မှု ဟာ ကောင်းတယ်ဆိုရင် အဲဒါကို ကျွန်တော်တို့က ထောက်ခံရမှာပေါ့။ အဲဒီလိုပဲ တစ်ခါဥပဒေကြမ်းကော်မတီကတော့ မဟုတ်ဘူး။ ဦးအောင်သိန်းတို့လို တင်ပြတာတွေ ရှိတယ်။ အဲဒါဘာလည်းဆိုရင် ဦးသိန်းရီမှာလည်းတစ်ခုရှိတယ်။ ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း ထားရှိရန် ဖြစ်သည်ဆိုတာ သဘောကဘာလဲဆို ဝန်ကြီးဌာနဆိုတာ ကျွန်တော်တို့ အတည်ပြုခဲ့တာ အဲဒီ ကျတဲ့အခါကျတော့ အမှတ်စဉ်-၅၊ ၃၊ ၅(ခ) ဘာဖြစ်လို့ သူကဒီလိုပြင်လိုက်လဲဆိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကတင်ထားတာ ၂၅ နှစ် ပြည့်ပြီး သူဖြစ်ခြင်း၊ ဒါကိုကျွန်တော်တို့က သဘောထားကို လက်ခံလိုက်တယ်။ ဒါကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ရွေးမယ်ဆိုရင် အသက် ၂၅ နှစ်ရှိသူဆိုရင် လုံလောက် ပါတယ်။ ဒါပေမဲ့လို့ အမျိုးသားလွှတ်တော်က အသက် ၃၀ ဆိုတဲ့အခါကျတော့ ဒါကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဒါနဲ့ပတ်သက်လို့ ကန့်ကွက်တယ်။ ကန့်ကွက်ပြီးတဲ့ အခါ ဒါလဲမူလအတိုင်းပဲ ဖြစ်နေတယ်။ အဲဒါမျိုးတွေကိုပဲ ကျွန်တော်တို့ကစဉ်းစားပြီး လုပ်သွားရမှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်မှုဖြစ်တဲ့အတွက် ခုနက ကျွန်တော်ဖတ်ပြလိုက်တဲ့ ဒီအဆိုမှာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ဖြင့် ပြန်လည်ပေးပို့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အပိုဒ်-၂၊ ဒီထဲမှာ ရေးထားပါတယ်။ အပိုဒ်-၂၊ သဘောကတော့ ဘာမှပြင်ဆင်ချက်မရှိဘူးနော်။ လွှတ်တော် ကိုယ်စားလှယ်များ ဖြန့်ဝေထားတဲ့ ဒါအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များရှိတယ်။ အဲဒါတွေ ကျွန်တော်တို့အတွက် ကောင်းတယ်ဆိုလို့ရှိရင်ဆိုကြပါစို့။ ဒီမှာ စာမျက်နှာ-၁ပဲ။ ကျွန်တော် ပြန်ပြီးတော့ ဥပမာအနေနဲ့ ပြောမယ်ဆိုရင် စာမျက်နှာ -၁၊ အမှတ်စဉ်-၁၊ အခန်း(၁)ပုဒ်မ-၂(က)ဝန်ကြီးဌာနရဲ့ အဆိုပြုချက်တွေရှိတယ်။ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မရှိဘူး။

မရှိတဲ့အတွက် ဝန်ကြီးဌာနရဲ့အဆိုပြုချက်သည်။ ကျွန်တော်တို့ရဲ့ အတည်ပြုချက်ဖြစ်တယ်။ အမျိုးသားလွှတ်တော်ကျတဲ့အခါ ရပ်ကွက်ဆိုသည်မှာ ပြီးတဲ့အခါမှာ ပြင်လိုက်တာ ဤဥပဒေအရ ဤဥပဒေပါကိစ္စအလို့ငှာ ဘာမှအဓိပ္ပာယ်မကွာဘူး။ ရေးထုံးပဲကွာတဲ့သဘောရှိပါတယ်။ ဒါမျိုးကျတဲ့အခါကျတော့ ဘာမှ ကျွန်တော်တို့ ဆက်ပြီးတော့ လုပ်စရာမလိုဘူးလို့ ထင်တယ်။ အဲဒီလိုဆိုလို့ရှိရင် ဒါသည် ကျွန်တော်တို့က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ကို အတည်ပြုပေးလိုက်တာ ပိုပြီးတော့ကောင်းပါတယ်။ ဒါကျွန်တော့်အမြင် ပြီးတော့ပြန်ရှင်းမယ်နော်။ ကျေးရွာဆိုသည်မှာ ဟိုဘက်က ဤဥပဒေအရလို့ရေးတယ်။ ဒီဘက်ကျတော့ ကျေးရွာဆိုသည်မှာ ဤဥပဒေပါကိစ္စများအလို့ငှာ စသဖြင့် ဒီလိုအဓိပ္ပာယ်လည်း မပြောင်းလဲတဲ့အတွက်ကို ဒီဘက်ကနေပြီးတော့ ဖော်ပြပြီးတော့ ဒီလိုဖတ်ရတယ်။ မြို့ဆိုသည်မှာ ဤဥပဒေပါကိစ္စ အလို့ငှာစသဖြင့်ပေါ့လေ။ ဒီလိုအဓိပ္ပာယ်လည်း မပြောင်းနိုင်တဲ့ကိစ္စမျိုးကတော့ အထူးလုပ်စရာ မလိုဘူးလို့ထင်တယ်။ သို့ရာတွင် ဒီဟာသည် ထူးသွားတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က ကန့်ကွက်ဖို့လိုကောင်းလိုလိမ့်မယ်။ ကဲ ကျွန်တော်ဘက်ကတော့ ဒါလေးကို ရှင်းလင်းတင်ပြတာပါ။ ဦးဟိုဒင်းအနေနဲ့ ထတော့ဘာများ ကျွန်တော်တို့ ရှင်းပြစရာရှိသလဲ

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးရဲ့ သဘောအတိုင်းလိုက်နာပါ့မယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ တင်ပြပါရစေ။

**ဥက္ကဋ္ဌ**။ ။ တင်ပါ။ ဟုတ်ကဲ့ပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုတင်က ဥက္ကဋ္ဌကြီး ညွှန်ပြတဲ့ ဒီကျွန်တော်တို့ ပြည်သူ့လွှတ်တော်က မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားတဲ့ပုဒ်မ-၂(က)မှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က လက်ခံအတည်ပြုထားတဲ့စကားရပ်နဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်လိုက်တဲ့စကားရပ်ကို သာမန်ကြည့်ရင်တော့ မသိသာဘူးပေါ့။ ဒါပေမဲ့ ဥပဒေပေတံနဲ့ တိုင်းလိုက်ရင်တော့ ကြီးကြီး ကျယ်ကျယ်ကို လွဲနေတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဟုတ်ပြီ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အမျိုးသားလွှတ်တော်က ရေးပေးလိုက်တာက ဤဥပဒေပါကိစ္စရပ်များ အလို့ငှာလို့ဆိုတဲ့အတွက်ကြောင့် ဒီဥပဒေတစ်ခုတည်းနဲ့ပဲဆိုင်တော့တယ်။ တခြားဥပဒေနဲ့ မဆိုင်တော့ပါဘူး။ ဒါဥပဒေပြဿနာဖြစ်သွားပါတယ်။ မူလဝန်ကြီးဌာနက ရေးပေးလိုက်တာက ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်တာပဲဖြစ်ပါတယ်။ နယ်နိမိတ်ကို သတ်မှတ်လိုက်တာ။ ဒီဥပဒေအရ သတ်မှတ်ဖွဲ့စည်းသည့် ဒေသကိုဆိုလိုသည်။ ဒီမှာက ဤဥပဒေပါကိစ္စရပ်များအလို့ငှာ

ဆိုတော့ ကျန်တဲ့ဥပဒေပါကိစ္စရပ်များအလို့ငှာ မဖြစ်နိုင်တော့ဘူး။ ဒါဥပဒေရဲ့အနှစ်သာရ၊ အဲဒါမျိုးတွေ။

**ဥက္ကဋ္ဌ**။ ။ဒါကြောင့်မို့လို့ အင်မတန်ကောင်းပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ဒီဟာသည် ကျွန်တော်က ခုနကစပြီး ပြောထားတာဘာလဲ။ အဓိပ္ပာယ်မပြောင်းဘူး။ အနှစ်သာရ မပြောင်းဘူးဆိုရင်တော့ ဒါထောက်ခံသင့်တယ်။ အဓိပ္ပာယ်ပြောင်းသွားတယ်။ ဥပဒေသဘောအရ အဓိပ္ပာယ်ပြောင်းသွားတယ်။ ဆိုရင်တော့ ကန့်ကွက်သင့်တယ်။ အဓိက ဒါပါပဲ။ အဓိပ္ပာယ်မပြောင်းဘူး။ ဟုတ်လား။ စာလုံးလေးပဲရွှေ့လေး၊ နောက်လေးလွဲသွားတယ် ဆိုလို့ရှိရင်တော့ မကန့်ကွက်သင့်ဘူး။ ကျွန်တော်က ဒီလိုပြောတာပါ။ ဒါကြောင့်မို့လို့ ဦးဘရှိန်ကနေပြီးတော့ ဤဥပဒေပါကိစ္စအလို့ငှာဆိုတာ ဒီဥပဒေတစ်ခုတည်း ပြောသွားတယ်။ အများကြီးပြောင်းသွားတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တယ်ဆိုရင်တော့ ဒါပြန်ပြီးတော့ ကန့်ကွက်ရမယ်။ သဘောမတူတဲ့သဘောဖြစ်နေတယ်။ နောက် ဦးဝင်းဦးက ဥက္ကဋ္ဌကြီးသဘောဆန္ဒဆိုတဲ့နေရာမှာ ကျွန်တော်က အဓိပ္ပာယ်မပြောင်းဘူးဆိုရင်တော့ မကန့်ကွက်ပါနဲ့ အဓိပ္ပာယ်ပြောင်းတယ်ဆိုရင်တော့ ကန့်ကွက်ဖို့လိုမယ်ဆိုတဲ့ဟာပါပဲ။ အဲဒါသည် ဥက္ကဋ္ဌကြီးရဲ့သဘောထားပါပဲ။ နည်းနည်းလက်ခုပ်တီးပေးဖို့ ကောင်းမယ်ထင်တယ်။ (သြဘာသံများ)

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်နှင့် ဦးဝင်းဦးတို့ရဲ့ တင်ပြချက်များဟာ ဥပဒေအချက်များအရ မှန်ကန်တယ်လို့ ဒါယူဆနိုင်ပါတယ်။ ဒါယူဆနိုင်တဲ့အတွက် သူ့ရဲ့တင်ပြချက်များကိုလည်း စဉ်းစားသင့်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဥပဒေကြမ်းများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ဒါဥပဒေကြမ်းပြုစုနိုင်ရေးကို ဦးတည်ဆောင်ရွက်ကြတဲ့နေရာမှာ လက်ရှိဆောင်ရွက်ပြီးတော့ လမ်းကြောင်းအတိုင်း သွားနေတဲ့အပေါ်မှာ သိပ်ပြီးတော့အငြင်းပွားစရာမရှိဘူးဆိုရင်တော့ ကိုယ်စားလှယ်နှစ်ဦးတင်ပြသလို အခြားကိုယ်စားလှယ်များရဲ့ သဘောထားဆန္ဒကိုယူပြီးတော့ ဖြတ်လိုက်ရင်တော့လုပ်ငန်းများ ထိရောက်မယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

**ဦးနန္ဒကျော်စွာ(ဒုတိယဥက္ကဋ္ဌ)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုလည်း ကြားဖြတ်ကလေးတင်ပြခွင့်ပြုပါခင်ဗျား။ ခုန ဥပဒေကြမ်းကော်မတီက ဦးဘရှိန်တင်ပြတာဟာ။ ဒါလဲ ခုနသူသာမပြောရင် ကျွန်တော် ပြောဖို့အစီအစဉ်ပါပဲ။ စာလုံးလေးတိုင်း၊ စာလုံးလေးတိုင်းဟာ ဥပဒေမှာ တိတိကျကျအရေးကြီးတာဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဦးဘရှိန်ဟာ

လေး ပြန်ကောက်ပြရလျှင် ဝန်ကြီးဌာနက အဆိုပြုထားတဲ့ဟာက ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်လိုက်တာဖြစ်တဲ့အတွက် ဒီဟာကို နယ်နိမိတ်သတ်မှတ်ပြီးလျှင် ကျန်တဲ့အားလုံးကလည်း ဒီဥပဒေအရ သတ်မှတ်ထားတဲ့နယ်နိမိတ်ကို လိုက်နာရုံပါပဲ။ ဒီမှာကသူတို့က ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာလို့ ပြောလိုက်တဲ့အတွက်ပဲ ဒီကိစ္စရပ်အတွက်နဲ့ပဲ ပတ်သက်ပြီးတော့ ကျန်တဲ့နေရာမှာ နယ်နိမိတ်တွေက ပြောင်းလဲသွားနိုင်တဲ့သဘောတရား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကို သဘောမတူဘူးလို့ ပြောလိုက်တာပါ။ ဒီအတိုင်းပဲ ကျွန်တော်တို့ ပြန်ပြီးတော့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပြင်ဆင်ချက်တင်ဖို့ ဆိုပြီးတော့ တောင်းလိုက်တဲ့အခါမှာ ပြင်ဆင်ချက်ကို တင်ပြလိုက်တဲ့ ဦးသိန်းညွန့်၊ ရှောင်း ဦးအောင်သိန်းစသဖြင့် ဦးသိန်းရီတို့ တင်ပြသလို ကျန်တဲ့အဖွဲ့တွေက မတင်ပြခဲ့ပါဘူး။ မတင်ပြခဲ့တဲ့ဟာက ငြိမ်နေတဲ့ဟာက သဘောတူတယ်လို့ဆိုတဲ့ သဘောလည်းမဟုတ်ပါဘူး။ ဆိတ်ဆိတ်နေတဲ့ အခြားမကြားရသေးတဲ့အသံတွေရှိပါတယ်။ အဲဒီ အသံတွေကတော့ လွှတ်တော်ထဲ ရောက်လို့ ဥက္ကဋ္ဌကြီးက မေးလိုက်တဲ့အခါကျရင် ဖြေဖို့အတွက်ကို စောင့်နေတာပါ။ ဒါဘာလဲဆိုလို့ ရှိရင် ကျွန်တော်တို့က မူလကတည်းက ဒီဟာကို ဥပဒေကြမ်းကော်မတီရော ကျွန်တော်တို့ရဲ့ အဖွဲ့သူအဖွဲ့သားများဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက တညီတညွတ်တည်း သဘောတူပြီးတော့ နားလည်မှုနဲ့ ကျွန်တော်တို့ ဆုံးဖြတ်ထားခဲ့တဲ့ဟာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူ့ဘက်က ပိုကောင်းတယ်ဆိုတဲ့ဟာကတော့ ခုနပြောသလိုပဲ။ စဉ်းစားတွေးတောလို့ ကောင်းရင်တော့ လက်ခံမယ် ဆိုတဲ့ဟာကို ကျွန်တော်တို့ လက်ခံပါတယ်။ သို့သော် ဒီဟာကို ကိုယ်စားလှယ်များထံ ဖြန့်ဝေပေး လိုက်ပြီးတဲ့အခါမှာ သူ့ဟာသာ တကယ်ကောင်းခဲ့လို့ရှိရင် သူ့ဟာကိုလက်ခံလို့ပါပဲ။ သူ့ဟာတကယ် ကောင်းသလား။ မကောင်းဘူးလားဆိုတာ ကျွန်တော်တို့က တစ်ဦးတစ်ယောက်ချင်းလည်း မေးလို့ မရမှာဖြစ်တဲ့အတွက် အချိန်ကိုလည်း ငဲ့ညှာသောအားဖြင့် ကျွန်တော်တို့ တင်ပြထားတဲ့ ပထမ ဝန်ကြီးဌာနအဆိုပြုချက်ကို လက်ခံထားတာရှိပါတယ်။ ကျွန်တော်တို့ အားလုံးကသဘောတူပြီး ပြင်ဆင် ထားတာရှိပါတယ်။ အဲဒီဟာအားလုံးနဲ့ အမျိုးသားလွှတ်တော်ဘက်က ပြန်ပို့လိုက်လို့ ပြင်ဆင်ပြီးတော့ ပါလာတဲ့ဟာတွေနဲ့ တူညီတာကိုထားပြီးတော့ မတူညီတာများရှိရင် ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ သဘောထားဆန္ဒကို မေးပြီးတော့ ဒီနေရာမှာပဲ ဆုံးဖြတ်ချက်ချလိုက်ရင် မြန်မယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ မကြားရသေးတဲ့အသံများကို ကျွန်တော်တို့ နားဆင်ကြည့်ဖို့ပါပဲခင်ဗျား။ အဲဒါလေး တင်ပြချင်တာပါ။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ခုနက ဦးစောလှထွန်း တင်ပြတာကောင်းပါတယ်။ သို့ရာတွင် အချိန်ကို တွက်ဆပြီးတော့ မြန်မြန်ပြီးဖို့လိုတယ်ဆိုတာလည်း အမှန်ပဲ။ သို့ရာတွင် မြန်မြန်ပြီးဖို့ဆိုတဲ့

နေရာမှာ မှန်ဖို့လဲလိုပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ပြောသလိုပဲ မြန်မြန်ပြီးဖို့တော့ လိုတယ်။ ဒါမှန်ဖို့လဲလိုတယ်။ ဒါကြောင့် ခုနကပြောတာ။ ကျွန်တော် ဒါနဲ့ပတ်သက်လို့ တိတိကျကျ ကျွန်တော် ဖတ်ကြည့်မှပဲသိမယ် သိတယ်ဆိုလို့ရှိရင် ခုနက ဥပဒေသဘောအရ အပြောင်းအလဲမရှိဘူး။ နောက်တစ်ခါ အပြောင်းအလဲလည်းရှိတယ်။ ကောင်းတယ်ဆိုရင်တော့ သဘောတူ၊ ဒီလိုပြောတာပါ။ ဒါကို ကျွန်တော်က သဘောတူရမယ်လို့ ပြောတာမဟုတ်ပါဘူး။ ဦးဘရှိန်ထပြီးတော့ ဆွေးနွေးလိုက်တဲ့အခါမှာ တော်တော်ရှင်းသွားတယ်။ ရှင်းသွားတဲ့အတွက် ခုန ကျွန်တော့်မူလရည်ရွယ်ချက် ဦးတည်ချက်အတိုင်းပဲ စာလုံးလေးပြောင်းရုံနဲ့ အဓိပ္ပာယ်မပြောင်းဘူး ဆိုတာ မဟုတ်ဘဲနဲ့ ဥပဒေအရ အများကြီးပြောင်းသွားတဲ့အတွက် ခုနက ကန့်ကွက်ဖို့လိုရင် ကန့်ကွက် ရမှာဖြစ်ပါတယ်။ ကဲဒါကြောင့်မို့လို့ အချိန်လည်း မကြာလဲမကြာအောင် ကျန်တဲ့စာသံလေသံတွေနဲ့ မပြောဘဲနဲ့ ဒီဇယားချက်ကို ကိုင်ပြီးတော့ တခါတည်းဆက်ပြီးတော့ လုပ်သွားပါမယ်။ အဲဒီတော့ ကျွန်တော်တို့ အမှတ်စဉ်(၁) အခန်း(၁)၊ ၂(က) ကျွန်တော် ဖတ်မပြတော့ပါဘူး။ ဒါနဲ့ ပတ်သက်လို့ စာအတိုင်းမဟုတ်ပါဘူး။ ဒီဟာကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံတဲ့သူရှိရင် မတ်တပ်ရပ်ပါ။ ကဲနောက်တစ်ခု ကြားနေတဲ့သူရှိရင် မတ်တပ်ရပ်ပေးပါ။ ကန့်ကွက်မဲ့သူရှိရင် မတ်တပ်ရပ်ပေးပါ။ ဒါကြောင့်မို့လို့ ကန့်ကွက်သူမရှိ။ ဒါကြောင့် ဒီနေရာမှာ ဦးဘရှိန်အဆို တင်သွင်း တယ်လို့ပဲ သဘောထားပြီးတော့ ဦးဘရှိန်အဆို နိုင်ပါတယ်။ နောက်တစ်ခုက (ခ)ကျေးရွာဆိုသည်မှာ ဒီအတိုင်းပါပဲ။ အထက်အတိုင်းပါပဲ။ ဒါကြောင့်မို့လို့ ထုံးစံအရတော့ မေးလိုက်ပါဦးမယ်။ ဦးဘရှိန်ရဲ့ အဆိုကို ကန့်ကွက်မယ့်သူရှိရင် မတ်တပ်ရပ်ပါ။ ကြားနေမယ့်သူရှိရင် မတ်တပ်ရပ်ပါ။ မရှိတဲ့အတွက် ဦးဘရှိန်ရဲ့အဆိုကို အနိုင်ရရှိပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျေးရွာအုပ်စုဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ဒါကြောင့်မိုလို့ တစ်ဆက်တည်း ဆက်လိုက်ပါမယ်။ မြို့နယ်ဆိုသည်မှာ၊ မြို့ဆိုသည်မှာ ဒါနဲ့ပတ်သက်ပြီးတော့ ဦးဘရှိန်က အားလုံးဒါကန့်ကွက်မယ်ထင်ပါတယ်။ ဦးဘရှိန်ကန့်ကွက်မလား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ကိုတစ်နည်းပြန်ပြောမယ်ဆိုရင် ခုနကအတိုင်းပဲ ဦးဘရှိန်က ဒါကိုကျွန်တော်တို့အဆိုပဲ လက်ခံရမှာဖြစ် တယ်။ ဒါကြောင့်မို့လို့ အဲဒီဘက်က ကြည့်ပြောမယ်ဆိုရင် ဦးဘရှိန်ရဲ့ အဆိုကို ကန့်ကွက်မယ့်သူရှိရင် မတ်တပ်ရပ်ပါ။ ကြားနေမယ့်သူရှိရင်မတ်တပ်ရပ်ပါ။ ဒါ့ကြောင့် (ခ)၊(ဂ)၊ (ဃ)၊ (င) ဦးဘရှိန်ရဲ့အဆိုဟာ အနိုင်ဖြစ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။နောက်စာမျက်နှာ ၂၊ အခန်း (၁)၊ ပုဒ်မ ၂(ည) အသစ်ထည့်ခြင်း မူလအဆိုပြုချက်မရှိဘူး။ အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသော

အိမ်ထောင်စုလူဦးရေစာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြခြင်းခံရသူ ဆိုလိုသည်။ ဒါကအမျိုးသားလွှတ်တော်ကပြောတာပါ။ ကျွန်တော်တို့ မူလစာအုပ်ထဲမှာ မရှိပါဘူး။ အခု အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်က အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စု လူဦးရေစာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူကို ဆိုလိုသည်။ ဒါနဲ့ပတ်သက်လို့ ပြောင်းပြန်မဲပေးပါမယ်။ ကန့်ကွက်မယ့်သူရှိရင် မတ်တပ်ရပ်ပါ။ ဒါကြောင့်မို့လို့ ကန့်ကွက်တဲ့သူမရှိ။

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အိမ်ထောင်စုစာရင်းပုံစံမှာ၊ ပုံစံ(၁၀)မှာမိဘတွေကို ထိပ်ကတင်ထားတာများပါတယ်။ အဲဒီအခါမှာ တကယ့်အိမ်ထောင်ဦးစီးလုပ်ကိုင်မှာက သားသမီးဖြစ်ပြီးတော့ အသက်ကြီးတဲ့အမေအိုကြီးက အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားတာမျိုးရှိပါတယ်။ အဲဒီတော့ ဒီကိစ္စကိုတော့ နည်းနည်းပြန်လည်သုံးသပ်သင့်တယ်လို့ တင်ပြပါတယ်။ (ဩဘာသံများ)

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆီမှာ ဆွေးနွေးမှုမှာ အားလုံးဆန္ဒပြည့်ဝသွား အောင်ဆိုရင် အမျိုးသားလွှတ်တော်က တင်ပြလာတာသည်၊ ပြင်ဆင်တာသည် ကျွန်တော်တို့ပြင်ဆင်ပြီးမှ အမျိုးသားလွှတ်တော်ကို ရောက်သွားပြီးမှ အမျိုးသားလွှတ်တော်က ပြင်ဆင်တဲ့ ဖြည့်စွက်တဲ့အတွက်ကြောင့်မို့လို့ တကယ်လို့သာ ပြည်သူ့လွှတ်တော်ကနေ မူလပြင်ဆင်ထားတဲ့ အတည်ပြုချက်ကို ကျွန်တော်တို့အားလုံးက သဘောတူတယ်ဆိုရင် ဒါအတည်ဖြစ်ပါလိမ့်မယ်။ ထိုနည်းတူပဲ ဥက္ကဋ္ဌကြီးပြောတဲ့ သူကပိုကောင်းတယ်ဆိုရင် ပိုကောင်းတဲ့ဟာလေးပဲ ကျွန်တော်တို့ကိုယ်စားလှယ်များက ရွေးထုတ်လိုက်ရင် အဲဒီဟာလေးကို သဘောတူလိုက်ရင်လဲ မူလဟာကို သဘောတူပြီးသားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ Automatic ပြီးမြောက်တယ်ဖြစ်ပါတယ်။ ပိုကောင်းတဲ့အချက်လေးတွေ ရှာလိုက်လို့ရှိရင် ပိုလွယ်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ပြင်ဆင်မှုဆိုသည့်နေရာမှာ သူတို့တင်လာတဲ့ဟာကို ကျွန်တော်တို့က အနည်းငယ်ပြင်ပေးရုံနှင့် ကျွန်တော်တို့က ကောင်းပါတယ်ထင်လို့ ဒါကိုပြင်ဆင်မှုအနေနဲ့တင်လိုက်ခြင်းဖြစ်ပါတယ်။ တကယ်လို့ ကျွန်တော်တို့က ပြင်ဆင်မှုမတင်သွင်းတာလည်းမဟုတ်ပါဘူး။ သို့သော်ကျွန်တော်တို့က ကန့်ကွက်မယ့်ဟာကို ကျွန်တော်တို့က ပြင်ဆင်ချက်မှာ မထည့်ထားပါဘူးခင်ဗျား။ အဲဒီတော့ ဥက္ကဋ္ဌကြီးကမေးတဲ့အခါကြရင် သဘောတူသလားမေးရင် သူတို့ကကန့်ကွက်တဲ့ဟာ ဖြစ်လို့သဘောမတူပါဘူးလို့ ဖြေသွားမယ်။ သဘောမတူပါဘူးလို့ ဖြေတဲ့အတွက်ကြောင့်မို့လို့ အဲဒီဟာသည် အမျိုးသားက ပြင်ဆင်လာတဲ့ဟာသည် ကန့်ကွက်တာနဲ့အတူတူ ဖြစ်သွားပါတယ်။ ထိုနည်းတူပဲ

ကျွန်တော်တို့မူလက ပြည်သူ့လွှတ်တော်ကနေ အတည်ပြုထားသည့်ဟာသည် အတည်ဖြစ်သွားပါတယ် ခင်ဗျား။ အဲဒါလေးကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သဘောပေါက်မယ် ဆိုလို့ရှိရင် ပိုမို့လွယ်ကူမယ့်အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။(ကြိဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီစာအုပ်ထဲမှာပဲ ကျွန်တော်တို့လွှတ်တော်က ဆုံးဖြတ်တာတွေပဲ ပိုကောင်းတာ တွေကိုပဲ ရှာလိုက်တာပေါ့ဗျာ။ အဲဒါရှာတာတွေ့တယ်ဆိုရင်တော့ အဲဒါကို ကျွန်တော်တို့က သဘောတူရ မှာပေါ့။ အဲဒါကလွဲလို့ ကျန်တာတွေက ကန့်ကွက်ရမှာပေါ့။

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင် ထားတဲ့အထဲမှာ အမှတ်စဉ် ၁၂၊ အခန်း (၄)၊ ပုဒ်မ ၆ မှာ ကျွန်တော်တို့ လက်ရှိပြဋ္ဌာန်းချက်က မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ် နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အများကြည်ညိုလေးစားပြီး ဩဇာတိက္ကမရှိသည့် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ဖြင့် တာဝန်ပေးအပ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတာကတော့ အများကြည်ညိုလေးစားပြီး နိုင်ငံရေးပါတီဝင်မဟုတ်သော ဩဇာတိက္က မရှိသည့် ရပ်မိရပ်ဖ အနည်းဆုံးငါးဦးကို အများဆန္ဒနှင့်အညီ ကျေးရွာ သို့မဟုတ် ရပ်ကွက်အပိုင်းများ အလိုက် မျှတသောအချိုးဖြင့်ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် ဆိုတဲ့အချက် ပြင်ဆင်ထားတာကိုတော့ ဒါပိုပြီးတော့ သင့်မြတ်ကောင်းမွန်တယ်လို့ ကျွန်တော် ယူဆ ပါတယ်။ ဆိုလိုတာက ရပ်ကွက်တစ်ခုမှာ လမ်းတစ်လမ်းထဲကနေပြီးတော့ ကြီးကြပ်ရေးအဖွဲ့ငါးဦးကို သုံးဦး၊ လေးဦးတစ်ပြိုင်တည်းမဖွဲ့ဘဲနဲ့ ရပ်ကွက်ထဲမှာ မျှတအောင် အခြားလမ်းတွေကပါ အချိုးကျ မျှတအောင်ထည့်ဖို့ အဆိုပြုထားတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒါနဲ့ပါတ်သက်လို့ ဦးသိန်းညွှန့်က ရေးထားပါတယ်။ ဦးသိန်းညွှန့်က ဝန်ကြီး ဌာန၏အဆိုပြုချက်အတိုင်း ထားရှိရန်ဖြစ်သည်။

**ဦးသိန်းညွှန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်က ဒီမှာဝန်ကြီးဌာနအတိုင်း သတ်မှတ်သင့်တယ်ဆိုတာ ကျွန်တော့်မှာ အကြောင်းပြချက်။ ဒါက ဝန်ကြီးဌာနကရေးထားတဲ့ဟာက ကျစ်ကျစ်လစ်လစ်လည်း ရှိပြီးတော့ အလုပ်လည်းလုပ်လို့ရပါတယ်။ ဒီအထဲမှာ ကျွန်တော် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်

ကို လက်မခံနိုင်တဲ့ အဓိကအချက်ကတော့ နိုင်ငံရေးပါတီဝင်မဟုတ်သော ဆိုတဲ့ဟာက ဒါကတော့ ကျွန်တော်တို့ အခုသွားနေတဲ့အခြေခံဥပဒေမှာ အပိုဒ် ၆(ဃ)မှာစစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ လက်ခံထားပါတယ်။ ဒါပုဒ်မ ၄၀၆ နိုင်ငံရေး ပါတီများအခန်းမှာ နိုင်ငံတော်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေဟာ လွတ်လပ်စွာ စည်းရုံးနိုင်တယ်။ ရွေးကောက်ပွဲတွေမှာတောင် ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားပါတယ်။ အဲဒီတော့ နိုင်ငံရေးပါတီဝင်ဖြစ်တဲ့ အတွက် ဩဇာတိက္ကမရှိတဲ့သူထဲမှာ မပါရဘူးဆိုရင် အဲဒီ အမျိုးသားလွှတ်တော်ရဲ့ဒဿနကို ကျွန်တော် လက်မခံနိုင်ပါဘူး။ ကျွန်တော်တို့တိုင်းပြည်မှာ နိုင်ငံရေးပါတီဝင်ဆိုတာ နိုင်ငံတော်နဲ့ ပြည်သူကြားမှာ ပေါင်းကူးပေးတာ နိုင်ငံရေးပါတီတွေပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့အချိန်အထိ နိုင်ငံရေး ပါတီဝင်တွေကို နိုင်ငံရေးသမားတွေကို ဆန့်ကျင်တဲ့အတွေးအခေါ်တွေကိုတော့ ကျွန်တော်တို့ နိဂုံးချုပ်ဖြစ်ဖို့ လိုအပ်မယ်ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်က ဒီမှာပြင်ဆင်ချက်တင်တာ အခုအထက်ဖော်ပြတဲ့ ကျိုးကြောင်းဖော်ပြချက်များအရ နိုင်ငံရေးပါတီဝင်မဟုတ်သောဆိုတဲ့ အပိုဒ်ကို ဖြုတ်ပေးပြီးတော့ မူလဝန်ကြီးဌာနရဲ့ ပြဋ္ဌာန်းချက်အတိုင်းထားခြင်းဟာ ပိုပြီးတော့ကောင်းမွန်တယ်လို့ ကျွန်တော်ယူဆတဲ့အတွက် ဒါပြင်ဆင်ချက်အဆိုကို တင်သွင်းခြင်းဖြစ်ပါတယ်။ ဒါပါပဲ။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုးချုပ်ရင်မိုးချုပ်ပါစေ။ သောကြာနေ့မဟုတ်ဘူး။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဘက်ကနေ ပြန်လည်ပြင်ဆင်ပြီး တင်လာတဲ့အထဲမှာ အကောင်းဆုံးလို့ ကျွန်တော်ယူဆပြီးတော့ ကျွန်တော်တို့ ကိုယ်စားလှယ်များ အားလုံးလည်း သဘောတူမယ့်အချက်ကတော့ စာမျက်နှာ ၂၅၊ အမှတ်စဉ် ၅၄၊ ပုဒ်မ ၄၃ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရဆိုတဲ့အချက်ကိုတော့ ကျွန်တော်တို့ ကြိုက်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေနဲ့ ပတ်သက်လို့ အကြောင်းအရာတွေလည်း များပါတယ်။ စာမျက်နှာတွေကလည်း အားလုံး ၂၆ ဖြစ်ပါတယ်။ ပြင်တာတွေကလည်း၊ ကွဲလွဲတာတွေကလည်း ၅၆ ခုလောက်ရှိပါတယ်။ ဒါကြောင့် တစ်ယောက်စီ၊ တစ်ယောက်စီ ဖောက်ပြီးပြောနေမယ့်အစား တစ်ခုစီတစ်ခုစီကိုပဲ အစဉ်လိုက် ဆွေးနွေးပြီးတော့မှ အတည်ပြုသွားတယ်ဆိုရင်တော့ ပိုပြီးတော့မှ မြန်လည်းမြန်ပါတယ်။ မှန်လည်း မှန်တယ်လို့ ကျွန်တော်ထင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါလည်းကောင်းတာပဲ။

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုပုံစံအတိုင်းသာ သွားနေလို့ကတော့ ကျွန်တော်တို့ လွှတ်တော်က နောက်တစ်နှစ်နဲ့လည်း ပြီးမယ့်သဘောမရှိပါဘူး။ ဟိုကဖောက်လိုက်၊ ဒီကဖောက်လိုက်၊ အမြီးကလှန်လိုက် ခေါင်းကလှန်လိုက်နဲ့ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးအနေနဲ့ပဲ လွှတ်တော်ကို ထိန်းကျောင်းပြီးတော့ ဥက္ကဋ္ဌကြီးသတ်မှတ်ထားတဲ့အတိုင်း ပုဒ်မ ဘယ်လောက်မှာ ဘယ်လောက်က စာမျက်နှာနှင့်တကွ တစ်ချက်ချင်းကိုပဲ ဆန္ဒကိုမေးပြီးတော့မှ မတူတာရှိရင်လည်း ဆုံးဖြတ်မဲခွဲ ဒါလုပ်တာကောင်းပါတယ်ခင်ဗျား။ ဟိုကျော်လိုက်၊ ဒီကျော်လိုက်ဆိုရင် တော့ ကျွန်တော်တို့ ဘယ်လိုမှပြီးနိုင်မှ မဟုတ်ပါဘူး။ ဒါကြောင့် ဦးဌေးဦးတင်ပြတဲ့ဟာကို ထောက်ခံကြောင်းတင်ပြတာပါခင် ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျွန်တော် ဥပမာပေးရင်းပေးရင်းနဲ့ အကောင်းဆုံးဟာတစ်ခုရွေးလို့ရှိရင် ကျန်တာပြီးသွားမယ်ဆိုတဲ့အနေအထား လက်ခံလိုက်တာ။ ဒါပေမယ့် လက်တွေ့ကျတဲ့အခါကျတော့ အကောင်းဆုံးရွေးဖို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဆန္ဒမတူနိုင်တဲ့အတွက် အစဥ်အတိုင်းသွားတာ သည် အကောင်းဆုံးထက်ပို၍ကောင်းတဲ့ နည်းလမ်းဖြစ်တဲ့အတွက် အစဥ်အတိုင်းပဲသွားလိုက်ပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ကဲ အစဥ်အတိုင်းသွားတဲ့အချိန်မှာ စာမျက်နှာ ၁ ပြီးပါပြီ။ စာမျက်နှာ ၂ အိမ်ထောင်ဦးစီးမှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စုလူဦးရေစာရင်းပုံစံတွင် အိမ်ထောင်စု အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူနဲ့ ပတ်သက်ပြီးတော့ ဦးမင်းဆွေ ဆွေးနွေး အဆိုတင်တယ်လို့ပဲ ယူဆပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ဦးမင်းဆွေက ကန့်ကွက်တယ်ပေါ့။ အချိန်ကြာမှာဖြစ်တဲ့အတွက် တစ်ခါတည်း မဲခွဲလိုက်ပါမယ်။ ဦးမင်းဆွေရဲ့အဆိုပြုချက်သည် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်တယ်။ ဦးမင်းဆွေ ကို ကန့်ကွက်တဲ့သူရှိရင် မတ်တပ်ထပါ။ အခုတင်ပြချက်က သဘောထားကွဲတယ်ဆိုရင် ပြည်ထောင်စု တက်ရတယ် ပြောပါတယ်။ ဦးနန္ဒတို့ မနေ့ကလေ့လာတဲ့အခါမှာ သဘောထားကွဲတယ်ဆိုတာနဲ့ ပြည်ထောင်စုတက်ရမယ်။ မှန်လား။ ထိုင်ကြပါခင်ဗျား။ အမျိုးသားလွှတ်တော်ကို သဘောတူ၊ မတူ မေးတယ်။ မေးတဲ့အခါမှာ ဒီဘက်ကဦးမင်းဆွေက ထပြီးပြောတယ်။ ဒါကြောင့်မို့လို့ သဘောမတူဘူး ဆိုတဲ့ဟာဖြစ်တယ်။ ဒါ သဘောမတူတာဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်တင်ရမယ်။ အဲဒီတော့ အဲလို တစ်ယောက် တည်းဆိုရင်ကော သဘောမတူတယ်လို့ ပြောလို့ရအုံးမယ်မထင်ဘူး။ မဲခွဲရမယ်။

**ဦးနန္ဒကျော်စွာ(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အချိန်ကုန် သက်သာအောင် ခုနကဆရာတို့ ဒီဘက်က ကိုယ်စားလှယ်ကြီးများပြောသွားသလို အတိုဆုံး နည်းနဲ့ပြောရရင်တော့ ပထမဦးဆုံး ကျွန်တော်တို့ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးသားဟာက ကျွန်တော်တို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတယ်ဆိုရင် ပထမကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ၃၉၅ ယောက်သော ပုဂ္ဂိုလ်များ သဘောတူထားခဲ့တဲ့ဟာက အမှန်ဆိုရင် နောက်ထပ် ဟိုဘက်ကလာတဲ့ဟာမှန်သမျှ ကျွန်တော်တို့နဲ့ သဘောထားကွဲလွဲတာပါပဲ။ တစ်ခါတည်း ပြည်ထောင်စုလွှတ်တော်ကို တန်းတင် လိုက်ရင်ပြီးသွားပါပြီ။ (ဩဘာသံများ)

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သဘောထားကွဲလွဲတယ် ဆိုတာထက်စာရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေ အတည်ပြုပြီး အမျိုးသားလွှတ်တော်ကို ကျွန်တော်တို့ ပေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်သာလျှင် သူ့ကိုယ်စားလှယ်တွေရဲ့ဆန္ဒနှင့်အညီ သူတို့သဘောထားအတိုင်း ကျွန်တော်တို့ဆီ ပြန်ပေးတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သဘောထားမတူဘူးဆိုလို့ရှိရင်တော့ အကျိုးနဲ့အကြောင်းနဲ့ ဒါအဆိုပြုတဲ့သူကလည်း အကျိုးနဲ့အကြောင်းနဲ့ပြော၊ ကန့်ကွက်တဲ့သူကလည်း အကျိုးနဲ့အကြောင်းနဲ့ ပြော၊ ပြောပြီးမှပဲ ဒီဥစ္စာကို မဲခွဲတယ်ဆိုတဲ့ဥစ္စာက အမှန်ဆုံးဖြစ်ပါတယ်။ ခုနက ကျွန်တော်တို့ အိမ်ထောင်ဦးစီးဆိုတာနဲ့ပတ်သက်လို့ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်ဦးစီး လူဦးရေပုံစံစာရင်းတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူကို ဆိုလိုသည်ဆိုတဲ့ဥစ္စာက အငြင်းပွားစရာမရှိပါဘူး။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ အငြင်းပွားစရာမရှိပါဘူး။ ပုံစံ ၁၀ မှာ ထိပ်ဆုံးမှာထားတဲ့သူသည် အိမ်ထောင်ဦးစီးလို့ သတ်မှတ်တယ်ဆိုရင် ကိုယ်မထားချင်ဘူးဆိုရင် လဝကကို ပြောင်းလို့ရပါတယ်။ အဖေ၊ အမေကိုနောက်မှထားပြီး ကိုယ်ကအိမ်ထောင်ဦးစီးဖြစ်တဲ့ အတွက် ထိပ်တင်မယ်ဆိုရင်လည်းဖြစ်ပါတယ်။ သို့သော်လည်းပဲ သတ်မှတ်ထားတဲ့ပုံစံကတော့ ထိပ်မှာ ထားရင် အိမ်ထောင်ဦးစီးဆိုတဲ့ဟာ အလိုအလျောက်ပါပဲ။ ဒါကဒီဥစ္စာနဲ့ပတ်သက်လို့ အိမ်ထောင်ဦးစီး သည် ဘယ်သူဖြစ်တယ်ဆိုတာ အငြင်းပွားစရာမရှိပါဘူး။ သက်မှတ်ထားတဲ့ သက်ဆိုရာဥပဒေအရ သတ်မှတ်ထားတဲ့ အိမ်ထောင်စုလူဦးရေပုံစံစာရင်းမှာ အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြရခြင်းခံရသူဆိုတဲ့ ဥစ္စာသည် အငြင်းပွားစရာ တစ်စုံတစ်ရာမရှိဘူးလို့ပဲ ကျွန်တော့်အနေနဲ့ ထင်မြင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အိမ်ထောင်ဦးစီး ဘယ်သူလဲဆိုတာ ဒီထဲမှာဘယ်သူကိုပေးမယ်ဆိုတာ ဒီဥစ္စာမပါပါဘူး။ ဒါကြောင့် ဦးမင်းဆွေတင်ပြတဲ့ဥစ္စာသည် သားသမီးက အိမ်ထောင်ဦးစီးဖြစ်တယ်ဆိုရင်လည်း ဒီပုံစံမှာ သားသမီးက အိမ်ထောင်ဦးစီးပါလို့ သူပြောလိုက်လို့ရှိရင် ပြီးတာပါပဲ။ အဲဒီတော့ အိမ်ထောင်ဦးစီး

သတ်မှတ်တဲ့ဥစ္စာနဲ့ပတ်သက်လို့ ဖော်ပြထားတဲ့သူသည် အိမ်ထောင်ဦးစီး ဖြစ်တယ်ဆိုတဲ့ဥစ္စာသည် အငြင်းပွားစရာတစ်စုံတစ်ရာမရှိတဲ့အတွက် ဒါအမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုလိုက်တဲ့ ဥစ္စာကို ကျွန်တော့်အနေနဲ့ ထောက်ခံတယ်ဆိုပြီးတော့မှ ကျွန်တော့်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ ကျွန်တော် အားတော့နာပါတယ်။ အခု ဒီအိမ်ထောင်ဦးစီး ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ ကိုယ်စားလှယ်ကြီး ဦးမင်းဆွေတင်ပြသွားတာနဲ့ပတ်သက်လို့ ဦးဋ္ဌေးဦးနဲ့အတူ ထပ်တူထပ်မျှ ကျွန်တော်တို့လည်း သဘောမတူပါဘူး။ အမျိုးသားလွှတ်တော်က တင်ပြတဲ့ ဒီဟာ အားလုံးကို ကျွန်တော်တို့က ကျွန်တော်တို့ရဲ့အားနဲ့မတူတဲ့အတွက် ကန့်ကွက်ပြီးတော့မှ ပြည်ထောင်စု လွှတ်တော်တက်မယ်ဆိုတာလည်း ဒါလည်းပဲသဘာဝမကျပါဘူး။ အဲဒီတော့ ဒီမှာကျွန်တော် ဥပမာ လေးတစ်ခုပြောချင်တာ ကျွန်တော့်အိမ်ထောင်မှာ ကျွန်တော်တို့ အမေကြီးဟာ အသက် ၉၆ နှစ် ရှိပါပြီ။ ဒါပေမယ့် အိမ်ထောင်ဦးစီးက ကျွန်တော်ပါ။ မိအို၊ ဖအိုကြီးမို့လို့ အိမ်ထောင်ဦးစီးတင်တာ မဟုတ် ပါဘူး။ ဦးဋ္ဌေးဦးတင်ပြသလိုပဲ ကျွန်တော်တို့အိမ်ထောင်ဦးစီးမှာ ပုံစံ ၁၀ ထဲမှာကိုပဲ ဘယ်သူဟာ အိမ်ထောင်ဦးစီးဆိုတာ ဒါပါပြီးသားဖြစ်တဲ့အတွက် အချို့အချက်အလက်တွေဟာ အမျိုးသား လွှတ်တော်က အဆိုပြုချက်တွေသည် ကောင်းမွန်ရင် ဒါလက်ခံရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ သဘောမတူနိုင်တဲ့ဟာ ခုနကြားဖြတ်ပြီးတော့ ကျော်ပြောရရင်ပေါ့လေ၊ ကျွန်တော်ပဲ ပြောပြီးတော့ ကျွန်တော်ပဲဖောက်ဖျက်သလို ဖြစ်နေပြီ။ ဥပမာ- ကျွန်တော်တို့ စာမျက်နှာ ၄ မှာ အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်းဆိုတာကို ကျွန်တော်တို့က ဒီပြည်ထဲရေးက တင်ပြထားတဲ့အတိုင်း ကျွန်တော်တို့ သဘောတူခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားလွှတ်တော်ကနေ အသက် ၃၀ ပြည့်ပြီးသူဖြစ်ခြင်းဆိုတာ ကျွန်တော်တို့ ဒီ ပုဒ်မ ၁၂၀(က)မှာ ပြည်သူ့လွှတ်တော်တွေရဲ့ ကိုယ်စားလှယ်တွေရဲ့ အရည်အချင်း ထဲမှာ အသက် ၂၅ နှစ်ပြည့်ပြီးသူလို့ပါထားပါတယ်။ အဲတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တောင် အသက် ၂၅ နှစ်ပြည့်ရင်လုပ်နိုင်တယ်။ ကျွန်တော်တို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးလောက်က ၂၅ နှစ်လောက်ကို မလုပ်နိုင်ဘူးလား။ အသက် ၃၀ ပြည့်မှလုပ်နိုင်မှာလား၊ ဒီသဘောမျိုးတွေ ဖြစ်ပါတယ်။ အဲဒီတော့ ကန့်ကွက်သင့်တာကို ကျွန်တော်တို့ ကန့်ကွက်ပါမယ်။ ထောက်ခံသင့်တာကို လည်း ထောက်ခံဖို့အသင့်ပါပဲလို့ ကျွန်တော် တင်ပြချင်ပါတယ်။

**ဦးနန္ဒကျော်စွာ(ဒုတိယဥက္ကဋ္ဌ)။** ။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံးလည်း လေးစားသောအားဖြင့် တင်ပြပါရစေ။ ကျွန်တော်တခြားဟာတော့ မတင်ပြပါဘူး။ ခုန ကျွန်တော်တို့ ဝိဝါဒကွဲပြားတဲ့ အဲဒီ အိမ်ထောင်ဦးစီးကိစ္စပါ။ ဒီဟာကတော့

ကျွန်တော်တို့ရဲ့ မြန်မာ့ဓလေ့ထုံးတမ်းတွေနဲ့ ဆိုင်နေပါတယ်။ ကျွန်တော်တို့က ကျွန်တော်တို့ လေးစားတဲ့အရာ၊ တန်ဖိုးထားတဲ့အရာဆို အမြင့်မှာတင်လေ့ရှိပြီးတော့ မကြိုက်တဲ့အရာဆိုရင် အောက်မှာချလေ့ရှိပါတယ်။ ဒါထုံးစံပါ။ အဲဒီတော့ ကျွန်တော်တို့ရဲ့မိအို၊ ဖအိုကြီးတွေဟာ တစ်ချိန်တုန်းက ကျွန်တော်တို့က သူတို့ကို မှီခိုပြီးကြီးပြင်းလာတဲ့အခါမှာ သူတို့အိမ်မှာ ကျွန်တော်တို့ နေတော့ သူတို့ကအိမ်ထောင်ဦးစီးပါ။ ကျွန်တော်တို့ ဒီကနေ့ကြီးသာလာတယ် ကျွန်တော်တို့နေရာဟာ အောက်မှာပဲရှိတယ်။ အမေ၊ အဖေကအိမ်ထောင်ဦးစီးမှာပဲရှိပါတယ်။ ဒါကတော့ ကိုယ်စားလှယ်ကြီး အိမ်မှာ အမေ၊ အဖေကလာနေတဲ့အခါကြတော့ ကိုယ်စားလှယ်ကြီးမိသားစုစာရင်းမှာ သွင်းလိုက်လို့ မိအို၊ ဖအိုကြီးက အောက်ရောက်သွားတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့်ဓလေ့ထုံးစံအရတော့ ဆရာဦးမင်းဆွေပြောသလိုပဲ ကျွန်တော်တို့တွေကတော့ ပုံမှန်ကတော့ မိဘကိုကျွန်တော်တို့ထိပ်မှာ ထားတဲ့အတွက် အိမ်ထောင်ဦးစီးဆိုတဲ့စကားကိုလည်း ကျွန်တော်တို့ ငြင်းနေစရာမရှိပါဘူးခင်ဗျား။ လုပ်နိုင်ကိုင်နိုင်ရှိတဲ့ သူကရပ်ကွက်ထဲကဆင်းပြီးတော့ အလုပ်လုပ်ရုံပါပဲ။ ဒါလေးကို ထည့်ပြီးတော့ ငြင်းနေကြမယ်ဆိုရင် ကျွန်တော်တို့ရဲ့ မြန်မာ့ဓလေ့ကိုလည်း နည်းနည်းလေးထိခိုက်ရာကျပါတယ်။ အဲဒါလေး တင်ပြချင်တာပါ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဒီအုပ်ချုပ်ရေးမှူးရဲ့ အခန်း ၇ ကို (ခ)၊ (ဂ) မှာ အိမ်ထောင်ဦးစီးရဲ့ စကားလုံးလေးပါပါတယ်။ ဥက္ကဋ္ဌကြီးရှင့်၊ နည်းနည်းလေးဖတ်ပြီး အဓိပ္ပာယ်လေး ပြန်ပေးပါရှင့်။ အခန်း ၄၊ ၇ (ခ)နဲ့ (ဂ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွတ်ရေ။ သွားတာတော့ရှေ့ပဲ၊ နောက်ပြန်ပြန်ရောက်နေတယ်။ အခန်း ၇၊ ရပြီ ပြန်ပြီးတော့ ဒေါ်နန်းဝါနု ပြန်ပြောပါ။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ကျွန်မဥက္ကဋ္ဌကို ဒီအဓိပ္ပာယ်လေး နည်းနည်းရှင်းပေးစေချင်လို့ပါ။ ၇(ခ)နဲ့(ဂ) ဒီမှာအိမ်ထောင်ဦးစီးများအား ယင်းတို့ရွေးချယ်မည့်ရပ်ကွက် နောက်ပြီး ဆယ်အိမ်စုတစ်စုတွင်ပါဝင်သော သက်ဆိုင်ရာအိမ်ထောင်ဦးစီးများက မိမိတို့ဆယ်အိမ်စုတွေဆို အဲဒီ ၇(ခ) နဲ့(ဂ)မှာ ပြဿနာလာမတက်ဘူးဆိုရင် ကျွန်မတို့အတွက် ကန့်ကွက်စရာမရှိပါဘူး။ ဒါပေမဲ့ ၇(ခ)နဲ့ (ဂ)အိမ်ထောင်ဦးစီးတွေမှာ ပြဿနာလာတက်မယ်ဆိုရင်တော့ ဒါကအကြီးကျယ်ဆုံးသောမှားယွင်းမှု ဖြစ်သွားမှာ စိုးလို့ပါ။

**ဥက္ကဋ္ဌ**။ ။ အဓိပ္ပာယ်ပါတစ်ခါတည်း ရှင်းပေးပါ။ အဓိပ္ပာယ်ပါရှင်းပါ။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့က ခုနပြောသလိုပဲလေ ကျွန်တော်တို့ အိမ်ထောင်ဦးစီးဆိုတာအားလုံး သိပြီးသားဖြစ်ပါတယ်။ ဧည့်စာရင်းမှာ၊ အိမ်ထောင်စုစာရင်းမှာ

အပေါ်ကတင်သည်ဖြစ်စေ၊ အောက်ကတင်သည်ဖြစ်စေ ကျွန်တော်တို့ ဂါရဝတရားအရ လူကြီးတွေ တော့ အပေါ်ကတင်တယ်၊ လူငယ်တွေတော့ အောက်ကတင်တယ်။ သို့သော်လည်းပဲ အလုပ်လုပ်ကိုင် နေတဲ့သူဟာ အိမ်တစ်အိမ်ရဲ့အိမ်ထောင်ဦးစီးလို့ Understood ဖြည့်ပြီးသားဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီဥပဒေမှာ အိမ်ထောင်ဦးစီးဆိုတဲ့ Defination ကို သီးခြားဖော်ပြဖို့ မလိုဘူးလို့ ထင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဒီမှာအမျိုးသားလွှတ်တော်က အိမ်ထောင်စုဦးစီးဆိုတာ Defination ကို သီးခြားဖော်ပေးထားတဲ့အတွက်ကြောင့် ကျွန်တော်တို့က မူလဥပဒေမှာ ကျွန်တော်တို့က ဒါကို ဖော်ပြထားခြင်းမရှိဘူး။ ဒါကိုပဲ ကျွန်တော်တို့ မူလဥပဒေအတိုင်းပဲ ဆက်သွားမယ်လို့ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါသီးခြား Defination ဖွင့်ပြီးတော့ လုပ်စရာမလိုဘူးလို့ ကျွန်တော်တို့ မြင်ပါတယ်ခင်ဗျ။ (သြဘာသံများ)

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နည်းနည်းလောက် အကြံပြုပါရစေခင်ဗျား။ ကျွန်တော် လေ့လာသိရှိထားတဲ့ အခြေခံဥပဒေအရဆိုရင် ကျွန်တော်တို့ ဒီမူလပြဋ္ဌာန်းထားတဲ့ဥပဒေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ သေချာလေ့လာပြီး တော့မှ ဆွေးနွေးဆုံးဖြတ်ကြပြီးတော့ အတည်ပြုချက်တစ်ချို့နဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ပို့လိုက်တာပါ။ အဲ့ဒီတော့ အမျိုးသားလွှတ်တော်ကလည်း ကျွန်တော်တို့ရဲ့ ဆွေးနွေးအတည်ပြု လိုက်တဲ့အချက်တွေကို သဘောတူတာလည်းရှိမယ်။ သဘောမတူလို့ သူတို့ကပြန်ပြီးတော့ သီးခြား ပြန်ပြီးတော့ သူတို့ရဲ့ပြင်ဆင်အတည်ပြုချက်တွေနဲ့ ဖြည့်စွက်တာလည်းရှိပါတယ်။ အဲ့ဒီတော့ အခု သူတို့ပေးပို့လာတဲ့ဇယားကို ကြည့်လိုက်တယ်ဆိုရင်ကိုပဲ တော်တော်များများ ကျွန်တော်တို့နဲ့ သဘောထားကွဲလွဲနေတယ်ဆိုတာကို တွေ့ရပါတယ်။ အဲ့ဒီတော့ အခြေခံဥပဒေအရဆိုရင် ကျွန်တော်တို့ က အဲဒီလို သဘောထားကွဲလွဲနေတယ်ဆိုရင် ကျွန်တော်တို့တစ်တွေက ပြည်ထောင်စုလွှတ်တော်မှာပဲ ဒါကိုဆွေးနွေးပြီးတော့ ဆုံးဖြတ်ချက်ချရမှာဖြစ်ပါတယ်။ အဲ့တော့အခုကျွန်တော်တို့က ဆွေးနွေးကြတဲ့ အခါမှာပြောကြဆိုကြတဲ့ အကျိုးအကြောင်းတွေကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဒီဟာကို အမျိုးသားလွှတ်တော်က လူတွေပြန်ကြားရရင် သူတို့ကလည်း ကျွန်တော်တို့ အခုဆွေးနွေးကြတဲ့ သဘောထားတွေကို သဘောတူတာ ရှိကောင်းရှိနိုင်သလို၊ မတူတဲ့အမြင်အယူအဆတွေ ရှိကောင်း ရှိနိုင်ပါတယ်။ နောက်တစ်ခါ သူတို့ကလည်း တစ်ခါကျွန်တော်တို့ရဲ့ဟာတွေကို အမြင်အယူအဆတွေကို လက်ခံကောင်းမှ လက်ခံမှာပါ။ အဲဒီတော့ ဇာတ်လမ်းကရှည်ပြီးတဲ့ အခါကျတော့ မပြီးနိုင်မစီးနိုင် ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ဒါကအကောင်းဆုံးကတော့ ပြည်ထောင်စုလွှတ်တော်မှာပဲ ကျွန်တော်တို့ တစ်တွေကလည်း ပြောမယ့်ဆိုမယ့်ဟာတွေ၊ ထင်မြင်ချက်တွေ၊ ပြင်ဆင်ထားကြ၊ စုဆောင်းထားကြ။

ဟိုကျတော့ အမျိုးသားလွှတ်တော်ကလည်း သူတို့ထင်မြင်ချက်တွေ သူတို့ပြောကြမယ်၊ ဆိုကြမယ်။ အဲ့ဒီကျတော့မှ မဲခွဲကြလို့ရှိရင် နောက်ဆုံး ဆုံးဖြတ်ချက်ချနိုင်ပါလိမ့်မယ်လို့ ထင်ပါတယ်ခင်ဗျား။ (ကြိဘာသံများ)

**ဦးမြေဦး(ဟသ်္သာတမဲဆန္ဒနယ်)။** ။ကျွန်တော်ဥက္ကဋ္ဌကြီးကို တစ်ခုတင်ပြချင်ပါတယ်။ အဓိက အကြောင်းအရာကတော့ ကျွန်တော်တို့အတည်ပြုပြီးတဲ့ ဥစ္စာကိုအမျိုးသားလွှတ်တော်ပေးတဲ့အချိန်မှာ အမျိုးသားလွှတ်တော်ကလည်း ပြင်ဆင်ချက်နဲ့ ကျွန်တော်တို့ဆီပြန်ပို့ပေးတာဖြစ်ပါတယ်။ ဒီထဲက ကျွန်တော်တို့ သဘောထားချင်းတူတယ်ဆိုရင် တူတဲ့အပိုင်းကိုဖြုတ်၊ မတူတဲ့အပိုင်းကိုမှ ပြည်ထောင်စု လွှတ်တော်ကို ပို့ရမှာဖြစ်ပါတယ်။ အားလုံးပို့တဲ့အတိုင်းကိုပဲ အရင်တုန်းက ကျွန်တော်တို့ပြောတဲ့ဥစ္စာကို အတည်ယူပြီးတော့မှ ကျန်တဲ့ဥစ္စာတွေကိုလုံးဝ မစဉ်းစားဘူးဆိုရင်လည်းပဲ မသင့်တော်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ အခုအိမ်ထောင်ဦးစီးဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ ဒါခုနတုန်းက ၂(ည) သူကအပိုထည့်တာ ဖြစ်ပါတယ်။ ထပ်ပြီးတိုးထည့်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်ကယ်စဉ်းစားရမှာက ဒီ ၂(ည) သည် ထည့်သင့်သလား၊ မထည့်သင့်သလားဆိုတဲ့ဥစ္စာကို စဉ်းစားရမှာဖြစ်ပါတယ်။ အဓိကကဒါပါပဲ။ အဲ့တော့ အိမ်ထောင်ဦးစီးရဲ့ အဓိပ္ပာယ်နဲ့ ပတ်သက်လို့စဉ်းစားပြီးတော့မှ ဒါကြီးကမှားတယ်၊ မှန်တယ်လို့ ပြောနေမယ့်အစား ဒီ ၂(ည)သည် ဒီဥပဒေထဲမှာ ထည့်ဖို့လိုသလား ကျွန်တော်တို့ကတော့ အရင်တုန်းက မလိုဘူးလို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ ဒါကြောင့် မလိုဘူးလို့ပြောခဲ့တဲ့အတွက် ဟိုကတော့လိုတယ် ဆိုပြီးအိမ်ထောင်ဦးစီးဆိုတဲ့ဥစ္စာနဲ့ ကျွန်တော်တို့ ပြောလာပါတယ်။ ဒါကြောင့် ဒီဥစ္စာကိုထည့်ဖို့လိုသလား၊ မလိုသလားကျွန်တော်တို့သဘောထားသိလို့ ကျွန်တော်တို့က အရင်အတိုင်းပဲ ထည့်ဖို့မလိုဘူးဆိုရင် တော့ ဒါပြည်ထောင်စုလွှတ်တော်ကို ဒီအချက်ပါသွားမှာဖြစ်ပါတယ်။ တစ်ကယ်လို့ ကျွန်တော်တို့က ထည့်ဖို့လိုတယ်။ အိမ်ထောင်ဦးစီးဆိုတဲ့ဥစ္စာနဲ့ ပတ်သက်လို့ ထည့်ဖို့လိုပါတယ်။ သူပြောတဲ့အတိုင်း ဒါသင့်တော်ပါတယ်။ ပိုပြီးတော့မှ ပြည့်စုံပါတယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ရင်တော့ ဒါပြည်ထောင်စု လွှတ်တော်မှာ ကျွန်တော်တို့ဆီက ပြန်ပို့တဲ့အချိန်ကျရင် ဒီအချက်သည် လျော့ကျသွားမှာ ဖြစ်ပါတယ်။ နို့မို့လို့ဆိုရင်တော့ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ကလည်း အချက်တွေအားလုံးတင် ဟိုဘက် ကလည်း သူတို့အချက်တွေအားလုံးတင်ဆိုရင် အဲ့ဒီမှာလည်းပဲ ပိုပြီးတော့မှ ရှုတ်ထွေးသွားမယ့်သဘော ဖြစ်ပါတယ်။ ဒါကြောင့် အဓိကဆုံးဖြတ်ပေးရမှာကတော့ အခု ၂(ည)မှာဆိုလို့ရှိရင် အိမ်ထောင်ဦးစီး ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရသတ်မှတ်ထားသော အိမ်ထောင်စု၊ လူဦးရေပုံစံ၊ စာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူကို ဆိုလိုသည်ဆိုတဲ့ဥစ္စာနဲ့ပတ်သက်လို့ကတော့ ဒါဥပဒေ အရဖော်ပြတဲ့လူဟာ အိမ်ထောင်ဦးစီးပဲဆိုတဲ့အတွက် အငြင်းပွားစရာမရှိပါဘူး။ ထည့်သင့်၊ မထည့်

သင့်ပဲ ကျွန်တော်တို့လွှတ်တော်ကနေ ဆုံးဖြတ်ပေးဖို့ပဲဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒီတစ်ခါတော့ ဥက္ကဋ္ဌတုံးထုပြီ။ ခုနက အစ ကျွန်တော်တို့ပေးခဲ့တဲ့ မူဝါဒ အတိုင်းပဲ ကျွန်တော်တို့ကနေပြီးတော့ ပြင်ဆင်ပေးလိုက်တဲ့ဥပဒေကြမ်း အမျိုးသားလွှတ်တော်ကိုပဲ ရောက်တယ်။ အမျိုးသားလွှတ်တော်က ဒီပြင်ဆင်ပေးလိုက်တဲ့ဥပဒေကြမ်းအပေါ်မှာ ထပ်ပြီးတော့သူက ကြည့်မယ်၊ ပြင်ဆင်မယ်။ အဲ့ဒီပြင်ဆင်တာတွေကို ကျွန်တော်တို့ဘက်ပြန်ရောက်မယ်။ ရောက်တဲ့အခါမှာ ကျွန်တော်တို့ ပြင်ဆင်ထားတာတွေကို သူပြင်ဆင်တဲ့ဟာ ပိုကောင်းတယ်ဆိုရင်တော့ ကျွန်တော်တို့ ဒါလက်ခံပေးရမယ်။ အဲ့ဒါမှမဟုတ်ဘဲနဲ့ အားလုံးကို ကိုယ်ကပြင်ဆင်ပြီးသား ဖြစ်တယ်။ အမျိုးသား လွှတ်တော်ရောက်တယ် အမျိုးသားလွှတ်တော်က ပြင်ဆင်တယ်။ ဒါကို ကျွန်တော်တို့က အလေးမထား ဘဲနဲ့။ ကိုယ့်ဟာကိုပဲ အလေးထားပြီးတော့ ကျန်တာအလေးမထားဘူးဆိုလို့ရှိရင် သဘာဝမကျဘူး။ ဒီမိုကရေစီနဲ့ပြောမယ်ဆိုလဲ မညီညွတ်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မူလပြောတဲ့အတိုင်းပဲ ဟိုဘက်ကပြင်လာတဲ့ဟာကို ကြည့်မယ်။ ကြည့်တဲ့အခါမှာ ပိုကောင်းတယ်ဆိုရင် လက်ခံရမှာ ပိုကောင်းတယ်ဆိုလက်ခံရမှာ မကောင်းဘူးဆိုရင် ဒါ လက်မခံရဘူး။ လက်မခံနိုင်တဲ့အတွက် ဒါ ပြည်ထောင်စုကို တက်မယ်။ အဲ့အခုတစ်ခါထပ်ပြီးတော့ ဒီထဲမှာ ပြဿနာတစ်ခုထပ်တက်တာက ဘာလဲ ကျွန်တော်တို့ထဲမှာတုန်းက ဒီဟာမပါဘူး။ ဒါပေမယ်လို့ အသစ်ပြဋ္ဌာန်းပေးလိုက်တယ်။ အဲ့ဒီ ပြဋ္ဌာန်းပေးတဲ့ဟာက ဒီထဲမှာဟုတ်လား မလိုဘူးဆိုလို့ရှိရင် ဒါ ပယ်ဖျက်ဖို့ပဲ၊ လိုတယ်ဆိုလို့ရှိရင် ဒါကိုပဲထည့်မယ်။ တစ်ကယ်လိုတယ် သိတယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဒါကို အတည်ပြုပေးရမယ်။ ဒါမှလည်းကျွန်တော်တို့ ဒါကြောင့်မို့လို့ နောက်ဆုံးကျတော့ မူလအတိုင်းပဲပြန်ဖြစ်သွားပါတယ်။ အဲ့ဒါကြောင့် တစ်ပိုဒ်ချင်းပဲသွားပါမယ်၊ အဲ့ဒီအခါမှာ ကျွန်တော်တို့ဘက်ကနော် အချိန်တော့ ထိုက်သင့် သလောက်ကြာမယ်။ ဒါပေမယ်လို့ တကယ်ကောင်းတဲ့ ကောင်းတယ်ဆိုတာ နိုင်ငံအတွက်အကျိုးရှိ အောင်ပြောတာလေ။ နော် နိုင်ငံအတွက်အကျိုးရှိမယ်။ အဲ့ဒီအခါကျရင်တော့ ကျွန်တော်တို့လက်ခံ ပေးရမယ်။ မကောင်းဘူးဟုတ်လား မကောင်းဘူး။ ကျွန်တော်တို့က ဒါ ကန့်ကွက်ရမယ်။ ကန့်ကွက်တယ် ဆို ဘယ်မှာဆုံးဖြတ်ရမလဲ သူတို့ကလဲအလေးထားတဲ့အတွက် ပြည်ထောင်စုလွှတ်တော်ကိုတင်မယ်။ ကျွန်တော်တို့ မကောင်းတာနဲ့ သူ့ဟာတစ်ခါတည်း ပယ်သွားလို့လဲမဖြစ်ဘူး။ သဘောတူရင် လက်ခုပ်တီးပါခင်ဗျ။(သြဘာသံများ)။ ကဲဒါကြောင့် စာမျက်နှာအမှတ်စဉ် ၂ ထပ်တိုးဖြည့်ထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက် အိမ်ထောင်ဦးစီးဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ် ထားသော အိမ်ထောင်စုဦးရေ စာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူဖြစ်သည်။

ဒါထည့်ရန် ထည့်ရန်လိုတယ် ဆိုတဲ့လူရှိရင်မတ်တတ်ရပ်ပါ။ မျက်မြင်ကတော့ ထည့်ရန်လိုတဲ့သူတွေက တော့ သာနေပြီ။ ထည့်ရန်လိုသည် ဒါတွေကလိုသည်နော်။ ဦးသာစိန်က မတ်တတ်ရပ်ပြီးသွားပြီလား။ ၉၉ ရယ်၊ ၆၀ ရယ်။ ထည့်ဖို့လိုတာနော။ ထည့်ဖို့လိုတာ၊ ထည့်ဖို့လိုတာပဲ ၂၈၄၊ ကြားနေမတ်တတ် ထပါခင်ဗျ။ ကြားနေမရှိဘူး။ ကန့်ကွက်။ ယုံကြည်ချက်။ ၉၅ ရပြီ။ အပေါင်းအနှုတ်နဲ့ လုပ်လိုက်တဲ့ အခါမှာ။ ငါ့ကိုထည့်တွက်ထားလား။ အိမ်ထောင်စုဦးစီးဆိုသည်မှာ ထည့်ဖို့လိုတာက ၂၈၄ မဲ၊ ကြားနေ မရှိ။ ကန့်ကွက် ၉၅ မဲ၊ ထည့်ရန်လိုက အနိုင်ရရှိပါတယ်။ (သြဘာသံများ)။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ၊ အခန်း ၂၊ ပုဒ်မ ၃ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက် ပေးထားပါတယ်။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာအုပ်စုကို ရှိရင်းစွဲအတိုင်းသတ်မှတ်သည်။ (ခ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ကျေးရွာများ၏ အမည်စာရင်းကိုရှိရင်းအတိုင်း ခေါ်ဝေါ်သုံးစွဲနိုင်သည်။ ဒီနှစ်ခုပဲရှိတယ်။ ဒါတွေအားလုံးဖျက်တယ်။ မူလတုန်းကကျွန်တော်တို့က ပုဒ်မ ၃ (က)၊ (ခ)၊ (ဂ)၊ (ဃ) (င)အထိ ရှိတယ်။ အဲ့ဒါတွေထဲက ကျန်တာတွေဖျက်ပြီးတော့ (က)နဲ့(ခ)ကိုပဲ ထည့်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော်ကပြင်ဆင်တယ်။ ဒီဘက်ကပြင်ဆင်မယ့်လူမရှိဘူး။ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို သဘောတူတဲ့လူမတ်တတ်ရပ်ပါ။ သဘောတူတဲ့လူ။ ကြားနေသူ မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူမတ်တတ်ရပ်ပေးပါ။ အားလုံးပဲကန့်ကွက်တယ်။ ဒါကြောင့်မို့လို့ မူလအတိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)။ စာမျက်နှာ ၄၊ ပုဒ်မ ၄၊ အခန်း ၂ အမျိုးသား လွှတ်တော်ကပြင်ဆင်ချက် မြို့၊ ရပ်ကွက်၊ ကျေးရွာများအုပ်စုနဲ့ ကျေးရွာများ၏နယ်နိမိတ်ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတ၏ အတည်ပြုချက် ဖြင့်ဆက်လက်ဆောင်ရွက်ရမည်။ ဒါက ဦးအောင်သိန်းကနေပြီးတော့ မူလအတိုင်း ဖြစ်ပါတယ်လို့ ပြောတာ။ ဒါကြောင့်မို့လို့ ဦးအောင်သိန်းက မူလအတိုင်းဘာကြောင့်ဖြစ်သင့်တယ်ဆိုတာကို လွှတ်တော် ကို တင်ပြပါ။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို တိုင်းနဲ့ပြည်နယ်အနေနဲ့ ကျွန်တော်က အရင်ဝန်ကြီးဌာနက လုပ်ထားတဲ့ လက်ရှိ ပြဋ္ဌာန်းချက်အတိုင်း ထားပေးပါတယ်လို့ ကျွန်တော်အဆိုတင်ပါတယ်။ ပြင်ဆင်ချက်အဆို

**ဥက္ကဋ္ဌ**။ ။ အကျိုးအကြောင်းဖော်ပြပါ။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ အကျိုးအကြောင်းက ဒီမှာ အမျိုးသားလွှတ်တော်က ပြောထားတာက အမည်ပြောင်းလဲရန်ပေါ်ပေါက်လျှင် သူကလုပ်ရမယ့်ကိစ္စ၊ ဒီဘက်မှာက ၂၊ ၄ မှာ

လက်ရှိပြဋ္ဌာန်းချက်မှာကျတော့ မြို့နယ်နိမိတ်သတ်မှတ်ထားတဲ့ကိစ္စဖြစ်ပါတယ်။ ကျေးရွာအုပ်စု၊ ကျေးရွာများသည် ဥပဒေအရပြင်ဆင်ဖွဲ့စည်းခြင်း မပြုသေးသ၍ သတ်မှတ်သည့်မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာများဖြစ်သည်ဟု မှတ်ယူရမည်လို့ ပါပါတယ်ခင်ဗျား။ အဲ့ဒါကြောင့်မို့ မူလသတ်မှတ်ထားတဲ့အတိုင်း ကျွန်တော်အဆို တင်ပြတာပါ။ အမျိုးသားလွှတ်တော်ကတော့ ပြောင်းလဲပြင်ဆင်ဖို့အတွက် သူကပြုထားတဲ့သဘော ဖြစ်လို့။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြင်ဆင်ချက်ကို ထောက်ခံတဲ့အချက်မှာ ကျွန်တော် ဥပဒေကြောင်းလေးတစ်ခု ရှင်းပြချင်လို့ပါ။ မူလလက်ရှိဝန်ကြီးဌာနက ရေးထားတဲ့စာဟာ ဥပဒေအရ ဆီလျော်မှုတပါတယ်။ ကျွန်တော်တို့စကားရပ်များ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေ ကျွန်တော်တို့ ဖွဲ့စည်းပုံမှာလည်း ဒါကိုဖော်ပြထားတာရှိပါတယ်။ အဲဒီမှာ ဥပဒေထုတ်ပြန် ခြင်းအာဏာသည် ရုပ်သိမ်းခြင်း။ အဲဒီမှာ ၁၉၀၇ မြို့ပြဥပဒေတို့၊ ကျေးလက်ဥပဒေတို့ ရုပ်လိုက်တဲ့ဟာက အဲဒီရဲ့အနက်အဓိပ္ပာယ်ဥပဒေအရ သဘောမပေါက်လို့သာ အမျိုးသားလွှတ်တော်က ပြင်တာပါ။ ဘာလည်းဆိုရင် အဲဒီဥပဒေအခန်းစကားရပ်များမှာ ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်ဖြင့် ရုပ်သိမ်းတယ်။ ယင်းသို့ ရုပ်သိမ်းခြင်း မပြုသည်က (က)ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်၏ အာဏာသက်ရောက်ခြင်းကို မထိခိုက်စေရ။ ထို့အပြင် ယင်းဥပဒေပြဋ္ဌာန်းချက်အရ နည်းလမ်းတကျပြုလုပ်ဆောင်ရွက်ခဲ့သည်ကို မထိခိုက်စေရလို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကြောင့် ၁၉၀၇ မြို့ပြရော၊ ကျေးလက်ရောအရ လုပ်ခဲ့တဲ့ကျေးရွာအုပ်စု၊ မြို့ရွာသတ်မှတ်ချက်က အဆိုပါဥပေဒများကို ရုပ်သိမ်းလိုက်ပေမယ့် တရားနည်းလမ်းတကျလုပ်ခဲ့တဲ့အတွက် မထိခိုက်ပါဘူး။ အဲဒါကြောင့် ဦးအောင်သိန်းတင်ပြတာက ဥပဒေကြောင်းအရကို မူလအတိုင်းထားသင့်ပါတယ်။ ဒါမူလဖွဲ့စည်းတာကို ပြောတာပါ။ ဒါဦးအောင်သိန်းအဆိုကို ဥပဒေအရ ထောက်ခံပါတယ်။ (ဩဘာသံများ)

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ ဒီအခန်း ၂၊ အပိုဒ် ၄ တစ်ခုတည်းကြည့်လို့မရပါဘူး။ အခန်း ၂၊ အပိုဒ် ၃ နှင့်အပိုဒ် ၄ က ဆက်နွယ်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကျွန်တော်တို့ အခန်း ၂၊ အပိုဒ် ၃ ကို မူလပြဋ္ဌာန်းချက်အတိုင်း ထောက်ခံပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခန်း ၂၊ အပိုဒ် ၄ ကိုလည်းပဲ မူလပြဋ္ဌာန်းချက်အတိုင်းပဲ ဖြည့်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးအောင်သိန်း၏ ထောက်ခံတာနဲ့ ဒါတစ်သားတည်းပုံစံဖြစ်ပါတယ်။ အပိုဒ်နှစ်ပိုဒ်ဟာ ရှင်းနေပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဲဒါကြောင့် မဲဆန္ဒယူပါမယ်။

**ဦး(　　မဲဆန္ဒနယ်)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ မြို့၊ မြို့နယ်၊ မြို့နယ်ခွဲဖွဲ့စည်းမှုကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော်အဆင့်ကသာ လုပ်ပိုင်ခွင့်ရှိတဲ့ကိစ္စဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်မှာလုပ်သမျှအားလုံးဟာ ပြန်တမ်းထုတ်ပြီးတော့မှ ယခင်အစိုးရအဆက်ဆက်မှာ လုပ်ခဲ့တဲ့ ကိစ္စဖြစ်နေပါတယ်။ သို့သော်လည်းပဲ ဒီဟာအမျိုးသားလွှတ်တော်က ပြင်ဆင်ပေးတဲ့ ဥပဒေတစ်ရပ်သည် ပြည်နယ်နဲ့တိုင်းဒေသကြီးဝန်ကြီးချုပ်များက　လုပ်ပိုင်ခွင့်ကို　သမ္မတဆီကတိုက်ရိုက်ယူပြီး လုပ်ရတဲ့ဟာကို　သက်ဆိုင်ရာဝန်ကြီးရုံးက　ပြန်ပြီးမှတ်တမ်းထုတ်ပေးရမယ့်　အဆင့်ဖြစ်နေတဲ့ အနေအထား　အခြေအနေမျိုးဖြစ်ပါတယ်။　လုပ်ငန်းသဘောအရ　သွားတော့မယ်ဆိုတဲ့အခါမှာ ဒီကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နယ်ခွဲအဆင့်အထိ ဖွဲ့စည်းမှုအားလုံးဟာ အမှုတွဲကအောက်ခြေကပဲ ထွေအုပ်ဦးစီးဌာနကတင်ပြီး လုပ်ရတာဖြစ်ပါတယ်။ ဝန်ကြီးဌာနက အမှုတွဲတင်ပြီးတော့မှ Cabinet မှာဆုံးဖြတ်တဲ့အဆင့်ဟာ　ဥပဒေအရရော၊　လုပ်ငန်းသဘောအရရော　အစဉ်အဆက်လုပ်လာတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့်　ဒီပြင်ဆင်ချက်ပေးတဲ့အဆိုကိုတော့　ဒါကန့်ကွက်သင့်ဖြစ်သင့်ကြောင်း အကြံပြု တင်ပြလိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ပြင်ဆင်ချက်ကို ထောက်ခံမယ့်လူရှိရင် မတ်တပ်ရပ်ပေးပါ။ ကြားနေမယ့်လူရှိရင်　မတ်တပ်ရပ်ပေးပါ။　ကဲဒါကြောင့်မို့လို့　အမျိုးသားလွှတ်တော်ရဲ့　ပြင်ဆင်ချက် ပယ်ဖျက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။　　။　စကားလုံးတော့　တူချင်မှတူမယ်။　အဓိပ္ပါယ်တော့တူပါတယ်။　ကန့်ကွက်များ ရှိလည်း ထကန့်ကွက်လို့ရပါတယ်။ ကဲနောက်ကျွန်တော်တို့ စာမျက်နှာ ၅၊ အမှတ်စဉ် ၅၊ အခန်း　၃၊ ၅(ခ) ဒါပြီးသွားပြီ။ ပြီးတယ်ဆိုတာဝန်ကြီးဌာနအသက် ၂၅ နှစ်၊ အမျိုးသားလွှတ်တော်က အသက် ၃၀၊ ဝန်ကြီးဌာန　အဆိုပြုချက်အပေါ်　ထန်းတပင်မဲဆန္ဒနယ်က　ဦးသိန်းရီက　ကန့်ကွက်ထားတယ်။ ကဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ပြင်ဆင်ချက်အဆိုကို ထောက်ခံမယ့်လူရှိရင် မတ်တပ်ရပ်ပေးပါ။　ကြားနေမယ့်လူရှိရင်မတ်တပ်ရပ်ပေးပါ။　ဒါကြောင့်မို့လို့　ကျန်တဲ့လူအားလုံးဟာ　အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ကို　ကန့်ကွက်တဲ့အတွက်　မူလအဆိုအတည်ဖြစ်ကြောင်း　ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။　　။ အမှတ်စဉ် ၆၊ အခန်း ၃၊ ၅(ဂ)သင့်တင့်သောပညာအရည်အချင်းရှိသူဖြစ်ခြင်း ဆိုပြီးတော့　ဝန်ကြီးဌာနကစခဲ့ပါတယ်။　ဒါကို　ပြည်သူ့လွှတ်တော်က　အတည်ဖြစ်ထားပါတယ်။ အမျိုးသားလွှတ်တော်က　ပညာအရည်အချင်းအသင့်အတင့်ရှိသူဖြစ်ခြင်း၊　ဝန်ကြီးဌာနအဆိုပြုချက် အတိုင်းထားရှိရန်ဆိုပြီး ဥပဒေကြမ်းကော်မတီကနေပြီးတော့ ဒီလိုပြင်ဆင်ထားပါတယ်။ ဒါကြောင့်မို့လို့

အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို ထောက်ခံမယ့်လူရှိရင် မတ်တတ်ရပ်ပါ။ ကြားနေမယ့်လူရှိရင် မတ်တပ်ရပ်ပါ။ ဒါကြောင့်မို့လို့ တစ်ယောက်ရှိတယ်။ သို့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို တစ်ယောက်ကပဲထောက်ခံပြီးတော့ ကြားနေမရှိ၊ ကန့်ကွက်များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာ ဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ အဓိပ္ပါယ်ကအတူတူပါပဲ။ စကားကလေး အမျိုးသားလွှတ်တော်က စကားအထားအသိုက ပိုမှန်ပါတယ်ဥက္ကဋ္ဌကြီး။ သူက သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းနဲ့ ပညာအရည်အချင်းအသင့်အတင့်ရှိသူဖြစ်ခြင်း အဓိပ္ပါယ်အတူတူပါပဲ။ ဒါပေမယ့် ပိုကောင်းတာ အမျိုးသားလွှတ်တော်က ပိုကောင်းပါတယ်။ သူကစကားအထားအသိုက

**ဥက္ကဋ္ဌ**။ ။ ဟုတ်ကဲ့ရပါတယ်။ ကဲဆရာမကြီး (ဩဘာသံများ)

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး**။ ။ ဒီစကားက မြန်မာစာရှုထောင့်က ကြည့်ရင်တော့မကွာဘူး လို့ပြောပေမယ့် ကျွန်တော့်အတွေ့အကြုံအရတော့ ကွာပါတယ်ခင်ဗျား။ ဘယ်လိုကွာသလဲဆိုရင် ပညာအရည်အချင်း အသင့်အတင့်ရှိသူဖြစ်ခြင်းဆိုတာက ရေးတတ်၊ ဖတ်တတ်လား။ သူက အဲဒီလောက်ရှိရင်ကိုပဲ ရနိုင်တဲ့သဘောရှိပြီးတော့ သင့်တင့်သောပညာအရည်အချင်းရှိသူဆိုတာက သတ်မှတ်တဲ့ဟာက ရှိသင့်ပါတယ်။ ၄ တန်းအောင်ထားတာလား။ ၁၀တန်းအောင်လား။ ဘွဲ့ရလား။ ဒီလိုသင့်တင့်တဲ့ဟာကို လုပ်နိုင်တဲ့အတွက် ကျွန်တော် ဒီမူလပြောထားတဲ့ သင့်တင့်သောပညာအရည်အချင်းက ရှိသူဖြစ်ခြင်းက ပိုပြီးသင့်တော်တယ်လို့ မြင်ပါတယ်။ (ဩဘာသံများ)

**လွှတ်တော်ကိုယ်စားလှယ်တစ်ဦး**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းဆိုတဲ့နေရာမှာ သင့်တင့်သောသူသည် နာမဝိသေသနဖြစ်ပါတယ်။ ပညာအရည်အချင်းဆိုတာ Noun နာမ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာ မြန်မာစာသဒ္ဒါအရ ဖွဲ့စည်းဆိုလို့ ရှိရင် ပိုပြီးကိုက်ညီပါတယ်။ သင့်တင့်သောပညာအရည်အချင်း တစ်ဖက်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်နဲ့ ပေးပို့လာတဲ့အဆိုကတော့ ပညာအရည်အချင်း အသင့်အတင့်ရှိသူဖြစ်ခြင်းဆိုတာ အသင့်အတင့်သည် ကြိယာဝိသေသနဖြစ်ပါတယ်။ အသင့်အတင့်ချောသည်။ အသင့်အတင့်လှသည်။ နောက်ကနေ ကြိယာလိုက်ရပါမယ်။ ဒါမြန်မာစာသဒ္ဒါအရဆိုလို့ရှိရင် ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်သည် အမှန်ဖြစ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရပြီ။ ခုနက မဲခွဲပြီးပြီ။ မဲခွဲပြီးတဲ့အခါမှာ မူလကအတည်ပဲ။ ထပ်ပြီးကြေညာပါမယ်။ မူလအတိုင်းသင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်းသည်အတည်ဖြစ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါမယ်။ ဥက္ကဋ္ဌအတွက်လည်း နည်းနည်းလေး အချိန်ပေးပါအုံး။

**အခမ်းအနားမှူး**။ ။ ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၅ မိနစ်ရပ်နားပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ အချိန်ပေါ်မူတည်ပြီးတော့ မြန်အောင်နဲ့မှန်အောင်ဆိုပြီးတော့ စဥ်းစားဆောင်ရွက်တဲ့နေရာမှာ အယူအဆ အနည်းငယ်ကွဲလွဲတဲ့အတွက် အချိန်ပိုပြီးတော့ သုံးလိုက်ရပါတယ်။ ဒီဥပဒေကြမ်းကို ဒီနေ့ပြီးအောင်ဆက်လုပ်မယ်ဆိုလည်း အချိန်အများကြီးနှောင့်နှေးသွားမှာဖြစ်တဲ့အတွက် ဆက်ပြီးတော့ ကျွန်တော်တို့မလုပ်တော့ပါဘူး။ ကျွန်တော်ပန်ကြားချင်တာကတော့ မိမိတို့လက်ဝယ်ရောက်ရှိလာတဲ့ ဥပဒေကြမ်းများကို ဖတ်ရှုလေ့လာပြီးတဲ့အခါမှာ တကယ်လို့ပြင်ဆင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သတ်မှတ်ထားတဲ့ရက်အလိုက် ဒီလိုပေးပို့မယ်ဆိုလို့ရှိရင် ဒီအစည်းအဝေးမှာ မြန်မြန်ဆန်ဆန်နဲ့ပြီးသွားနိုင်မယ့်သဘောရှိပါတယ်။ တကယ်လို့သာ မိမိတို့ဒီဟာတွေဖတ်ပြီးတဲ့အခါမှာ ပြင်ဆင်ချင်တယ်ဆိုလို့ရှိရင် ပြင်ဆင်တဲ့လူက ဘယ်အဆို၊ ဘယ်အပိုဒ်ကိုပြင်ဆင်မယ်လို့ စာရင်းပေးလိုက်တဲ့အခါမှာ ရရှိလာတဲ့ စာရင်းတွေပေါ်မူတည်ပြီးတော့ ကျွန်တော်ဥပဒေကြမ်းကော်မတီနဲ့ ပါဝင်ပတ်သက်တဲ့ လူတွေကိုခေါ်ပါ။ ခေါ်ပြီးတဲ့အခါမှာ တူရာတူရာစုစည်းလိုက်ပါတယ်။ လူ ၁၀ ယောက်က ဒီကိစ္စနဲ့ ပတ်သက်လို့ တူညီတယ်ဆိုရင် ၁၀ ယောက်စာ တစ်ယောက်ပဲလုပ်ပါမယ်။ တကယ်လို့ဗျာ။ အားလုံး တူတယ်ဆိုရင် အားလုံးအစား တစ်ယောက်ပဲလုပ်ပါမယ်။ အဲဒါဆိုလို့ရှိရင် အစည်းအဝေး လုပ်တဲ့အခါမှာ လျင်လျင်မြန်မြန်နဲ့ပြီးသွားနိုင်တဲ့အနေအထားရှိပါတယ်။ အခုအဲလိုမလုပ်နိုင်တဲ့အတွက် အစည်းအဝေး မှာလာပြီးတော့ ကြန့်ကြာတဲ့သဘောရှိပါတယ်။ ကြန့်ကြာတဲ့သဘောမှာလည်း ခုန ကျွန်တော်တင်ပြသလိုပဲ ကျွန်တော်တို့ စဥ်းစားတဲ့အခါမှာ ကျွန်တော့်ဘက်ကတော့ အခြေခံကျကျ မည်သည့်ကိစ္စမဆို Reasonable ဆိုတဲ့ပေတံနဲ့ တိုင်းပါတယ်။ နောက်တစ်ခုက Logic ပြီးတဲ့အခါ မျှတခြင်းဆိုတာနဲ့ တိုင်းပြီးတဲ့အခါမှာ ဒီလိုပဲလုပ်ငန်းများကို ဖော်ဆောင်တဲ့သဘောရှိပါတယ်။ ကျွန်တော်တို့ ပြင်ထားတာဟာ ကျွန်တော်တို့ ပြင်ထားပြီးပြီဖြစ်တဲ့အတွက် ဒီဟာအမှန်ပဲ။ ကျန်တဲ့လူ လာပြင်လို့ရှိရင် လက်မခံဘူး။ လက်ခံရင်လည်း ကန့်ကွက်မယ်ဆိုတဲ့အနေအထား မဟုတ်ဘဲနဲ့ပြင်ပါ။

ပြင်တဲ့ဟာသည် ကျွန်တော်တို့ထက်ပိုကောင်းမယ့် ပြင်ဆင်ချက်မျိုးဆို ကျွန်တော်ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်။ သို့ရာတွင် ပြင်တဲ့ဟာက ကျွန်တော်တို့ထက် မကောင်းဘူးပြောမယ်ဆိုရင် အများအတွက် အကျိုးမရှိဘူး။ နိုင်ငံအတွက်အကျိုးမရှိဘူးဆိုလို့ရှိရင်တော့ ဒါကန့်ကွက်ရမယ်။ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ကလည်းဒါပဲ။ ဒါကြောင့်မို့လို့ ဒီစေတနာနဲ့ဒီရည်ရွယ်ချက်၊ ဒီဆင်ခြင်တုံ တရားအပေါ်မှာပဲ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီဟာသည် အရာရာမှာ ဆောင်ရွက်မယ့်ကိစ္စများ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်ခုန ကျွန်တော်တင်ပြခဲ့တဲ့ ဒီမိုကရေစီပါပဲ။ နောက်တစ်ခုကျတဲ့ အခါကျတော့ ဒါကတော့ စကားနည်းနည်းလေး ရိုင်းချင်လည်း ရိုင်းပါလိမ့်မယ်။ ငါနဲ့မတူငါ့ရန်သူ မဖြစ်ဖို့လိုပါတယ်။ ငါနဲ့မတူတာက မတူတာပဲလေ။ ငါ့ရန်သူတော့ မဟုတ်ဘူးဆိုတဲ့အနေအထားမျိုးဖြစ်အောင် ဒီလိုပဲစဉ်းစားသွားဖို့ ဒါနဲ့ဆက်စပ်ပြီး ကျွန်တော်မနက်က လွှတ်တော်ရဲ့အစပိုင်းမှာ ကျွန်တော်တင်ပြခဲ့ပါတယ်။ ကျွန်တော်မနက်က တင်ပြခဲ့တာက ၁-၁၁-၂၀၁၁ နေ့မှာ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်ချမှတ်ခဲ့တာကို အမျိုးသားလွှတ်တော်က ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း မနေ့ည ၂-၁၁-၂၀၁၁(၀၈း၀၀) နာရီအချိန်တွင် မြန်မာ့ရုပ်မြင်သံကြား တီဗွီတွင် ကြားမြင်ခဲ့ရပါတယ်။ မိမိတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် Reciprocal control check and balance အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုလုပ်နိုင်ရေးတွင် ပါဝင်ဆောင်ရွက်နိုင် ရန် အဆင့်အတန်းနှင့် အခွင့်အာဏာတူသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်ပါတယ်။ လွှတ်တော်နှစ်ရပ်ကြား အမြင်မတူမှု၊ သဘောထားကွဲမှုများရှိနေကြသည်မှာလည်း သဘာဝကျပါတယ်။ ထိုသို့ အမြင်မတူမှု၊ သဘောထားမညီမျှမှုများရှိက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူမှာဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ ကျွန်တော်တို့အမြင်နဲ့ သဘောထားမတူညီတဲ့ ဥပဒေကြမ်းကိစ္စများကိုလည်း ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ အခြားအခြားအမြင် မတူတဲ့သဘောထားကွဲလွဲတဲ့ကိစ္စကို ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်ဟာ ကျွန်တော်တို့နိုင်ငံမှာ အမြင့်ဆုံးသောအဖွဲ့အစည်းဖြစ်ပါတယ်။ ဒီကိုတင်ပြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ ၂၈-၁၀-၂၀၁၁ အစည်းအဝေးပြီးနောက် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးများ၏ ဖြစ်စဥ်များသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်နာယကအပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟုမယူဆပါ။ ဂုဏ်သိက္ခာများပင် ပိုမိုကောင်းမွန် လာသည်ဟုယူဆပါတယ်။ ယခု လွှတ်တော်နှင့်လွှတ်တော်ကိုယ်စားလှယ် အသီးသီးပြောဆို ဆွေးနွေးမှု များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို နည်းလမ်းမှန်ကန်စွာ၊ လေးစားလိုက်နာကြရေးအတွက်

ဆောင်ရွက်နေကြသည်ဟု မှတ်ယူယုံကြည်ပါတယ်။ ကျွန်တော်တို့ဒီတိုင်းပဲခံယူတယ်။ ဒီတိုင်းပဲလုပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့မှန်ကန်တဲ့ လုပ်ငန်းစဥ်များကို ဆက်လက်ဆောင်ရွက်ပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော့်ဘက်က၊ ဥက္ကဋ္ဌဘက်က လိုအပ်တာများ ရှိတယ်ဆိုလို့ရှိရင် ကျွန်တော်အရင် ဖွင့်ထားတဲ့အတိုင်းပဲ အကြံပေးပါ။ ဒီအကြံဉာဏ်ကို ကျွန်တော်အမြဲတမ်းစောင့်မျှော်နေပါတယ်။ ကျွန်တော်တို့နဲ့ ဆွေးနွေးလုပ်ကိုင်တဲ့နေရာမှာ ပေးသင့်တဲ့အကြံမပေးဘဲနဲ့ထားမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့အတွက်တော့ ကောင်းမွန်တဲ့အခွင့်အရေးများ ဆုံးရှုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြံပေးပါ။ ဒီအပေါ်မူတည်ပြီး ကျွန်တော်တို့ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ဒီမှာ တင်ပြလိုပါတယ်။ ဒါနဲ့တစ်ဆက်တည်းပဲ ကျွန်တော်တို့ဒီလွှတ်တော်မှာလည်း တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များလည်းပါပါတယ်။ အမျိုးသားလွှတ်တော်မှာလည်း တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များလည်းပါပါတယ်။ ခုနပြောသလိုပဲ အမြင်မတူဘူးဖြစ်တဲ့အတွက် ဒီအမြင်မတူတာပေါ်မူတည်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ဆန့်ကျင်သူများ၊ ရန်ဖြစ်သူများ မဟုတ်ကြပါ။ ဒီအမြင်မတူတာကို အမြင်တူအောင် ညှိနှိုင်းဆောင်ရွက်ပေးမယ့်ဌာနတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးကိုလည်း ဖြစ်ပျက်တဲ့ကိစ္စကို အသေးစိတ်ပြန်ပြီးတော့ မတင်ပြပါဘူး။ အားလုံးသိပြီးဖြစ်တဲ့အတွက် ဒီကိစ္စဒီလောက်ပဲ တင်ပြလိုပါတယ်။

ဒီနေရာမှာ ကျွန်တော်မနက်တုန်းက ဒေါ်ဒွဲဘူတင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ အဆိုကို ကျွန်တော်တို့ လက်ခံပြီးတော့ ဆွေးနွေးပါတယ်။ ဒီနေရာမှာ လက်ခံဆွေးနွေးပေမယ့် ကျွန်တော့်စိတ်ထဲမှာက အမှန်အတိုင်းပြောမယ်ဆိုရင် တပ်မတော်နဲ့ KIO, KIA ပဋိပက္ခများသည်ဆိုတဲ့ စကားလုံးက နည်းနည်းလေးတစ်မျိုးတစ်မျိုး ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်လို့ ဒေါ်ဒွဲဘူဘက်ကလည်း သုံးသပ်ချက်ထဲမှာတော့ မထည့်လိုက်ပါဘူး။ နောက်ပိုင်းကျွန်တော်ပြန်ပြီးတော့ သုံးသပ်ပြီးတော့ တင်ပြမယ်ဆိုတဲ့သဘော ဖြစ်နေတာကတော့ ခုနတပ်မတော်နဲ့ KIO, KIA တင်မကပါဘူး။ အခြားအခြားသော နေရာတွေမှာလည်း ကချင်ပြည်နယ်မှာလည်း၊ အခြားဟာတွေလည်း ရှိနိုင်တဲ့သဘောရှိပါတယ်။ သဘောဘာလည်းဆိုရင် တပ်မတော်နဲ့ KIO, KIA အစား KIO, KIA အချင်းချင်းလည်း ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဘာတွေဖြစ်နေလည်းဆိုတာ ဒေသခံတွေအများကြီး ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီစကားလုံးလေးကိုလည်း နည်းနည်းလေးပြန်ပြီးတော့ သုံးသပ်ပြီးတော့ လျှော့ဖို့လိုပါလိမ့်မယ်။ အဲဒီအတိုင်းပဲ ကျွန်တော်မနက်က ဥပမာတင်ပြသွားသလို ငြိမ်းချမ်းရေးအလိုချင်ဆုံးကတော့ အမှန်အတိုင်းပြောမယ်ဆိုရင် ကျွန်တော်တို့၊ ကျွန်တော်တို့ဆိုတာ အခုတော့ မဟုတ်ဘူးနော်။ တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေအတွက် အမြတ်နိုးဆုံးပါပဲ။ တိုက်ပွဲ

မရှိဘူးဆိုလို့ရှိရင် ကြိုက်ပါတယ်။ ဒါအမှန်အတိုင်းပါ။ မင်းဘာဘွဲ့၊ ညာဘွဲ့ရမယ်။ တစ်ကယ်တမ်း တိုက်ပွဲမဖြစ်ချင်ပါဘူး။ မလွှဲသာလို့သာ ကျွန်တော်တို့ဖြစ်ခဲ့ရတာပါ။ အထူးသဖြင့်တော့ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း ဒီလိုမဖြစ်ချင်ပါဘူး။ မလွှဲသာလို့သာ အဲဒီနေရာမှာ ဒီလိုတိုက်ပွဲများကြောင့် တင်ပြခဲ့သလို တိုင်းရင်းသားညီအစ်ကိုလက်နက်ကိုင်အဖွဲ့အစည်းများ သေဆုံးရသလို ဒဏ်ရာရရှိသလို ကျိုးပြတ်ခဲ့ရသလို နောက်တစ်ခါ ပြည်သူလူထုမှာလည်း များစွာဖြစ်တယ်။ အဲဒီအတိုင်းပဲ တပ်မတော်သားများမှာလည်း များစွာဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မနက်ကတုန်းက လှမ်းပြီးကြည့်တယ်။ ဒီဘက်ကိုကြည့်တယ်။ ဒီဘက်ကများတင်ပြမလား။ တပ်မတော်သားတွေမတင်ပြ ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေကို မေးမြန်းချင်ပါတယ်။ ဒီလို ပြည်တွင်းပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် တပ်မတော်သားများ EA-1 ခေါ်တဲ့ ခြေထောက် နှစ်ဘက်ပြတ်တို့၊ မျက်လုံးနှစ်လုံးမရှိတို့ ဒီမိုင်းကြောင့်ပေါ့လေ။ EA-1 ဘယ်လောက်ရှိတယ်။ EA-2 ဘယ်လောက်ရှိတယ်။ NEA ဘယ်လောက်ရှိတယ်ဆိုတာ သက်ဆိုင်ရာတာဝန်ရှိတဲ့ တပ်မတော် ကိုယ်စားလှယ်က ကျွန်တော်တို့ ဒီမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များသိရှိအောင် တင်ပြပေးဖို့ ဖိတ်ခေါ် ပါတယ်။

**ဗိုလ်မှူးကြီးဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သလို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးက ဒုတိယညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်နေသူလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ တပ်မတော်အတွင်းမှာရှိတဲ့ ဆေးအဆင့်နိမ့်စစ်သည်အင်အားစာရင်းကို ကျွန်တော်တို့ ဌာနအနေနဲ့ ထိန်းသိမ်းတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ဒီလိုထိန်းသိမ်းတဲ့နေရာမှာ ကျွန်တော်တို့ EA ဆိုတာ Enemy Action ခေါ်ပါတယ်ခင်ဗျား။ EA-1 ဆိုတာသည် ကျွန်တော်တို့ ရှေ့တန်းစစ်ဆင်ရေးမှာ တာဝန်ထမ်းဆောင်ရင်းနဲ့ ကျွန်တော်တို့ခြေလက်အင်္ဂါစွန့်လွှတ်ခဲ့ရတဲ့ စစ်သည်များကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ခြေလက်အင်္ဂါစွန့်လွှတ်သည်ဆိုတာကတော့ ကျွန်တော်တို့ မျက်လုံးစွန့်လွှတ်ခြင်း၊ လက်တစ်ဖက်စွန့်လွှတ်ခြင်း၊ ခြေတစ်ဖက်စွန့်လွှတ်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မျက်လုံးနှစ်ဖက် စွန့်လွှတ်တဲ့လူလည်းရှိပါတယ်။ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်လုံးစွန့်နေတဲ့လူလည်းရှိပါတယ်။ EA-2 ဆိုတာတော့ ကျွန်တော်တို့ရှေ့တန်းစစ်ဆင်ရေးမှာ ထိခိုက်ဒဏ်ရာရရှိပြီးတော့ ဒဏ်ရာရရှိ ပြီးတော့ ကျွန်တော်တို့ ကိုယ်လက်အင်္ဂါမစွန့်လွှတ်ခဲ့ရတဲ့စစ်သည်များကို ကျွန်တော်တို့ EA-2 လို့ခေါ်ပါ

တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိထိန်းသိမ်းထားတဲ့ စာရင်းဇယားများအရဆိုလို့ရှိရင် တပ်မတော်တစ်ရပ်လုံးမှာ စတင်ထားသော ၁၉၈၇ ခုနှစ်မှ ယခုအချိန်အထိ EA-1 အရာရှိ ၆၇၆ ယောက်၊ အခြားအဆင့် ၁၂၂၉၇ ဦး၊ စုစုပေါင်း ၁၂၉၇၃ ယောက်ရှိပါတယ်။ EA-2 ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အရာရှိ ၃၂၅ ယောက်၊ အခြားအဆင့် ၁၂၇၀၂ ယောက်၊ စုစုပေါင်း ၁၃၀၁၇ ဦး ဖြစ်ပါတယ်။ နှစ်ခုပေါင်းမယ်ဆိုလို့ ရှိရင်တော့ အရာရှိပေါင်း ၉၉၁ ယောက်နဲ့ အခြားအဆင့် ၂၄၉၉၉ ယောက်၊ စုစုပေါင်း ၂၅၉၉၀ ယောက်ဖြစ်ပါတယ်။ လက်ရှိတပ်မတော်အတွင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ အင်အားအရကြည့်မယ်ဆိုလို့ရှိရင် EA-1 ဟာ ကျွန်တော်တို့အရာရှိ ၁၄ ယောက်၊ အခြားအဆင့် ၁၉၃၇ ယောက်၊ EA-2 ဟာ အရာရှိ ၅ ယောက်၊ အခြားအဆင့် ၉၄၁ ယောက်ဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ EA-1၊ 2 တာဝန်ထမ်းဆောင်တဲ့စစ်သည်များစုစုပေါင်းဟာ ၂၂၈၉၆ ယောက် ရှိကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မနက်ကတုန်းကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တင်ပြသွားတဲ့ ကွယ်လွန်အနိစ္စရောက်ခြင်းနဲ့ ပတ်သက်လို့ တပ်မတော်သားကိုယ်စားလှယ်များရဲ့ သဘောထားများ ရှိလို့ရှိရင်လည်း တင်ပြပေးပါ။

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး တင့်ဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ နံနက်ပိုင်းမှာ ဥက္ကဋ္ဌကြီးအမိန့်ရှိခဲ့တဲ့ ပဲခူးတိုင်း၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းနဲ့ပတ်သက်လို့ ထောက်ပံ့လှူဒါန်းခြင်းမှာလည်း ကျွန်တော်တို့ တပ်မတော်သားတွေ အနေနဲ့ စိတ်အားထက်သန်စွာ လှူဒါန်းမည်ဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီ့ယခင် မကွေးတိုင်း ရေဘေးထောက်ပံ့ကူညီမှုများမှာလည်း ကျွန်တော်တို့ တပ်မတော်သားအားလုံးက စိတ်ရင်းစေတနာအပြည့်နဲ့ လှူဒါန်းမှု ပြုခဲ့ပါတယ်။ အလားတူပဲ နောင်မှာ ထောက်ပံ့လှူဒါန်းမှုများ ပေါ်ပေါက်မည်ဆိုပါကလည်း ကျွန်တော်တို့ တပ်မတော်သားများအနေနဲ့ စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခုနကတင်ပြသွားတဲ့ တပ်မတော်သားအရာရှိစစ်သည်များဟာ သောင်းချီပါတယ်။ အားလုံးလည်းစိတ်နဲ့မှတ်မယ်ဆိုရင် သောင်းဆိုတာတစ်သောင်းမကပါဘူး။ နှစ်သောင်းမကပါဘူး။ ဒါကျဆုံးတဲ့စာရင်းတွေမပါပါဘူး။ အဲဒီတပ်မတော်သားတွေက ဘယ်သူလည်းဆိုတော့ ကျွန်တော်တို့ နိုင်ငံသား ကချင်ပါမယ်။ ကရင်ပါမယ်။ ရှမ်းပါမယ်။ ဒီမှာမြန်မာပါမယ်။ ရခိုင်ပါမယ်စသည်ဖြင့် ဒါဖြင့်

ခုနက ကျွန်တော်တို့နဲ့ လက်နက်ကိုင်တိုက်ပွဲဝင်တယ်ဆိုတဲ့သူတွေကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေပါ။ ကြားမှာသေဆုံးသွားတာလည်း ကျွန်တော်တို့နိုင်ငံသားတွေပါ။ ဒီနေ့ခုနက EA-1 ၊ EA-2 ဆိုတဲ့ ဒီမိုင်းနဲ့ပတ်သက်လို့ ဒဏ်ရာရတယ်ဆိုတာလည်း ကျွန်တော်တို့ကိုတော့ အမျိုးမျိုးပြောဆိုပေမယ့်လို့ အင်အားကြီးသူနဲ့ အင်အားငယ်သူနှစ်ခုရှိတဲ့နေရာမှာ မိုင်းစစ်ဆင်ရေးကို ဘယ်သူသုံးလဲဒါခန့်မှန်းလို့ ရပါတယ်။ အဲဒါကြောင့်မို့လို့ ဖာပွန်ဒေသ ယနေ့ဆိုရင် အကျွမ်းဝင်သလောက်ပြောမယ်ဆိုရင် ကရင်ပြည်နယ် ဟိုဘက်က အဇင်းတို့၊ ကျိုက်ထို၊ နောက်တစ်ခါ ပဲခူးတိုင်း၊ ကျောက်ကြီး၊ ရွှေကျင်နယ်စပ်တွေမှာလည်း မိုင်းကြောင့် ဒဏ်ရာများစွာရပါတယ်။ ဒီဟာတွေ ဘယ်သူသုံးလဲဆိုတဲ့နေရာမှာ ကျွန်တော်တို့ညီအစ်ကို တွေပဲသုံးတယ်။ ကျွန်တော်တို့ ညီအစ်ကိုတွေပဲ ဒဏ်ရာရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒါလေးကို အဓိကထားတင်ပြချင်တာပါ။ တပ်မတော်သားတွေဆိုတာလည်း တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားပါတယ်။ ဒီနေ့တပ်မတော်နဲ့ ပတ်သက်လို့ အမျိုးမျိုးဝေဖန်ထားတာတွေလည်းရှိပါတယ်။ မှန်တာလည်းရှိပါတယ်။ မှားတာလည်းရှိပါတယ်။ လွဲတာလည်းရှိပါတယ်။ သေချာတာကတော့ တပ်မတော်မှာရောက်နေတဲ့ တပ်မတော်သားတွေဟာ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေပါ။ သားသမီးတွေလည်းဖြစ်ပါတယ်။ တပ်မတော်အား အမျိုးမျိုးပြောပေမယ့်တပ်မတော်ဟာ ဘယ်လိုဘယ်ဝါပြောပေမယ့် ဒီနေ့တပ်မတော်သားတစ်ယောက် ဖြစ်ဖို့ဆိုတဲ့နေရာမှာတပ်မတော်ထဲဝင်ချင်တဲ့လူနည်းပါတယ်။ ဝင်လာတဲ့လူတွေ ဘယ်လိုလည်းဆိုတာလည်း ပြန်သုံးသပ်လို့ရနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော် ဒါဘာပြောတာလည်းဆိုတဲ့အခါ ပြည်တွင်းစစ် သို့မဟုတ်လို့ရှိရင်ပဋိပက္ခဖြစ်နေခြင်းဟာ နိုင်ငံအတွက်များစွာဆုံးရှုံးပါတယ်။ ဒါကြောင့်မို့လို့ အဲလိုမဖြစ်ရေးအတွက်ကျွန်တော်တို့အဆိုမှာပါတဲ့အတိုင်းပဲ အားလုံးဝိုင်းဝန်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ စစ်တိုက်လို့လည်းမရဘူး။ အားလုံးဝိုင်းဝန်းဆောင်ရွက်မှ အစိုးရတစ်ရပ်နဲ့လည်းမရဘူး။ အကုန်လုံးပါဝင်ဆောင်ရွက်ရမယ်။ ဒီကိစ္စဟာ အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်မှတ်ယူပေးဖို့တင်ပြလိုပါတယ်။ ဒီနေ့အတွက်အစည်းအဝေးကို ဒီမှာရပ်နားပါမယ်။ နောက်တစ်နေ့အစည်းအဝေးကို မနက်ဖြန် ၁ဝး၀၀ နာရီအချိန်မှာ ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။